# နီးသောအကြောင်း သန္တိကေနိဒါန်း

**ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။**

ဤစကားရပ်ကို ပထမ သံဂါယနာတင်စဉ်က အရှင်မဟာကဿပ မထေရ်ကြီးက မေးမြန်း၍ အရှင်အာနန္ဒမထေရ်က ပြန်လည်ဖြေကြားသော ဤသုတ်၏ နိဒါန်းစကား ဖြစ်သည်။

## ဓမ္မစကြာဟူသည် အဘယ်ကို ခေါ်သနည်း?

မြတ်စွာဘုရား၏ သန္တာန်တော်၌ဖြစ်သည့် မဂ်ဉာဏ်လေးပါးတည်းဟူသော **ပဋိဝေဓဉာဏ်၊ ဒေသနာဉာဏ်၊ ဤဉာဏ်တော် ၂-ပါးကို ဓမ္မစကြာဟု** ခေါ်သည်။

**အကျယ်ရှင်းချက်။** ။ မဟာဗောဓိပလ္လင်၌ ထိုင်နေတော်မူသော ဘုရားလောင်းသန္တာန်၌ ဖြစ်ပွားသည့် သစ္စာလေးပါးတို့၌ တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မဂ်ဉာဏ်လေးပါးသည်၎င်း၊ မိဂဒါဝုန်တော၌ ထိုင်နေတော်မူကာ ဓမ္မစကြာတရားဦးကို ဟောတော်မူသော မြတ်စွာဘုရား၏ သန္တာန်တော်၌ဖြစ်သော သစ္စဒေသနာတော်ကို ဖြစ်စေတတ်သော ဒေသနာဉာဏ်တော်သည်၎င်း "**ဓမ္မစကြာ**" မည်လေသည်။

ထိုဉာဏ်နှစ်ပါးလုံးပင် ရန်သူကို နှိမ်နင်းသတ်ဖြတ်နိုင်သော စက်လက်နက်ပမာ ကိလေသာ ရန်သူတို့ကို နှိမ်နင်းသတ်နိုင်သောကြောင့် ဓမ္မစက္က(**စက်လက်နက်နှင့်တူသော ဉာဏ်တော်နှစ်ပါး**) "**ဓမ္မစကြာ**" မည်လေသည်။

ထိုဉာဏ်နှစ်ပါးလုံးပင် ဘုရားရှင်၏ နှလုံးရင်တွင်း၌ဖြစ်သော ဉာဏ်သာလျှင် ဖြစ်၏။ ထိုဉာဏ်နှစ်ပါးလုံးကို ဤတရားဦးဒေသနာဖြင့် ထင်စွာပြတော်မူသော မြတ်စွာဘုရားသည် ဓမ္မစကြာကို လည်စေအပ်, ဖြစ်စေအပ်သည် မည်၏။ ထိုဓမ္မစကြာကို အရှင်ကောဏ္ဍညမထေရ်နှင့် ဗြဟ္မာ ၁၈-ကုဋေတို့ သောတာပတ္တိဖိုလ်၌ တည်ဆဲခဏတိုင်အောင် ဘုရားရှင်သည် ဖြစ်စေဆဲ=လည်စေဆဲ မည်၏။ ၎င်းတို့ သောတာပတ္တိဖိုလ်၌ တည်ပြီးချိန်မှ စ၍ ဘုရားရှင်သည် ဓမ္မစကြာကို လည်စေအပ်ပြီး, ဖြစ်စေအပ်ပြီး မည်လေ၏။

အကြောင်းကား ကဿပဘုရားရှင် သာသနာကွယ်သည်မှ စ၍ ဤဘုရားပွင့်တော်မူသည့် တိုင်အောင် ဤမျှ ရှည်လျားသော ကာလပတ်လုံး တစ်ဦးတစ်ယောက်မျှ မဖြစ်စေဘူး, မလည်စေဘူးသော ဤဉာဏ်တော်နှစ်ဖြာ ဓမ္မစကြာကို ဖြစ်စေ, လည်စေခြင်းကိစ္စ ပြီးသောကြောင့်တည်း။

(သာရတ္ထဋီ၊၃၊စာ-၁၈၁။ ခန္ဓသံ၊ဋ္ဌ၊၂၆၆။

ဤအရာဝယ် ပဋိဝေဓခေါ်သော မဂ်ဉာဏ်လေးပါးတို့ သစ္စာလေးချက် သိကြရာ၌ နိရောဓသစ္စာ= နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိကြ၏။ ကျန်သောသစ္စာသုံးပါးတို့ကိုကား ကိစ္စသိဒ္ဓိအားဖြင့် သိကြသည်ဟု မှတ်ယူရာ၏။ ကိစ္စသိဒ္ဓိအားဖြင့် သိကြခြင်းဟူသည်မှာ မဂ်ဉာဏ်က သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟ-အဝိဇ္ဇာ ကိလေသာကို ပယ်သတ်လိုက်သဖြင့် ထိုခဏ(မဂ်ခဏ)မှာပင် သစ္စာလေးပါး ကို သိခြင်းကိစ္စ ပြီးပြီးသား ဖြစ်သည်ကို ဆိုလိုသည်။ (မဟာဗုဒ္ဓဝင်၊ တွဲ-၅၊ စာ-၇၆၁-၂။)

**ဖြစ်ပေါ်ရာအချိန်**

(က) မဟာသက္ကရာဇ် ၁ဝ၃-ခု၊ ကဆုန်လပြည့်နေ့တွင် ဖြစ်ပေါ်သည့်ဉာဏ်ကား ပဋိဝေဓဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်၊ သယမ္ဘုဉာဏ်၊ အာသဝက္ခယဉာဏ်။

(ခ) နောက် ၂-လအကြာ ဝါဆိုလပြည့်နေ့၌ ဓမ္မစက္က-ပဝတ္တနသုတ္တန်ကို ဟောကြားချိန်၌ ဖြစ်ပေါ်သည့်ဉာဏ်ကား ဒေသနာဉာဏ်တည်း။

**လောကီဉာဏ်, လောကုတ္တရာဉာဏ်**

ထို ၂-ပါးတို့တွင် ဒေသနာဉာဏ်သည် လောကီဉာဏ်တည်း။ ပဋိဝေဓဉာဏ်သည် လောကုတ္တရာဉာဏ်တည်း။ ဒေသနာဉာဏ်သည် မဟာကိရိယာ ဉာဏသမ္ပယုတ်စိတ် ၄-ပါးတို့တွင် တပါးပါးနှင့် ယှဉ်၍ ဖြစ်သော လောကီဉာဏ်ဖြစ်၏။ ပဋိဝေဓဉာဏ်သည်ကား အရဟတ္တမဂ်စိတ်နှင့် ယှဉ်၍ဖြစ်သော လောကုတ္တရာဉာဏ်ဖြစ်သည်။

တေသု ဒေသနာဉာဏံ လောကိယံ, ပဋိဝေဓဉာဏံ လောကုတ္တရံ။ (ကေနိပါတ၊၄၅။)

**ဗာရာဏသီ အမည်တွင်ပုံ**

၁။ ဗာရာဏသာမြစ်၏ မနီးမဝေး၌ တည်သောမြို့ ဖြစ်သောကြောင့် ဗာရာဏသီ။
၂။ မျောက်ဦးခေါင်းနှင့်တူသော ကျောက်ရှိရာဌာနဖြစ်သောကြောင့် ဗာရာဏသီ။
၃။ မြို့တည်စ အခါ၌ မင်းနှစ်ပါး စစ်ထိုးရာဌာနဖြစ်သောကြောင့် ဗာရာဏသီ။
၄။ ဝရဏမြစ်နှင့် အသိမြစ် ဤမြစ်နှစ်သွယ်တို့၏ အကြား၌ တည်သောကြောင့် ဗာရာဏသီ။

မှတ်ချက်။ ။ဤဗာရာဏသီပြည်သည် အနာဂတ်ကာလ၌ ကေတုမတီနာမည်ဖြင့် ထင်ရှား၍ မေတ္တေယျဘုရားရှင် ပွင့်တော်မူရာမြို့ ဖြစ်လိမ့်မည်။

(ဒီ၊၃၊၆၂-၆၄) (တိပိဋကပါဠိမြန်မာ အဘိဓာန်၊ တွဲ-၁၅၊ ၂၁၀။)

**ဣသိပတန မည်ပုံ**

(က) မြတ်စွာဘုရားနှင့် ပစ္စေကဗုဒ္ဓါဟူသော ဣသိသူတော်ကောင်းတို့ ဓမ္မစကြာ တရားဟောခြင်း၊ ဥပုသ်ပြုခြင်း အကျိုးငှာ ကြွရောက်စည်းဝေးရာဖြစ်သော တော။

(ခ) ပစ္စေကဗုဒ္ဓါဟူသော ဣသိတို့ သက်ဆင်းရာ, ပျံတက်ကြွသွားရာ ဖြစ်သောတော။

(ဘုရားမပွင့်မီက ပစ္စေကဗုဒ္ဓါတို့သည် ဂန္ဓမာဒနတောင်၌ ၇-ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားပြီး၍ အနောတတ္တအိုင်၌ မျက်နှာသစ်ပြီးလျှင် သပိတ်သင်္ကန်းလွယ်ကာ ကောင်းကင်ခရီးဖြင့် ကြွလာပြီး ဤတော၌ ရှေးဦးစွာ သက်ဆင်းတော်မူ၏။ သင်္ကန်းရုံကာ မြို့ထဲသို့ ဆွမ်းခံကြွ, ဆွမ်းစားပြီးနောက် ဤနေရာမှာပင် ကောင်းကင်သို့ ပြန်ကြွ တော်မူ၏။)

**မိဂဒါယ ဝန မည်ပုံ။** ။သားကောင်အပေါင်းကို ဘေးမဲ့ပေးရာ တောဖြစ်သောကြောင့် မိဂဒါဝုန် (မိဂဒါယ ဝန)ဟု ခေါ်သည်။

မိဂါနံ အဘယံ ဒေတိ ဧတ္တာတိ မိဂဒါယော။ (သီ၊ဋ္ဌီ၊သစ်၊၂၊၃၄၆။)
မိဂဒါယေတိ တံ ဝနံ မိဂပက္ခီနံ အဘယဒိန္နဋ္ဌာနေ ဇာတံ၊ တသ္မာ မိဂဒါယောတိ ဝုစ္စတိ။ (မ၊ဋ္ဌ၊၁၊၃၇၀၊)

**ဘုရာလောင်း နိဂြောဓ,သမင်မင်း အကြောင်း။** ။ဘုရားလောင်း နိဂြောဓသမင်မင်း ဖြစ်စဉ်က ဤတောသို့ ဖြစ်ခဲ့ဖူး၏။ ဗာရာဏသီမင်းက သမင်သားကြိုက်သဖြင့် နိဂြောဓသမင်ကြီးမှ တပါး ဥယျာဉ်တွင်းရှိ သမင်များကို တစ်နေ့ တစ်ကောင်ကျ သတ်စားနေ၏။ တနေ့တွင် ကိုယ်ဝန်ဆောင် သမင်မလေး၏ အသတ်ခံရမည့်အလှည့် ကျလာ၏။ သူ့မှာ ကိုယ်ဝန်ရှိနေ၍ သူ့ကိုယ်စား အလှည့်ယူရန် တောင်းပန်သဖြင့် ဘုရားလောင်းက သူကိုယ်တိုင် သေလှည့်ယူလိုက်၏။ ဤသည်ကို ဘုရင်ကြီးသိပြီး သမင်မင်းနှင့်တကွ သမင်အားလုံးကို ဘေးမဲ့ပေးခဲ့၏။ ဘုရားလောင်း သမင်မင်းက အခြားခြေလေးချောင်း သတ္တဝါ, ခြေနှစ်ချောင်း သတ္တဝါ, ကောင်းကင်၌ ကျက်စားသော သတ္တဝါ, မြေ၌ကျက်စားသော သတ္တဝါ, ရေ၌ကျက်စားသော သတ္တဝါ အပေါင်းတို့အားလည်း ဘေးမဲ့ပေးရန် တောင်းဆိုသဖြင့် ဗာရာဏသီမင်းကြီးက ဤနေရာ, ဤဒေသကို **မိဂဒါယ= သားကောင်အပေါင်း မှန်သမျှတို့အတွက် ဘေးမဲ့ရာတောအဖြစ် သတ်မှတ်ခဲ့သည်။** ထိုအချိန်မှစကာ ဘုရားဖြစ်၍ ဓမ္မစကြာ ဟောရာကာလတိုင်အောင်(ယနေ့တိုင်အောင်) ဘေးမဲ့တော ဖြစ်နေခဲ့၏။(နိဂြောဓဇာတ်)

ယနေ့ အိန္ဒိယနိုင်ငံသားတို့က မိဂဒါဝုန်ကို ဆာရ်နာထ်(Sarnath)ဟု ခေါ်၏။ အဓိပ္ပါယ်မှာ "သားသမင်တို့၏ သခင်"ဟု အဓိပ္ပါယ်ရှိသည် ဆို၏။ သူတို့က ဘုရားလောင်းဘဝက သမင်၏ နာမည်သည် "**သာရင်္ဂ နာထ**" ဟုဆို၏။ "သားသမင်တို့ကို ကာကွယ်စောင့်ရှောက်သူ"ဟု အဓိပ္ပါယ်ရ၏။ ထိုနာမည်ကို စွဲ၍ သူတို့က ဤတောကို "Sarnath" ဟု ခေါ်သည် ဖြစ်နိုင်၏။

**မိဂဒါဝုန်တော ၃-ခု။** ။(၁)ဗာရာဏသီမြို့အနီး ဣသိပတန မိဂဒါဝုန်၊ (၂)ဘဂ္ဂတိုင်း ဘေသကဠာ မိဂဒါဝုန်၊ (၃)ပဒုမုတ္တရာ ဘုရားလက်ထက်, ဟံသာဝတီမြို့အနီး ခေမမိဂဒါဝုန်ဟု ပိဋကတ်တော်၌ သုံးခုရှိ၏။ ဤတောသုံးခုရှိ သားရိုင်းတိရစ္ဆာန်များကို ဘေးမဲ့ပေးထား၍ **မိဂဒါဝုန်**ဟု ခေါ်၏။ ဤကဲ့သို့ သားကောင်အပေါင်းတို့၏ အသက်စည်းစိမ် ဘေးမဲ့ပေးခြင်းကို "**အဘယဒါန=အသက်ဘေးမဲ့အလှူ**"ဟု ခေါ်၏။ ထိုကဲ့သို့သော အလှူမျိုးကို **မင်း(ရှင်ဘုရင်)**များကသာ ပြုလုပ်နိုင်၏။ (သီ-ဋ္ဌီ-သစ်၊ပ၊၂၇၆။)

## အစွန်း ၂-ပါး "ပဗ္ဗဇိတ"များ မမှီဝဲသင့်

### ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။

**စဉ်းစားဖွယ်။** ။ဤနေရာ၌ စဉ်းစားဖွယ်ကား မြတ်စွာဘုရားသည် သူ၏တရားဦးကို စလျှင်စချင်း မဇ္ဈိမလမ်းစဉ်ကို တန်းမဟောဘဲ လမ်းမှားနှစ်ခုကို စဟော၏။ ဘာ့ကြောင့်နည်း?

ဘုရားလောင်း ဖွားတော်မမူမီ ကာလမှစ၍ပင် ဘာသာရေးဝါဒ များစွာ ပေါ်ပေါက်ခဲ့၏။ ထိုခေတ်တွင် လူသိအများဆုံး ဝါဒကား ၂-ခုသာ ဖြစ်ခဲ့လေသည်။ ပထမဝါဒကား လောကီချမ်းသာကို ခံစားသောဝါဒဖြစ်သည်။ "လောကီချမ်းသာကို ရသမျှခံစားရမည်။ လောကကြီးသည် ဆင်းရဲသည်။ ဒုက္ခဘုံကြီးဖြစ်သည်"စသည်ဖြင့် ငြီးငြူနေဖွယ်မလို။ ဤလိုအတွေးများဖြင့် လောကီစည်းစိမ်ခံစားရာ၌ အနှောက်အယှက် မဖြစ်စေသင့်။ ကိုယ့်အကျိုးရှိလျှင် မိဘကိုပင် သတ်နိုင်သည်။ ကုသိုလ်အကုသိုလ် မရှိ။ တမလွန်ဘဝ မရှိ။ အနာဂတ်ဘဝအတွက် တွေးနေဖွယ် မလို။ ကာမဂုဏ်ချမ်းသာကို အားရအောင် ခံစားရမည်" စသည်ဖြင့် ဟောပြောကြ၏။ ဤလမ်းစဉ်ကို "ကာမသုခလ္လိကာနုယောဂ"ဟု အမည်ပေး၏။ ဤဝါဒကား ယခုခေတ် ရုပ်ဝါဒနှင့် ဆင်ဆင်တူသော "စာရ်ဗာက"ဆရာ၏ လောကာယတ ဝါဒမျိုးပင် ဖြစ်သည်။ ဤလမ်းစဉ်ကို ဘုရားရှင်သည် ၁၃-နှစ်တိုင်တိုင် နန်းတော်၌နေစဉ် လိုက်စားခဲ့ဖူး၏။

ဒုတိယလမ်းစဉ်ကား တစ်မျိုးဆိုပြန်၏။ "လောကကြီးသည် ဆင်းရဲနှင့်ပြည့်နေ၏။ လောကမှထွက်မြောက်ဖို့ ဆိုသည်မှာ လွယ်ကူသော ကိစ္စမဟုတ်။ ကာမဂုဏ်ချမ်းသာကို ခံစားနေ၍ မဖြစ်နိုင်။ မိမိခန္ဓာကိုယ်ကြီးကို နှိပ်စက်ပေး

မှသာ ရနိုင်မည်။ ခန္ဓာကိုယ် နာကျင်နေလျှင် လောကစသော ကိလေသာများ မဖြစ်နိုင်။ သို့မှသာ ကိုယ်တွင်းရှိ ကိလေသာများ ခန်းခြောက်သွားမည်။

ဤမျှသာ မကသေး။ အလိုနည်းသည်ထက်နည်းအောင် ခွေးလို, နွားလိုလည်း နေရမည်… ဤသို့ စသည်ဖြင့် ခန္ဓာကိုယ်ကို နှိပ်စက်ဖို့ရန် ဟော၏။ ဤအကျင့်ကား ယခုခေတ် ဟိန္ဒူယောဂီတို့၏ အကျင့်နှင့် တူသည်။ ဤအကျင့်မျိုးကို ဘုရားရှင်က "အတ္တကိလမထာနုယောဂ"ဟု အမည်ပေး၏။ ဤလမ်းစဉ်ကိုကား ဘုရားလောင်းဘဝ ဒုက္ကရစရိယာကျင့်စဉ် ၆-နှစ်ပတ်လုံး လိုက်စားခဲ့ဖူး၏။ ထို့ကြောင့် ခေတ်စားနေသော အစွန်းရောက် အကျင့်နှစ်ပါးကို ရှေးဦးစွာ တားမြစ်ရခြင်းဖြစ်သည်။ (ဆရာတော်ဦးသီလာနန္ဒ၏ တရားဦးမှ အနည်းငယ် ထုတ်နုတ်ပြသည်။)

## အန္တ= အဖို့-အစွန်း (သို့) ယုတ်သောအဖို့

"အန္တ"ဟူသော သဒ္ဒါသည် ကောဋ္ဌာသ, ဘာဂ ဆိုသည့် "အဖို့"ဟူသော အနက်ကို ဆိုလို၏။ နောက်ဟောလတ္တံ့သော "မဇ္ဈိမပဋိပဒါ=အလယ်လမ်းအကျင့်"ဟူသော စကားကို ထောက်ဆလျက် "အစွန်း"ဟူသော အနက်လည်း သင့်တော်၏။ ထို့ကြောင့် မဟာစည်ဆရာတော်ကြီး၏ နိဿယ၌ "အဖို့-အစွန်း"ဟု အနက်ပြန်ထား၏။

ယိုးဒယားမူ, သီဟိုဠ်မူများ၌ "လာမကကောဋ္ဌာသ"ဟူ၍ ရှိ၏။ "ယုတ်သောအဖို့"ဟု အဓိပ္ပါယ်ရှိ၏။ ဤအနက်ကား ရှေးက မြန်မာပြန်ကြသော "အယုတ်တရား"ဟူသည်နှင့် ညီ၏။

(မဟာစည်ဆရာတော်၊ ဓမ္မစကြာတရားတော်ကြီး၊ ၆၅။)

## "အန္တ-အစွန်း"မည်ပုံ

သံသရာလည်ခြင်း၌ ဦးဆောင်ဖြစ်ကုန်သော တဏှာနှင့် အဝိဇ္ဇာ၊ ဤကိလေသာ ၂-ပါးတို့သည် သမထ,ဝိပဿနာတို့၏ ဆန့်ကျင်ဘက်တရားများ ဖြစ်သောကြောင့် "**အန္တ-အစွန်း**"မည်ကုန်၏။

မိုက်မဲသော ပဗ္ဗဇိတတို့သည် ကာမသုခလ္လိကာနုယောဂကို တဏှာ၏အစွမ်းဖြင့် ကပ်ရောက်သည်ဖြစ်၍ သမထကို ယုတ်လျော့စေ၏။ အတ္တကိလမထာနုယောဂကို အဝိဇ္ဇာ၏အစွမ်းဖြင့် ကပ်ရောက်သည်ဖြစ်၍ ဝိပဿနာကို ယုတ်လျော့စေ၏။ (ဝဇီဗုဒ္ဓိဋီကာ၊ စာ-၄၀၁-၂)

**ပဗ္ဗဇိတ ဟူသည်။** ။**မိမိ၏ ရာဂစသော ကိလေသာအညစ်အကြေးကို** နှင်ထုတ်တတ်သော ပုဂ္ဂိုလ်ကို **ပဗ္ဗဇိတ**ဟု ခေါ်၏။ (ပဗ္ဗာဇယံ အတ္တနော မလံ ပဗ္ဗဇိတောတိ ဝုစ္စတိ။)

**တနည်း။** ။လူတို့သံယောဇဉ်ဖြစ်သော **ဝတ္ထုကာမများကို ဖြတ်တောက်ကာ** ရသေ့ရဟန်းအဖြစ်သို့ ကပ်ရောက်လာသော ပုဂ္ဂိုလ်ကို **ပဗ္ဗဇိတ**ဟု ခေါ်၏။

(ပဗ္ဗဇိတေနာတိ ဂိဟိသံယောဇနံ ဝတ္ထုကာမံ ဆေတွာ ပဗ္ဗဇိတေန။ ပဋိသံဋ္ဌ၊ ၂၁၅။)

(**လမ်းဟောင်းကို ပယ်, လမ်းသစ်ကို ချပြ။** ။မဇ္ဈိမဒေသတစ်ခွင် ထိုခေတ်အခါက အလွန်တရာ ခေတ်စားနေသော ကာမသုခလ္လိကာနုယောဂနှင့် အတ္တကိလမထာနုယောဂ ဟူသော လမ်းဟောင်းကို လွယ်လွယ်နှင့်ပယ်ကာ အသာတကြည် ကိုယ့်ဝါဒသစ်ကို ချပြဖို့ဆိုသည်မှာ လွယ်သည်မဟုတ်။ ထို့ကြောင့် မိမိဖြတ်သန်းခဲ့သည့် ကိုယ့်တွေ့ကျင့်စဉ်များ အပေါ်မူတည်၍ လမ်းဟောင်း၏ ပြစ်ချက်များ၊ လမ်းသစ်ကြောင့် ရရှိလိုက်သော အသိဉာဏ် အကျိုးထူးတရားများကို သတ္တဝါများ လက်ခံအောင် ချပြရပေမည်။ ထို့ကြောင့် လမ်းဟောင်း၏ မှားယွင်းချက်များကို ရှေးဦးစွာ ချပြလိုက်ခြင်း ဖြစ်၏။)

**ပဗ္ဗဇိတေန န သေဝိတဗ္ဗာ -**

အစွန်းတရားနှစ်ပါးသည် ကာမဂုဏ်ကိုစွန့်၍ ရဟန်းဖြစ်လာသော ပုဂ္ဂိုလ်တို့၏သာလျှင် အထူးအားဖြင့် အကျင့်လမ်းစဉ်၏ တည်ရာဖြစ်၍ ဖြစ်နေသောကြောင့် မမှီဝဲအပ်ပါ။

(ပဗ္ဗဇိတာနံယေဝ ဝိသေသတော ပဋိပတ္တိယာ ဘာဇနေဘူတတ္တာ "ပဗ္ဗဇိတေန န သေဝိတဗ္ဗာတိ ဝုတ္တံ။ ပဋိသံ၊ဌ၊ဒု၊ ၁၂၅။)

မေး။ ။ပဗ္ဗဇိတေန န သေဝိတဗ္ဗာ-ဟု ဆိုသဖြင့် ရဟန်းများသာ မမှီဝဲအပ်ပါလော? လူများလည်း ရသင့်ပါသလော?

ဖြေ။ ။ရဟန်းတို့အား ထိုအယုတ်တရား နှစ်ပါးကို နှလုံးသွင်းခြင်းသဘော ရှိသောကြောင့်၎င်း၊ သုခကို ကြည်ခြင်းငှာ စွမ်းနိုင်သောကြောင့်၎င်း၊ ထိုသုခကိုကြည်သဖြင့် ရဟန်းကျေးဇူးကို ရရာသောကြောင့်၎င်း ပဗ္ဗဇိတတို့သာ ဤအယုတ်တရား နှစ်ပါးကို ပယ်ခြင်းငှါ ရအပ်၏။ လူတို့ကို မရအပ်ကုန်။

**မေးစရာ။ ။လူများကော အလိုရှိတိုင်း အကန့်အသတ်မရှိ မှီဝဲသင့်ပါသလော?ဟု မေးစရာရှိ၏။**

သူတော်ကောင်းတရား ကျင့်သုံးလိုမှု မရှိတဲ့လူ ဆိုရင်တော့ သူ့အလိုအတိုင်း မှီဝဲနိုင်တယ်လို့ ဆိုရမှာပဲ။ ဘာကြောင့်လဲဆိုရင် အဲဒီလိုလူကို မမှီဝဲရဘူးလို့ ညွှန်ကြားပေမဲ့ လိုက်နာမှာ မဟုတ်ဘူး။ "ဂမ္မော=ရွာသူရွာသား၊ မြို့သူမြို့သားတို့၏ အလေ့အကျင့်"လို့ ဆိုထားတဲ့အတိုင်း သာမန်လူများစုအတွက် ရှောင်ကြဉ်ရန် မပြောသင့်ပေဘူး။ ဒါကြောင့် ဒီမှာ ပဗ္ဗဇိတေန-လို့ ရှင်ရဟန်းဖြစ်သော ပုဂ္ဂိုလ်ကိုသာ ပြဆိုထားခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ သူတော်ကောင်းတရားကို ကျင့်သုံးလိုတဲ့ လူမျိုးဆိုရင်တော့ သူတော်ကောင်းတရား ကျင့်တဲ့အခါမှာ ကာမဂုဏ်ကို ရှောင်ကြဉ်သင့်သမျှ ရှောင်ကြဉ်ရပါတယ်။ (မဟာစည်ဆရာတော်၊ ဓမ္မစကြာတရားတော်ကြီး။ ၈၃။)

**ပထမ အစွန်းတရား**

**ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။**

**ကာမသုခလ္လိကာနုယောဂ ဟူသည်။** ။ဇနီးမယား၊ လင်ယောက်ျား၊ သားသမီး၊ အိုးအိမ်တိုက်တာ၊ လယ်ယာခြံမြေ၊ ရွှေငွေရတနာ၊ ကျွန်အလုပ်သမား၊ ကျွဲနွားတိရစ္ဆာန် စသည့် ကာမဝတ္ထုတို့၌ သာယာတပ်မက်မှု၊ နှစ်သက်ငြိကပ်ရန် အဖန်ဖန် အားထုတ်နေမှုကို ခေါ်သည်။ (ပဋိသံ၊ဌ၊ဒု၊ ၂၁၆။)

(၁) ကိလေသာကာမနှင့် ယှဉ်သောချမ်းသာကို ခံစားခြင်း၊ ကိလေသာကာမနှင့် ယှဉ်သော ချမ်းသာသို့ အစဉ်လိုက်ခြင်း။
(၂) ကာမဂုဏ်ချမ်းသာ၌ ကပ်ငြိသည်ဖြစ်၍ အဖန်ဖန်အားထုတ်ခြင်း။
(၃) ကာမဂုဏ်ချမ်းသာကို မှီဝဲခြင်း၌ အားထုတ်ခြင်း။
(၄) ကိလေသာကာမနှင့် ယှဉ်သောချမ်းသာကို နှစ်သက်ခြင်း၊ တောင့်တခြင်း။

(တိပိ-ပါဠိမြန်မာအဘိဓာန်၊ တွဲ-၅။ စာ-၅၄၅။)

**ပုဒ်များကို အစိပ်စိပ် ခွဲကြည့်ခြင်း။ ကာမ+သုခ+အလ္လိက+အနုယောဂ**

=သက်ရှိသက်မဲ့ ကာမဂုဏ်ဝတ္ထုပစ္စည်းများသည် လိုချင်တပ်မက်စရာကောင်း၍ **ကာမ**။

=၎င်းတို့ကို ကိလေသာတဏှာဖြင့် ခံစားတာက **သုခ**။

=ခံစားလိုက်ပြီး စွဲငြိနေတာက **အလ္လိက**။

=ဒါလေးကို ပျောက်မသွားအောင်, ဆုံးရှုံးမသွားအောင်, ပျောက်ပျက်ဆုံးရှုံးသွားလျှင်လည်း ပြန်ရအောင် တရားသည်ဖြစ်စေ, မတရားသည်ဖြစ်စေ မရ,ရအောင် အဖန်ဖန်အားထုတ်နေမှုက **အနုယောဂ**။

**ဟီနော= ယုတ်နိမ့်သောအကျင့်**

ကာမဂုဏ်ချမ်းသာကို ခံစားမှုအကျင့်သည် တက်မက်မှု ကာမတဏှာကို ဖြစ်စေ၏။ မာနကို ဖြစ်စေ၏။ ဣဿာကို ဖြစ်စေ၏။ မစ္ဆရိယကို ဖြစ်စေ၏။ ဒေါသကို ဖြစ်စေ၏။ ရှက်ကြောက်မှုကင်းသည့် အဟိရိက, အနောတ္တပ္ပကို ဖြစ်စေ၏။ ဒိဋ္ဌိကို ဖြစ်စေ၏။ ထိုသို့ ယုတ်ညံ့သည့် အကုသိုလ်တရားများကို ဖြစ်ပွားစေတတ်သောကြောင့် ဟီနော= ယုတ်ညံ့၏။

**တနည်း။** ။ကာမချမ်းသာကို အောက်တန်းကျသော တိရစ္ဆာန်များ၊ ပြိတ္တာကလေးများကပင် ခံစားတတ်ကြ၏။ ထိုသို့ ယုတ်နိမ့်အောက်တန်းကျသော တိရစ္ဆာန်လေးများပင် ခံစားတတ်၏။ အဆင့်အတန်း မမြင့်ပေ။ ထို့ကြောင့် သံသရာက ထွက်လှမ်းနိုင်ဖို့ ရသေ့ရဟန်းပြုလာကြသော ပဗ္ဗဇိတများ မလိုက်စားသင့်။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်နှင့် ကာမသုခအကျင့်သည် တခြားစီသာ ဖြစ်၏။

**ဂမ္မော = မြို့ရွာ၌နေသောသူတို့ အကျင့်**

ကာမဂုဏ်ချမ်းသာခံစားမှုသည် အိမ်ရာတည်ထောင် လူ့ဘောင်၌နေသောသူတို့၏ အကျင့်ဖြစ်၏။ အမြတ်ဆုံးသော '**သန္တိဝရပဒ**'ကိုရရန် အိမ်ယာကိုစွန့်ခွါပြီး တောထွက်လာသော ပဗ္ဗဇိတတို့၏ အကျင့်မဟုတ်။ (ဂါမဝါသီနံ သန္တကော)

**ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ။** ။ဘုရားမပွင့်မီ ရှေးကပင် ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒီ ပုဂ္ဂိုလ်များ ရှိကြ၏။ ၎င်းတို့က "အချင်းတို့... ဤအတ္တ သည် ကာမဂုဏ်ချမ်းသာတို့ဖြင့် ကုံလုံပြည့်ဝစွာ ပျော်ရွှင်ခံစားရ၏။ ဤသို့ ခံစားပေးခြင်းဖြင့် အမြတ်ဆုံး လောကနိဗ္ဗာန် ကို ရောက်၏"ဟု ယူလေ့ရှိကြ၏။ (ဗြဟ္မဇာလသုတ်၊ ဒီ၊၁။)

**ပဗ္ဗဇိတ ဖြစ်ပါလျက် သားမယားနှင့်နေသော ကေဏိယရသေ့။** ။ဘုရားခေတ်က ကေဏိယသည် ပုဏ္ဏားသူဌေးမျိုးမှ သူ့ပစ္စည်းများ စောင့်ရှောက်ရန် **ရသေ့**ပြုလာ၏။ ဘုရင်ကို လက်ဆောင်ပဏ္ဏာပေးကာ မြေယူပြီး လှည်းငါးရာနှင့် ကုန်ကူးကာ မိသားစုတစ်ထောင်ကို ထိန်းသိမ်းစောင့်ရှောက်ထား၏။ တမလွန်ဘဝဆိုတာ မမြင့်ရ၍ ဒီဘဝမှာ ကာမဂုဏ်ချမ်းသာကို ခံစားနိုင်သမျှ ခံစားရမည်ဟု ဆို၏။ ထို့ကြောင့် နေ့အခါတွင် ရသေ့သင်္ကန်းနှင့် နေပြီး, ညအခါ၌ကား ရသေ့မလေးများနှင့် ပျော်ပျော်ပါးပါး နေလေတော့၏။ (သေလသုတ်၊ မဇ္ဈိမ၊၄၂၇၃။)

**ပေါထုဇ္ဇနိကော = လူအများစုတို့ အကျင့် (ဝါ) ပုထုဇဉ်တို့အကျင့်**

ကာမသုခခံစားသော အကျင့်သည် လူအများစုကြီး(လူတကာ)လိုက်စားနေသော အလေ့အကျင့်ကြီး တစ်ခုသာ ဖြစ်၏။ (ပုထု-အများစု + ဇန-လူ + ဣက-အလေ့အကျင့်)။ လူတကာလုပ်ပြနိုင်သော အလုပ်ကို လုပ်ပြခြင်းသည် ထူးမြတ်သောအလုပ်ဟု မဆိုသာ။ လူတကာ မလုပ်နိုင်သော အလုပ်ကို လုပ်ပြနိုင်မှသာလျှင် ထူးမြတ်သည်ဟု ဆို၏။

**တနည်းအားဖြင့်** အသိဉာဏ်ပညာ နည်းပါးသောသူများသာလျှင် ကာမသုခကို လိုက်စားကြ၏။ ပညာရှိ သူတော်ကောင်းတို့က ရှောင်ကြဉ်ကြ၏။ ထို့ကြောင့် ကာမဂုဏ်စွန့်ခွါ၍ ထွက်လာကြသော ပဗ္ဗဇိတတို့အတွက် နောက်ကြောင်းပြန်လှည့်ကာ ကာမသုခကို မလိုက်သင့်။ လွတ်မြောက်ရေးလမ်းစဉ် အတွက် အနှောက်အယှက် ဖြစ်၏။ (ပုထုဇ္ဇနေန အန္ဓဗာလေန အာစိဏ္ဏော။ ပဋိသံ၊ဋ္ဌ၊ဒု၊၂၁၅။)

**အနရိယော = အရိယာတို့ အကျင့်မဟုတ်**

**မေးစရာဖြစ်လာ။** ။ကာမဂုဏ်ခံစားတတ်သော အကျင့်သည် အရိယာသူမြတ်တို့ အကျင့် မဟုတ်ဟု ဆို၏။ သို့ဖြစ်လျှင် ဝိသာခါ, အနာထပိဏ်, သိကြားမင်း စသူတို့သည် အရိယာဖြစ်ပါလျက် ဘာ့ကြောင့် ကာမဂုဏ် ခံစားနေပါသနည်းဟု မေးစရာဖြစ်လာ၏။

**သောတာပန်နှင့် သကဒါဂါမ်**တို့တွင် မတင့်တယ်သည့် 'အသုဘ'ကို 'သုဘ'ဟု ထင်မှားမှု **သညာ-ဝိပ္ပလာသနှင့်, အသိမှားမှု စိတ္တဝိပ္ပလာသ ၂-ပါး** ကျန်နေသေး၏။ သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ် ၃-ယောက်တို့တွင် ဒုက္ခကို သုခဟုထင်မှတ်မှု **သညာဝိပ္ပလ္လာသနှင့် အသိမှားမှု စိတ္တဝိပ္ပလ္လာသ ၂-**ပါး ရှိသေး၏။ (ဝိပ္ပလ္လာသကထာ၊ ပဋိသံ၊ ပါ၊ ၂၇၃။ ဋ္ဌ၊ဒု၊ ၁၇၉။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊ ၃၂၆။)

**ဝိပလ္လာသ ၁၂ ပါး**

| ပုဂ္ဂိုလ် | ဝိပလ္လာသ | အမှတ်မှား | အသိမှား | အယူမှား |
|---|---|---|---|---|
| | **အနိစ္စ = နိစ္စ** | သညာ× | စိတ္တ× | ဒိဋ္ဌိ× |
| **သောတာပန်, သကဒါဂါမ်, အနာဂါမ်** | **ဒုက္ခ = သုခ** | **သညာ✓** | **စိတ္တ✓** | ဒိဋ္ဌိ× |
| | **အနတ္တ = အတ္တ** | သညာ× | စိတ္တ× | ဒိဋ္ဌိ× |
| **သောတာပန်, သကဒါဂါမ်** | **အသုဘ = သုဘ** | **သညာ✓** | **စိတ္တ✓** | ဒိဋ္ဌိ× |

**အနတ္ထသံဟိတော = အကျိုးစီးပွားနှင့် မစပ်ဆိုင်**

ကာမသုခကို ခံစားသောအကျင့်သည် ပဗ္ဗဇိတတို့ လိုချင်နေသော အိုနာသေကင်းရာ အမတ-နိဗ္ဗာန်ကို ရဖို့အတွက် အထောက်အကူမဖြစ်။ ၎င်းတို့ကို ခံစားနေလျှင် သီလ, သမာဓိ, ပညာကျင့်စဉ်များ လျှောကျပျက်စီး သွား၏။ ပျက်စီးသွားလျှင် သံသရာက မလွတ်မြောက်နိုင်တော့။ ဤသို့ဆိုလျှင် ကာမ-သုခလ္လိကာနုယောဂ အကျင့်သည် မိမိတို လိုအားသော ဆင်းရဲကင်းရာ နိဗ္ဗာန်တရားနှင့် ဆက်စပ်မှုမရှိ။ ထို့ကြောင့် ပဗ္ဗဇိတတို့ မမှီဝဲသင့်ပေ။

## သုခလ္လိကာနုယောလေးမျိုး

**ရှောင်ကြဉ်ရမည့် ၄-ပါး။** ။ စုန္ဒ… ဤလောက၌ အချို့သောလူမိုက်တို့သည် သတ္တဝါတို့ကို သတ်၍ သတ်၍ မိမိကိုယ်ကို ချမ်းသာစေ၏။ အချို့ကား ခိုးယူ၍ မိမိကိုယ်ကို ချမ်းသာစေ၏။ အချို့ကား လိမ်လည်၍ ချမ်းသာစေ၏။ အချို့ကား ကာမဂုဏ်ငါးပါးတို့ဖြင့် မိမိကိုယ်ကို ချမ်းသာစေ၏။

ဤလေးပါးသော ချမ်းသာကိုခံစားခြင်းသည် ယုတ်ညံ့၏။ အရိယာတို့ မမှီဝဲအပ်။ အကျိုးစီးပွားနှင့် မစပ်ကုန်။ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ဖို့ရန် မဖြစ်။ ဒုက္ခငြိမ်းရန် မဖြစ်။ သစ္စာလေးပါး သိနိုင်ဖို့ရန် မဖြစ်။ မဂ်ဉာဏ်ရရန်, နိဗ္ဗာန်ရောက်ရန် မဖြစ်ကုန်။

**ခံစားရမည့် လေးပါး။** ။စုန္ဒ… ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်ပြီး အကုသိုလ်တို့မှ ကင်းးဆိတ်လျက် နီဝရဏကင်းခြင်းကြောင့် နှစ်သိမ့်မှုပီတိ, ချမ်းသာခြင်းသုခရှိသော ပထမစျာန်ကို ဝင်စားနေ၏။ ဝိတက်, ဝိစာရ ကင်းသည့် ဒုတိယစျာန်…။ ပီတိကင်းသည့် တတိယစျာန်…။ သုခကင်းသည့် စတုတ္ထစျာန်ကို ဝင်စားနေ၏။

ဤလေးပါးသော ချမ်းသာကိုခံစားခြင်းသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကိုရဖို့ရန် အကျင့်ဖြစ်ကုန်၏။ (သုခလ္လိကာနုယောဂအကျင့်၊ မြန်မာပြန်အချုပ်။ ပါသာဒိကသုတ်၊ ဒီ၊၃။)

## ဒုတိယအစွန်း

**ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။**

## အတ္တကိလမထ ဟူသည်…

မိမိကိုယ်ကို အပြင်းအထန် ပင်ပန်းအောင် ပြုလုပ်ရသော အကျင့်မျိုး ဖြစ်၏။ အခြားတစ်ဖက်မှ လောကနိဗ္ဗာန် အယူရှိသူများက အတ္တကို(ဝါ)ဘဝကို အာရုံငါးပါးဖြင့် မွှမ်းထုံ စိမ်ပြီး ဒိဋ္ဌဓမ္မနိဗ္ဗာန်ဆိုကာ ခံစားကြ၏။ အချို့ နောက်ဘဝကောင်းစားရေး မြော်မှန်းပြီး ကောင်းမှုများ ပြုလုပ်ကြ၏။

ဤဖက်က ဘဝပြတ်ရေး ပြုလုပ်သူများမှာ အတ္တကို ဤသို့ ကာမဂုဏ်ဖြင့် ပြုစုနေသမျှ ကိလေသာများ တိုးပွားကာများ တိုးပွားကာ ခန္ဓာက အတ္တထွက်လိမ့်မည် မဟုတ်။ ထို့ကြောင့် ကိလေသာများ နည်းပါးလာအောင် ခန္ဓာကိုယ်ကို ညှင်းဆဲပေးရမည်။ ဒါမှ ကိလေသာများ ခမ်းခြောက်ကာ ဒုက္ခငြိမ်းရာကို ရနိုင်ပေမည်။ တနည်း… ခန္ဓာမှာ အတ္တမပျော်မွေ့အောင် အတ္တတည်ရာ ခန္ဓာကိုယ်ကို ညှင်းဆဲပေးရမည်။

ထို့ကြောင့် အဝတ်မဝတ်ဘဲ နေ၏။ နေ့မွန်းတဲ့ချိန်တွင် မီးပုံလေးခုအလယ်၌ ထိုင်နေ၏။ အေးခဲနေစဉ် ရေစိမ်၏။ ဆူးခက်ပေါ်တွင် အိပ်၏။ မီးလွတ်စား၏။ အစာ ရက်ခြားစား၏။ နောက်တော့ အစာမစားဘဲ နေ၏။ လေကို အောင့်ထား၏။ ရက်များစွာ ဆောင့်ကြောင့်ထိုင် ကျင့်၏။

**အတ္တကိလမထာနုယောဂပုဒ် အရကောက်။** ။ငါတည်းဟူသော မာန်၏ ဖြစ်ရာဌာနဖြစ်သောကြောင့် "အတ္တ"မည်၏။ "အတ္တ"အရမှာ ခန္ဓာကိုယ် အတ္တဘောကို ရ၏။

ခန္ဓာကိုယ် အတ္တဘောကို ပင်ပန်းအောင်နှိပ်စက်မှုသည် **အတ္တကိလမထ** မည်၏။ "အတ္တကိလ-မထ" အရ ခန္ဓာကိုယ်နှိပ်စက်ခြင်း အပြုအမူရ၏။ ခန္ဓာကိုယ် အတ္တဘောကို ပင်ပန်းအောင် နှိပ်စက်မှုကို

ပြုလုပ်ခြင်းသည် **အတ္တကိလမထာနုယောဂ** မည်၏။ ဆူးပေါ်၌အိပ်ခြင်း, အစာမစားဘဲနေခြင်း စသည့် အကျင့်များကို ပြုကျင့်ခြင်းပင် ဖြစ်သည်။ (သာရတ္ထဒီပနီဋီကာ၊ ပ၊၂၀၇။)

**နိဂဏ္ဌကျမ်းအဆို။**

နိဂဏ္ဌဂိုဏ်းသားတို့၏ ကျမ်းများ၌ အတ္တကိလမထ အကျင့်ကိုကျင့်မှ သံသရာက ထွက်မြောက်နိုင်သည်ဟု ဆို၏။ ထိုသို့ကျင့်ရာ၌ "**သံဝရနှင့် နိဇ္ဇရာ**"ဟု နှစ်မျိုးရှိ၏။

**သံဝရဟူသည်။** ။ပိတ်ဆို့ စောင့်စည်းခြင်းကို ဆိုလိုသည်။ ဒွါရနှင့်အာရုံ တိုက်ဆိုင်မိလျှင် အပြင်ဘက်မှ အာရုံသည် အတွင်းအတ္တနှင့် ပေါင်းမိသွားကာ ကံအသစ် ဖြစ်သွား၏။ ကံသစ်က ဘဝသစ်ကို ဖြစ်စေတတ်၏။ ထို့ကြောင့် ကံသစ်တွေ မဖြစ်ရလေအောင် (တနည်း) အဆင်း, အသံစသည်တို့ ကိုယ်ထဲ မရောက်ရလေအောင် စောင့်စည်းရသည်ဟု ဆို၏။

**နိဇ္ဇရာဟူသည်။** ။ကိုယ်အပင်ပန်းခံပြီး ရှေးဟောင်း အကုသိုလ်ကံများ ကုန်ခမ်းအောင် ကျင့်ရ ခြင်း ဖြစ်၏။ ဤကဲ့သို့ ဆင်းရဲခံလိုက်ခြင်းအားဖြင့် ရှေးဟောင်းအကုသိုလ်ကံများ အကျိုးပေးပြီးသား ဖြစ်သွားလို့ ကံဟောင်းများကုန်သည်ဟု ယုံကြည်ထားကြသည်။

မှတ်ချက်။ ။ဘုရားလောင်း ဒုက္ကရစရိယာ ၆-နှစ်ကျင့်ခြင်းမှာကား ရှေးအကုသိုလ်ကံဟောင်းများ ကုန်စေရန်အတွက် ကျင့်သည်မဟုတ်။ ဤအကျင့်ဖြင့် အသိဉာဏ်ထူးရမည်ထင်၍ လိုက်ကျင့်ခဲ့ခြင်းသာ ဖြစ်သည်။ (မဟာစည်ဆရာတော်။ ဓမ္မစကြာတရားတော်ကြီး၊ ၈၈-၈၉။)

**ဒုက္ခော = ဆင်းရဲရုံဘဲ**

အတ္တကိလမထ အကျင့်သည် မည်မျှပင် ပင်ပန်းအောင်းကျင့်စေကာမူ အသိဉာဏ်ကို မရစေနိုင်။ သံသရာကလည်း မလွတ်မြောက်နိုင်။ အကျိုးမထွက် သက်သက် ဆင်းရဲရုံမျှသာ ဖြစ်၏။ ဗုဒ္ဓကိုယ်တိုင် ဖြတ်သန်းလာခဲ့ပြီး ဖြစ်၏။

**အနရိယော = အရိယာတို့ ကျင့်စဉ်မဟုတ်**

ဤအတ္တကိလမထ အကျင့်မျိုးကို ပညာရှိသူတော်ကောင်း အရိယာသူတော်စဉ်တို့ မကျင့်ကြံကြ၊ (ဝါ) စင်ကြယ်ကောင်းမြတ်သော အကျင့်လည်း မဟုတ်ပေ။

**အနတ္ထသံဟိတော**

မိမိတို့ လိုလားအပ်သော သီလ, သမာဓိ, ပညာ စသော လောကုတ္တရာ အကျိုးစီးပွားနှင့် မစပ်ဆိုင် ရုံသာမက လောကီအကျိုးစီးပွားနှင့်လည်း မစပ်ဆိုင်။

**ဤနေရာ၌ "ဟီနော, ဂါမော, ပေါထုဇ္ဇနိကော" ဟူသော သုံးပုဒ်ကို ထည့်၍ မဟောခြင်း**

၁။ ဘုရားမပွင့်မီက စပြီး အတ္တကိလမထအကျင့်သည် မဇ္ဈိမဒေသ၌ အလွန်ခေတ်စားနေ၏။ ထို အကျင့်သည်သာလျှင် သံသရာက လွတ်မြောက်ရာ အကျင့်မြတ်ဟု ယုံကြည်ထားကြ၏။ အကျင့်လမ်းစဉ် ကိုင်၍၊ ကျင့်ကြံနေသူကိုင်း အထင်ကြီး လေးစားကြ၏။ ထိုခေတ်က ဤအကျင့်မျိုးကို နိဂဏ္ဌဂိုဏ်းသား

ရသေ့ရဟန်းများ အဓိက ကျင့်ကြ၏။ ပဉ္စဝဂ္ဂီငါးဦးတို့လည်း ဤအကျင့်ကို "သန္တိဝရပဒ"ဟုခေါ်သော မဂ်ဉာဏ်ရကြောင်း, နိဗ္ဗာန်ရောက်ကြောင်း အကျင့်မြတ်ဟု ယူဆခဲ့ကြ၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့၏ စိတ်ကို မထိခိုက်စေရန် အတ္တကိလမထအကျင့်ကို "**ဟီနော**"ဟု မဟောခဲ့ပေ။

၂။ ဤအတ္တကိလမထ အကျင့်များကို ပဗ္ဗဇိတဟု ခေါ်သော ရသေ့, ရဟန်း, တက္ကတွန်း, ပရိဗိုဇ် များသာ ကျင့်ကြ၏။ ကာမဂုဏ်ခံစားခြင်း ကာမသုခလ္လိကာနုယောဂကဲ့သို့ လူဝတ်ကြောင်များ မကျင့်ကြပေ။ ထို့ကြောင့် "**ဂါမော**"ဟူသော ပုဒ်ကိုလည်း ထည့်၍ မဟောပေ။

၃။ ဤအတ္တကိလမထအကျင့်သည် လူအများစုကြီး လိုက်နာကျင့်နေကြသော အကျင့်မျိုး မဟုတ်။ ပဗ္ဗဇိတ တစ်စုတို့သာ ကျင့်ကြသောကြောင့် "ပေါထုဇ္ဇနိကော"ဟူ၍လည်း မဟောခဲ့ပေ။

(ပဋိသံ၊ ဋ္ဌ၊ ၃၊ ၂၁၅။)

## ကာမသုခလ္လိကၡ "ဒုက္ခော"ကို ထည့်မဟောခြင်း

ရသေ့ရဟန်းဟု ဝန်ခံထားကြပြီး ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကို လက်ခံထားကြသည့် **ကေဏိယ***ရသေ့ စသည်တို့ကဲ့သို့ အချို့သူတို့သည် ကာမဂုဏ်ကို ပြည့်ဝစွာ ခံစားခြင်းသည် လောကနိဗ္ဗာန်ရောက်ခြင်းပင် တည်းဟု ယူဆလျက် ရှိကြသောကြောင့် ထိုသူတို့၏စိတ်ကို စောင့်ရှောက်ခြင်းအကျိုးငှာငင်း၊ ထိုအယူ ထိုအကျင့်၏ "ပစ္စုပ္ပန်သုခတစ်မျိုး" ဖြစ်ခြင်းကြောင့်ငင်း၊ ပထမအစွန်းတရား၌ "ဒုက္ခော"ပုဒ်ကို ထည့်၍ မဟောခဲ့ပေ။ (*အဝယ်တော်ဖြစ်ဖူး၍ "**ကေဏိယ**"ဟု ခေါ်သည်။ (ပဋိသံ၊ ဋ္ဌ၊ ၃၊ ၂၁၆။)

## "အနရိယော, အနတ္ထသံဟိတော"ကို အစွန်း ၂-ပါးလုံးမှာ ဟောထား

အစွန်း ၂-ပါးလုံးသည် အရိယာတို့ ကျင့်စဉ်မဟုတ် (ဝါ) စင်ကြယ်မြင့်မြတ်သော ကျင့်စဉ်မဟုတ်။ ၎င်းအစွန်း ၂-ပါးလုံးသည် ဒုက္ခလွတ်မြောက်ရာ မြှော်မှန်းလျက် ရသေ့ရဟန်းပြုလာကြသော ပဗ္ဗဇိတတို့ အတွက် မြှော်မှန်းအပ်သော အကျိုးတရားများနှင့် မစပ်ယှဉ်။ ထို့ကြောင့် **"အနရိယော, အနတ္ထသံဟိတော"** နှစ်ပုဒ်လုံးကို ထည့်ဟောထားသည်။

## အတ္တကိလမထ၏ အဓိပ္ပါယ် အကောက်လွဲပုံ

တချို့က အပင်ပန်းခံပြီး တရားအားထုတ်လျှင်(ဥပုသ်စောင့်လျှင်) "အတ္တကိလမထ"ဖြစ်၏ဟု ပြောတတ်ကြ၏။ ဤသို့ပြောခြင်းသည် ဘုရားအာဘော်နှင့် လုံးဝလွဲ၏။ မြတ်စွာဘုရားက အထက်ပါ အတိုင်း အကျိုးဖြစ်မလာနိုင်သော အလုပ်မျိုးကိုသာ အပင်ပန်းခံ မလုပ်ရန် ပြောခြင်းဖြစ်၏။ အကျိုးရှိ-သော အလုပ်ဆိုလျှင် အရိုးကျေကျေ အရေစုတ်စုတ် ပြင်းပြင်းထန်ထန် လုပ်ရမည်ဟု ဆို၏။ ထို့ကြောင့် အလောင်းတော်သည် မဟာဗောဓိပင်ရင်း၌ "အရိုး,အရေ,အကြောတို့သာ ကြွင်းကျန်စေ၊ အသွေးအသား တို့ ခန်းခြောက်သွားပါစေ။ ဘုရားမဖြစ်သမျှ ငါ၏ ဤတင်ပလ္လင်ခွေကို မဖြုတ်တော့"ဟု ယတိပြတ် အဓိဋ္ဌာန်ကာ အားထုတ်တော်မူခဲ့၏။

## ပစ္စုပ္ပန်ဆင်းရဲသော်လည်း နောင်ချမ်းသာမည်ဆိုလျှင် ကျင့်ကြံအားထုတ်ပါ...

ပညာရှိသည် အသိဉာဏ်ရှိသည်ဖြစ်၍ "ဤတရားဆောက်တည်ခြင်းသည် ပစ္စုပ္ပန်ဆင်းရဲ၍ နောင်အခါ ချမ်းသာ၏"ဟု ကောင်းစွာသိသဖြင့် ထိုတရားကို ဆောက်တည်ကျင့်သုံး၏။ ရှောင်ကြဉ်မနေ။

ထို့ကြောင့် တရားဆိုးများ ဆုတ်ယုတ်ကာ အလိုရှိအပ်သော တရားများ တိုးပွားလာ၏။ ထိုသို့ဖြစ်ရခြင်းမှာ ပညာရှိသူတော်ကောင်းတို့ ထုံးတမ်းဓမ္မတာပင်ဖြစ်၏။

ဤလောက၌ အချို့သူသည် ယခုပစ္စုပ္ပန် ဆင်းရဲသော်လည်း နောင်အခါ ချမ်းသာကျိုးရှိမည့် ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်၏။ ထိုသို့ ရှောင်ကြဉ်သဖြင့် ကိုယ်စိတ်တို့ ဆင်းရဲပင်ပန်းမှုကို ခံစားရ၏။ ဤသို့ ပြုကျင့်ခြင်းသည် မှန်၏’ဟုလည်း ယူဆထား၏။ ထိုသူသည် သေပြီးနောက် နတ်ပြည်သို့ ရောက်ရ၏။

(မဟာဓမ္မသမာဒါနသုတ်မှ မှတ်ဖွယ်အချုပ်။ မူ-ပဏ္ဏာ၊ပါ၊၃၈၈-၉။)

## အစွန်းနှစ်ပါး လွတ်အောင်ရှောင်

မြတ်စွာဘုရားသည် ကာမသုခကိုသာ မမှီဝဲရဟု ဆို၏။ ကာမမှ ရှောင်ကြဉ်နေသည့် နေက္ခမ္မသုခ၊ ဈာနသုခ၊ ဖလသမာပတ္တိသုခ၊ နိရောဓသမာပတ္တိသုခ တို့ကိုကား မှီဝဲရမည်သာ ဖြစ်၏။

အပင်ပန်းခံသော်လည်း အကျိုးမရှိလျှင် ထိုကျင့်စဉ်မျိုးကို မကျင့်သင့်။ မလိုက်စားသင့်။ အတ္တ-ကိလမထဟု ခေါ်သည်။ စွန့်ပစ်ရမည်။ သို့သော် အကျိုးရှိပြီး လမ်းမှန်ပေါ်သို့ ရောက်လာပြီဆိုလျှင်ကား အရိုးကျေကျေ အရေစုတ်စုတ် ယောကျ်ားတို့ မလျှော့သောဖွဲလုံ့လဖြင့် မရ,ရအောင် အားထုတ်ရမည်။

## ကာမသုခလ္လိကကို ဘာ့ကြောင့်ရှောင်ရ

ကာမသုခလ္လိကာနုယောဂသည် ပစ္စုပ္ပန်ဘဝ၌လည်း တဏှာ,ဒိဋ္ဌိတို့ဖြင့် ညစ်ညူးသောချမ်းသာဖြစ်သောကြောင့်၎င်း၊ နောင်သံသရာ၌လည်း ၎င်းတဏှာ,ဒိဋ္ဌိတို့အတွက် သက်သက်ဆင်းရဲသော အကျိုးပေးတတ်သောကြောင့်၎င်း၊ ၎င်းကို လိုက်စားမိသူတို့အား တဏှာ,ဒိဋ္ဌိနှောင်ကြိုးဖြင့် ချည်ခံထားရ၍ သံသရာမှ မလွတ်နိုင်သောကြောင့်၎င်း ကာမသုခလ္လိကကို ရှောင်ကြဉ်ရပါသည်။ (ပဋိသံ၊ဋ္ဌ၊ဒု၊ ၂၁၆။)

## အတ္တကိလမထကို ဘာ့ကြောင့်ရှောင်ရ

အတ္တကိလမထသည် ပစ္စုပ္ပန်ဘဝ၌လည်း ဒိဋ္ဌိတရားဖြင့် ညစ်ညူးသော ဆင်းရဲဖြစ်သောကြောင့်၎င်း၊ နောင်သံသရာ၌လည်း ၎င်းဒိဋ္ဌိအတွက် ဆင်းရဲသောအကျိုးကို ပေးတတ်သောကြောင့်၎င်း၊ ၎င်းကို လိုက်စားမိသောသူတို့အား ဒိဋ္ဌိကြိုးဖြင့် အချည်ခံထားရသဖြင့် သံသရာက မလွတ်နိုင်သောကြောင့်၎င်း အတ္တကိလမထကို ရှောင်ကြဉ်ရပါသည်။ (ပဋိသံ၊ဋ္ဌ၊ဒု၊ ၂၁၆။)

**ဝဇီရဗုဒ္ဓိဋီကာ အလို။** ။ဝဇီရဗုဒ္ဓိဋီကာ၌ “သံသရာလည်ခြင်း၌ ဦးဆောင်ဖြစ်ကုန်သော တဏှာနှင့် အဝိဇ္ဇာ၊ ဤကိလေသာ နှစ်ပါးတို့သည် သမထ-ဝိပဿနာတို့၏ ဆန့်ကျင်ဘက်တရားများ ဖြစ်သောကြောင့် “**အန္တ-အစွန်း**” မည်၏။

မသိမိုက်မဲသော ပဗ္ဗဇိတပုဂ္ဂိုလ်သည် ကာမသုခလ္လိကာနုယောဂသို့ **တဏှာ**၏အစွမ်းကြောင့် သက်ဝင်မိသည်ဖြစ်၍ သမထဘာဝနာအလုပ်ကို လွန်စွာ ဆုတ်ယုတ်စေတတ်၏။ **အဝိဇ္ဇာ**အစွမ်းကြောင့် အတ္တကိလမထသို့ သက်ဝင်မိသည်ဖြစ်၍ ဝိပဿနာအလုပ်ကို လွန်စွာဆုတ်ယုတ်စေတတ်၏။

(ဝဇီရဋီ၊၄၀၁။)

## မဟာစည်ဆရာတော်ကြီး မှတ်သားဖွယ်ရာများ

**သုခ-ဒုက္ခကို မရှုကောင်းဟု အယူလွဲ။** ။အချို့က "သုခကိုရှုရင် ကာမသုခလ္လိက ဖြစ်တယ်။ ဒုက္ခကိုရှုရင် အတ္တကိလမထ ဖြစ်တယ်။ ဒါကြောင့် ဥပေက္ခာကိုသာ ရှုရမယ်"ဟု လွဲမှားစွာ ယူတတ်ကြ၏။ လုံလောက်သည့် ကျမ်းဂန် အထောက်အထား မရှိပေ။ မြတ်စွာဘုရားသည် မဟာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာပိုင်း၌- သုခ, ဒုက္ခ, ဥပေက္ခာ ဝေဒနာသုံးပါးလုံးကို ရှုရန် ဟောထားသည်။

ငင်းပြင် ထိုထိုသုတ္တန်ပေါင်း များစွာတို့၌လည်း-

"ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ" (အနိစ္စာဒိသုတ်၊ သဠာယတနသံ၊ ပါ၊ ၂၅၇။)

စသည်ဖြင့် ဝေဒနာသုံးပါးလုံးကို အနိစ္စဟု ရှုရမည်ဖြစ်ကြောင်း ဟောထား၏။ ထို့ကြောင့် ဝေဒနာသုံးပါးလုံးကို ရှုရမည်သာ ဖြစ်၏။ သုခကို ရှုရ၍လည်း ကာမသုခ မဖြစ်။ ဒုက္ခကိုရှု၍လည်း အတ္တကိလမထ မဖြစ်ဟု မှတ်ရမည်။ (မဟာစည်ဆရာတော်၊ ဓမ္မစကြာတရားတော်ကြီး၊ ၉၆။)

**နာကျင်တာရှုရင် အတ္တကိလမထဟု တချို့ဆိုပြန်။** ။တချို့က "ညောင်း,ပူ,နာ,ကျင် အခံခက်လျှင် ချက်ချင်း ပြင်ရမည်။ မပြင်ဘဲရှုနေလျှင် အတ္တကိလမထ ဖြစ်တယ်"ဟု ဆိုကြ၏။ ဤသည်မှာ သာတ္ထက သမ္ပဇဉ်ကို အလေးပေးပြီး မသင့်တော်သော ယူဆချက်သာ ဖြစ်၏။ သမထဝိပဿနာ တရားအားထုတ်ရာ၌ ခန္တီသံဝရသည် အရေးကြီး၏။ အတော်အတန်ဒုက္ခကို သည်းခံပြီးရှုနေမှသာ သမာဓိဉာဏ် ရနိုင်၏။ မကြာခဏ ပြောင်းလဲနေလျှင် သမာဓိဉာဏ် မဖြစ်နိုင်ပေ။

ထို့ကြောင့် ဒုက္ခဝေဒနာဖြစ်လျှင် စွမ်းနိုင်သမျှ သည်းခံရှုရမည်။ ထိုသို့ သည်းခံခြင်းသည် ခန္တီသံဝရသာ ဖြစ်ပါသည်။ အတ္တကိလမထ မဖြစ်။ အကြောင်းမှာ သည်းခံပြီးရှုနေခြင်းသည် တမင်ဆင်းရဲအောင် လုပ်နေခြင်းလည်း မဟုတ်။ အကျိုးမရှိဘဲ ဆင်းရဲရုံမျှလည်း မဟုတ်။ အကျိုးရှိသော ကျင့်စဉ်သာဖြစ်၏။

မှတ်ချက်။ ။အတ္တကိလမထ အကျင့်မှာ ကိုယ့်ကိုယ်ကိုယ် တမင် ပင်ပန်းဆင်းရဲအောင် လုပ်ရ၏။ အဆုံးမှာ အသိဉာဏ်ထူး မရသဖြင့် အကျိုးလည်း မရှိပေ။

(မဟာစည်ဆရာတော်၊ ဓမ္မစကြာတရားတော်ကြီး၊၉၇-၈။)

**သဗ္ဗာသဝသုတ်မှာ ခန္တီသံဝရပိုင်း မြန်မာပြန်အကျဉ်း**

ရဟန်းတို့… အဘယ်အာသဝတို့ကို သည်းခံခြင်းခန္တီဖြင့် ပယ်အပ်ကုန်သနည်း? ရဟန်းတို့… ရဟန်းသည် သင့်တင့်လျောက်ပတ်အောင် ဆင်ခြင်၍ အချမ်းအပူ, ဆာလောင်မွတ်သိပ်ခြင်း, မှက်, ခြင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့ကို သည်းခံနိုင်၏။ ပြစ်တင်စွပ်စွဲ ဆဲရေးသော စကားကိုလည်း သည်းခံနိုင်၏။ ဖြစ်ပေါ်လာသည့် ကိုယ်ဆင်းရဲ, ကြမ်းတမ်းခက်ထန်သည့် ဒုက္ခဝေဒနာနှင့် အသက်ကိုပင် သေစေနိုင်သော ဒုက္ခဝေဒနာကို သည်းခံနိုင်၏။ ရဟန်းတို့… ယင်းတို့ကို သည်းမခံနိုင်သော ရဟန်းသည် ကိလေသာ အာသဝေါတို့ ဖြစ်ပွားကုန်၏။ သင့်တင့်လျောက်ပတ်စွာ ဆင်ခြင်နိုင်သော ရဟန်းအား မဖြစ်ကုန်။ ရဟန်းတို့… ဤသို့ အာသဝေါတို့ကို သည်းခံခြင်းခန္တီသံဝရဖြင့် ပယ်အပ်ကုန်၏။ (မ၊ မူ၊၁၊၁၃။)

**ဂေါသိင်္ဂအင်းကြင်းတောကို ဘယ်သူ အလှဆင်နိုင်မလဲ**

တခါက တောလုံးကျွတ်ပွင့်နေသည့် ဂေါသိင်္ဂအင်ကြင်းတောကြီးတွင် "ဤမျှလှပသော အင်ကြင်းတောကြီးကို အဘယ်ကဲ့သို့သော ရဟန်းမျိုးသည် တင့်တယ်စေနိုင်ပါသနည်း"ဟု ရှင်သာရိပုတ္တရာ၏ အမေးနှင့်စပ်၍ မြတ်စွာဘုရား ဖြေကြားရာတွင်-

"သာရိပုတြာ... ဤသာသနာတော်၌ ရဟန်းသည် ဆွမ်းခံရွာမှ ပြန်လာကာ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကိုဖြစ်စေလျက် 'ငါ၏စိတ်သည် အာသဝေါတရားတို့မှ မလွတ်သေးသမျှ ကာလပတ်လုံး ငါသည် ဤတင်ပလ္လင်ခွေကို မဖျက်တော့အံ့'ဟု အဓိဋ္ဌာန်ပြု၍ ထိုင်၏။ သာရိပုတြာ... ဤကဲ့သို့သော ရဟန်းမျိုးဖြင့် ဤဂေါသိင်္ဂအင်ကြင်းတော်သည် တင့်တယ်စေနိုင်ရာ၏"ဟု ဖြေကြားတော်မူ၏။(မူ၊ပဏ်၊၂၈၁။)

ဤသုတ္တန်၌ အနည်းငယ်မျှလောက်သော ဝေဒနာပေါ်လာသည်ကိုပင် မခံနိုင်သော ရည်ရွယ်ချက်မဲ့ ပျော့ညံ့ညံ့သတ္တိမျိုးဖြင့် ဂေါသိင်္ဂအင်းကြင်းတောကို အလှမဆင်။ "သေလိုက သေပစေ၊ တရားမရ ငါမထ"ဟူသော ဖွဲလုံ့လဝီရိယမျိုးကို ဆိုလိုပေသည်။

**အစွန်းကိုရှောင်၍ မဇ္ဈိမလမ်းကို ယူ**

**ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခု-ကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။**

**မြန်မာပြန်။ ။ရဟန်းတို့... ဤအစွန်းနှစ်ပါးတို့သို့ မကပ်ရောက်မူ၍ ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော, ပညာမျက်စိကို ပြုတတ်သော, ဉာဏ်အမြင်ကို ပြုတတ်သော, အလယ်အလတ်ဖြစ်သော အကျင့်သည် ကိလေသာငြိမ်းရန်အလို့ငှာ ဖြစ်၏။ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှာ ဖြစ်၏။ သစ္စာလေးပါး သိရန်အလို့ငှာ ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ ဖြစ်၏။**

**အစွန်း ၂-ပါးဟူသည်-**

ကာမသုခလ္လိကာနုယောဂသည် လောဘကိလေသာ နောက်သို့လိုက်ကာ စိတ်ကို အထိမ်းအကွပ်မရှိ လွှတ်ထားပြီး ခံစားနေသောကြောင့် **လျော့လွန်းသော အစွန်း**ဖြစ်၏။ အတ္တကိလမထာနုယောဂသည် ခန္ဓာကိုယ်ကို တမင် အပင်ပန်းခံကာ ကျင့်ရသဖြင့် ဒေါသတရား, ဒေါမနဿတရား, ဒုက္ခတရားများစွာ ဖြစ်ပွားစေတတ်သောကြောင့် စိတ်ကို ပိတ်ဆို့ထိန်းချုပ်ထားရသဖြင့် **အလွန်တင်းလွန်းသော အစွန်း** ဖြစ်၏။

**တနည်း။** ။ကာမသုခလ္လိကာနုယောဂသည် ကာမတဏှာ အကြိုက်လိုက်ရသဖြင့် **လောဘအစွန်း၊** အတ္တကိလမထာနုယောဂသည် ဒုက္ခ, ဒေါမနဿ များသောတရားဖြစ်၍ **ဒေါသအစွန်း။**

**တနည်း။** ။အာရုံငါးပါးနှင့် မိမိဟူသော ပုဂ္ဂိုလ်သတ္တဝါကို ခိုင်မြဲသောအားဖြင့် ထင်မှတ်တတ်သော **သဿတဒိဋ္ဌိ အစွန်းတပါး။** အာရုံငါးပါးနှင့် မိမိဟူသော ပုဂ္ဂိုလ်သတ္တဝါသည် သေပြီးနောက် ချုပ်ပျောက်ပျက်စီးသွား၏။ ဘာမျှမရှိတော့ဟု အထင်ရှိကြသည့် **ဥစ္ဆေဒဒိဋ္ဌိသည် အစွန်းတစ်ပါး။**

**မဇ္ဈိမပဋိပဒါ(အလယ်အလတ် ကျင့်စဉ်)ဟူသည်။** ။ထိုသို့ လျော့လွန်းသော အကျင့်လည်း မဟုတ်၊ တင်းလွန်းသော အကျင့်လည်း မဟုတ်။ တဏှာဖြင့် ညစ်ညူးသော ချမ်းသာလည်းမဟုတ်၊ ဒိဋ္ဌိဖြင့် ညစ်ညူးသော ဆင်းရဲလည်း မဟုတ်။ သဿတဒိဋ္ဌိအစွန်းနှင့် ဥစ္ဆေဒဒိဋ္ဌိအစွန်းတို့၏ အလယ်၌ဖြစ်သော အရိယာမဂ်တရားသည် ထိုအစွန်း တရား နှစ်ပါးတို့ အလယ်ကျသဖြင့် "**မဇ္ဈိမ**"မည်၏။

ထိုမဇ္ဈိမဟူသော အရိယာမဂ်တရားသည် ဝဋ်မှထွက်မြောက်လိုသူတို့ ကျင့်အပ်သောကြောင့် "ပဋိပဒါ"မည်၏။ အလယ်အလတ် လမ်းစဉ်ဖြစ်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားသည်ပင် "**မဇ္ဈိမပဋိပဒါ**" မည်၏။ (နိဗ္ဗာနံ ပဋိပဇ္ဇန္တိ ဧတာယာတိ ပဋိပဒါ၊ ပဋိသံ၊ဋ္ဌ၊ဒု၊ ၂၁၆။)

**ပဋိပဒါ(ကျင့်စဉ်)ပုဒ်၏ အနက်ဖွင့်ဆိုချက် ဝိဂ္ဂြိုဟ်များ...**

၁။ နိဗ္ဗာနံ ပဋိပဇ္ဇန္တိ ဧတာယာတိ ပဋိပဒါ = နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့် ဖြစ်သောကြောင့် ပဋိပဒါ မည်၏။ (ပဋိသံ၊ ဋ္ဌ၊ ၂၊ ၂၁၆။)

၂။ ဝဋ္ဋဒုက္ခနိဿရဏတ္ထိကေဟိ ပဋိပဇ္ဇိတဗ္ဗာတိ ပဋိပဒါ = ဝဋ်ဆင်းရဲတို့မှ ထွက်မြောက်ခြင်းအကျိုးကို အလိုရှိသော သူတို့သည် ကျင့်အပ်သော အကျင့်ဖြစ်သောကြောင့် ပဋိပဒါ မည်၏။

(သာရတ္ထဒီပနီ၊ ၁၊ ၁၆၉။)

၃။ ပဋိပဇ္ဇိတဗ္ဗာတိ ပဋိပဒါ = ကျင့်အပ်သော အကျင့်ဖြစ်သောကြောင့် ပဋိပဒါ မည်၏။

(သဂါထာဝဂ္ဂသံယုတ်ဋီကာ၊ ၅၂။)

၄။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၌ ပဋိပဒါ-ပုဒ်ကို "ပဋိပဇ္ဇိတဗ္ဗာတိ ပဋိပဒါ"ဟု ဝိဂ္ဂြိုဟ်ပြု၍ ဒုက္ခနိရောဓဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သောကြောင့် "ပဋိပဒါ"မည်၏။

မှတ်ချက်။ အထက်ပါ အဋ္ဌကထာ, ဋီကာတို့၏ "ပဋိပဒါ"ပုဒ်ကို အဓိပ္ပါယ်ဖွင့်ဆိုချက်အရ မဇ္ဈိမပဋိပဒါအကျင့်၊ သတိပဋ္ဌာန်အကျင့်စသည်များကို ကျင့်မှသာ မဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံမည်။ ပြောရုံ, နားထောင်ရုံ, စဉ်းစားဆင်ခြင်ကာ ယူဆရုံမျှဖြင့် မဂ္ဂင်ရှစ်ပါး ပြည့်လာမည်မဟုတ်ပေ။ မဂ္ဂင်ရှစ်ပါး မပြည့်စုံလျှင် အရိယာမဂ်ဉာဏ်ကိုလည်း မရနိုင်ပေ။

**အချင်းချင်း ဆန့်ကျင်နေသည့် အစွန်းနှစ်ဖက်**

အစွန်းနှစ်ပါး အကျင့်တရားတို့သည် တစ်ခုနှင့်တစ်ခု ဖြောင့်ဖြောင့်ဆန့်ကျင်ကာ တစ်ဖက်နှင့်တစ်ဖက် ငြင်းပယ်နေကြ၏။

ကောဏ္ဍညစသည့် သမဏဗြာဟ္မဏတို့သည် ကာမဂုဏ်ချမ်းသာကို အပြည့်အဝ ခံစားမှ ဒိဋ္ဌဓမ္မ နိဗ္ဗာန်ချမ်းသာကို ရမည်ဟု ဆိုကုန်၏။ **လောကသည် ဆင်းရဲဒုက္ခနှင့် ပြည့်နေ၏ဟု ငြီးငြူနေဖွယ် မလို။ ထိုအတွေးမျိုးသည် လောကီစည်းစိမ် ခံစားမှုအတွက် အနှောက်အယှက်ဖြစ်၏။ ကိုယ့်အကျိုး**

**ရှိမည်ဆိုလျှင် မိဖကိုပင် သတ်နိုင်သည်။ မည်သည့်လုပ်ရပ်မဆို ကိုယ့်အတွက် အကျိုးရှိမည်ဆိုလျှင် မှန်၏။ တမလွန် မရှိ။ လက်ရှိခန္ဓာ သေပြီးလျှင် ဘာမှမရှိတော့။ သို့ဖြစ်၍ အနာဂတ်ဘဝအတွက် စဉ်းစား နေဖွယ် မလို။ အခွင့်သာခိုက် ကာမဂုဏ်ချမ်းသာကို အစွမ်းကုန်ခံစားရမည်ဟု ယူဆကြ၏။** ထိုပုဂ္ဂိုလ်တို့ သည် ကာမသုခလ္လိကာနုယောဂ အစွန်းသို့ ရောက်သွားကြ၏။

အချို့သော သမဏဗြာဟ္မဏတို့သည်ကား "လောကကြီးသည် ဆင်းရဲနှင့် ပြည့်နေ၏။ ထို့ကြောင့် လွတ်ဖို့ မလွယ်။ ကာမဂုဏ်ချမ်းသာကို ခံစားနေ၍ မဖြစ်နိုင်။ **မိမိခန္ဓာကိုယ်ကို နှိပ်စက်ပေးရမည်။ သို့မှသာ ကိလေသာများ ခန်းခြောက်သွားမည်။ ကိလေသာကုန်မှ ဆင်းရဲက လွတ်မြောက်နိုင်မည်ဟုဆိုကာ အစာမစားခြင်း, အဝတ်မဝတ်ခြင်း, ဆူးပေါ်အိပ်ခြင်း စသဖြင့် ကိုယ်ပင်ပန်းအောင် ကျင့်ကြ၏။ ဤသို့ဖြင့် ထိုသူတို့သည် အတ္တကိလမထာနုယောဂ အကျင့်ထဲသို့ ရောက်သွားကြ၏။**

ထို့ကြောင့် မဇ္ဈိမလမ်းစဉ်ကို မသိသော သမဏဗြာဟ္မဏတို့သည် ကာမသုခအကျင့်မှ လွတ်စေ ရန် အဝတ်ဝတ်ခြင်း, အစာစားခြင်းစသည် အလုံးစုံကို ပယ်စွန့်ခြင်းဖြင့် ကိုယ်ကို ညှင်းဆဲသောအကျင့် ဖြစ်သွားကြ၏။ ကိုယ်အပင်ပန်းမခံဘဲ အစား,အဝတ်စသည်တို့ကို သုံးဆောင်ခြင်းဖြင့် ကာမသုခအကျင့် သို့ ရောက်သွားကြ၏။ (ပါသရာသိသုတ်၊ မဇ္ဈိမပဏ်၊ ဌ၊ ၉၇-၈။)

**အင်္ဂတိမင်း၏ ကာမသုခလ္လိကဝါဒ**

အင်္ဂတိမင်းကြီးသည် ကဿပအနွယ် ဂုဏမည်သော တက္ကတွန်းဆရာကြီးကို ချဉ်းကပ်ပြီး "မိဘ ဆရာသမား, ရဟန်းသူတော်စင်, တိုင်းသူပြည်သားတို့အပေါ် မည်သို့ ကျင့်ရမည်နည်း? ကောင်းရာ သုဂတိ နတ်ပြည်ရောက်ရန် မည်သို့ ကျင့်ရပါမည်နည်း?ဟု မေးလျှောက်သောအခါ-

ဂုဏတက္ကတွန်းကြီးက "ကောင်းကျိုး-မကောင်းကျိုး မရှိ။ မိဘဆရာတို့အပေါ် လုပ်ကျွေးခြင်း, အရိုအသေပြုခြင်း၏ အကျိုးမရှိ။ အချိန်တန်လျှင် လူမိုက်,လူလိမ္မာ သတ္တဝါအားလုံး စင်ကြယ်ကုန်၏။ လူနုံလူအများက ပေးလှူကြပြီး, ပညာရှိလူလည်များက ခံယူစားသောက်ကုန်၏"ဟု ဖြေလိုက်၏။

ထိုအခါ အင်္ဂတိမင်းကြီးသည် လာစဉ်က အရိုအသေပေး ရှိခိုးလျက် ပြဿနာကို မေး၏။ ထိုဂုဏ တက္ကတွန်းက အရိုအသေပြုရခြင်းသည် အကျိုးမရှိဟု ဆိုသဖြင့် ပြန်သောအခါ၌မူကား ရှိမခိုးပဲ ပြန်သွား လေ၏။ ဆွမ်းစသည့် အခြားလှူဖွယ်များလည်း မလှူခဲ့တော့ပေ။

နန်းတော်သို့ရောက်သောအခါ အမတ်ကြီးများကို ဆင့်ခေါ်ပြီး တိုင်းရေးပြည်ရာများကို မိမိတို့ ဖာသာ စီမံကြရန်နှင့် မိမိမှာမူကား ကာမဂုဏ်ချမ်းသာဖြင့်သာ မွေ့လျော်နေတော့အံ့ဟု ဆို၏။ ၎င်းပြင် ယခင် လှူဒါန်းနေကြ အလှူဇရပ်များကိုလည်း ဖျက်သိမ်းလိုက်၏။ ထို့နောက် အခြားသူများကိုလည်း မိမိ အလိုရှိလျှင် သူတပါးတို့၏ သားမယားကိုဖြစ်စေ၊ မိဘအုပ်ထိန်းသူများရှိသည့် သမီးပျိုများကိုဖြစ်စေ အနိုင့် အထက် သိမ်းယူနိုင်၏ဟု အမိန့်ရှိလိုက်၏။

ဤသို့ အင်္ဂတိမင်းကြီးသည် မိမိတစ်ဦးတည်း နှောင်ကြိုးမဲ့, ဥပဒေမဲ့ ကာမသုခလ္လိက ခံစားရုံတွင် မက တိုင်းပြည်ကိုပါ ဒိဋ္ဌိအယူထဲသို့၎င်း, ကာမသုခလ္လိကထဲသို့၎င်း, တိရစ္ဆာန်အဖြစ်သို့၎င်း ဆွဲသွင်းလိုက် ၏။ (နာရဒဇာတ်၊ ဇာ၊ ဌ၊ ၇၊ ၁၁၇-၁၁၈။)

**အစွန်းလွတ်သည့် ကျင့်သုံးနည်း**

မဇ္ဈိမကျင့်စဉ်၌ အစွန်းတရားကိုပယ်ရမည် ဆိုရာဝယ် ၎င်းအကျင့်တရားများကိုပင် ပန်းတိုင်အဖြစ်ထားကာ သတ်မှတ်ကျင့်သုံးနေမှုမျိုးကိုသာ ပယ်ခြင်းဖြစ်၏။ မဇ္ဈိမကျင့်စဉ်အတွက် အထောက်အကူဖြစ်သော ကာမသုခလ္လိကသမားတို့ သုံးစွဲနေသော အာရုံငါးပါးထဲမှ စားစရာ, ဝတ်စရာ, နေစရာ, ဆေးပစ္စည်းများကို သတိပညာဖြင့် ဆင်ခြင်ကာ အသိဉာဏ်ရရေးအတွက် အသုံးပြုသေး၏။

ထို့အတူပင် အသိဉာဏ်ရရေးအတွက် သမာဓိဖြစ်မည်ဆိုလျှင် အတ္တကိလမထသမားများ အသုံးပြုကြသော ခန္ဓာကိုယ်ကို ငြိမ်သက်စွာ နေနည်းမျိုးကိုလည်း (အထ အတ္တေ သမုပ္ပန္နေ၊ သယေထ မတ-သာဃိကံ။ ထေရပါ၊၂၉၅) မဇ္ဈိမကျင့်စဉ်၏ အထောက်အကူ ဖြစ်ရေးအတွက် အသုံးချသေး၏။

**တထာဂတေန အဘိသမ္ဗုဒ္ဓါ**

မြတ်စွာဘုရားသည် မိမိတစ်ပါးတည်းမဟုတ်၊ ဘုရားအားလုံးကို ရည်ညွှန်းလိုလျှင် "တထာဂတ" ဟူသော စကားလုံးကို သုံး၏။ "မဇ္ဈိမအကျင့်ဖြင့် သစ္စာလေးပါကို သိခြင်းသည် ငါသာမဟုတ်၊ ဘုရားရှင်တိုင်း သိကြ၏"ဟု ညွှန်းဆိုခြင်းဖြစ်၏။ "**အဘိသမ္ဗုဒ္ဓါ=ထိုးထွင်း၍ သိတော်မူအပ်ပြီ**" ဟူသော စကားဖြင့် ငါကိုယ်တိုင် ဤမဇ္ဈိမအကျင့်ဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိခဲ့ပြီဟု လမ်းစဉ်မှန်ကြောင်း သက်သေထူနေခြင်း ဖြစ်၏။

**အစွန်း၂-ပါးကို ပြပြီးမှ မဇ္ဈိမလမ်းစဉ်ကို ပြခြင်းအကြောင်း**

ဤဓမ္မစက္က-ပဝတ္တနသုတ်၌ မြတ်စွာဘုရားသည် အခြားသုတ်များကဲ့သို့ ဒါနကထာစသည့် တရားစဉ်ကို စ၍မဟောပဲ အစွန်း၂-ပါးကို ရှေးဦးစွာဟောပြီးမှ အဘယ့်ကြောင့် မဇ္ဈိမကျင့်စဉ်ကို နောက်မှ ဟောရပါသနည်း?ဟု မေးဖွယ်ရှိ၏။

ဤနေရာ၌ "အတ္တ"စသည်ဖြင့် နှလုံးသွင်းခြင်းကို တားမြစ်ခြင်းအကျိုးငှာလည်းကောင်း၊ လမ်းမှား(အကျင့်မှား)ကို တားမြစ်ခြင်းအကျိုးငှာလည်းကောင်း အစွန်းနှစ်ပါးကို ဟောပြီးမှ မဇ္ဈိမကျင့်စဉ်ကို ဟောခြင်းဖြစ်သည်။

အစွန်းနှစ်ပါး ရှောင်ကြဉ်ခြင်းကို ဟောပြပြီး၍ မိမိ၏ တရားထူးရခဲ့သောနည်းသည် ပစ္စည်းလေးပါး ပေါများအောင် ကျင့်သောအကျင့် မဟုတ်သည်၏အဖြစ်ကို ပြခြင်းငှာလည်းကောင်း၊ ထိုပဥ္စဝဂ္ဂီရဟန်းတို့အား မဇ္ဈိမအကျင့်ကို ပြသဖြင့် ထိုအကျင့်၌ မပြတ်ယှဉ်ကာ ကျင့်စေရန်အလို့ငှာလည်းကောင်း နောက်မှ သမ္မာပဋိပဒါကို ပြတော်မူသည်။ (ဝဇီရဗုဒ္ဓိဋီကာ၊ ၄၀၂-၃။)

**မဇ္ဈိမပဋိပဒါအကျင့်ဖြင့် ရနိုင်သောအကျိုးများ...**

**စက္ခုကရဏီ=ပညာမျက်စိကို ဖြစ်စေတတ်၏။**

မဇ္ဈိမလမ်းစဉ်ခေါ်သော မဂ္ဂင်ရှစ်ပါး(ဝါ)သီလ,သမာဓိ,ပညာ အကျင့်တရားသည် ရုပ်နာမ်နှစ်ရပ်ကိုလည်းကောင်း၊ ၎င်းတို့၏ ဖြစ်ပျက်ကိုလည်းကောင်း၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာသုံးပါးကိုလည်း-ကောင်း သိမြင်နိုင်သည့် ဉာဏ်မျက်စိကို ဖြစ်စေနိုင်၏။

**ဉာဏကရဏီ=ဉာဏ်ပညာကိုလည်း ဖြစ်စေတတ်၏။**

မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်ကြံနာလိုက်နာကုန်သော သူတို့သည် အသိဉာဏ်ထူးများကိုလည်း ဖြစ်စေနိုင်၏။ ထို့ကြောင့် တခါက ရှင်အာနန္ဒာမထေရ် ဘိက္ခုနီမကျောင်းသို့ ရောက်စဉ် ဘိက္ခုနီမများက--

"အရှင်ဘုရား... ဒီကျောင်းတိုက်မှာ နေကြတဲ့ ဘိက္ခုနီမတွေဟာ သတိပဋ္ဌာန်တရား လေးပါးမှာ ကောင်းစွာ တည်ကြည်သောစိတ်နှင့် နေကြလို့ နောက်နောက်ကာလမှာ အသိဉာဏ်ထူးများကို ရလာကြပါတယ်ဘုရား" လို့ လျှောက်ထားဖူး၏။

**ဥပသမာယ = ကိလေသာကိုလည်း ငြိမ်းစေတတ်၏။**

မဂ္ဂင်ရှစ်ပါး အကျင့်တရားသည် နီဝရဏကိလေသာများကိုလည်း ငြိမ်းစေနိုင်၏။ ဝိပဿနာမဂ်သည် ကိလေသာကို တဒင်္ဂအားဖြင့် ငြိမ်းစေ၏။ အရိယာမဂ်သည် ကိလေသာကို အကြွင်းမဲ့ ငြိမ်းစေ၏။ ဤပုဒ်ဖြင့် ခန္ဓာရှိသေးသော်လည်း ကိလေသာများ ငြိမ်းပြီးသည့် သဥပါဒိသေသနိဗ္ဗာန်ကို ပြတော်မူ၏။

**အဘိညာယ = ထူးသောဉာဏ်ဖြင့် သိနိုင်၏။**

ရှေ့ဖြစ်သော ဝိပဿနာမဂ္ဂင်များကြောင့် ဖြစ်ပေါ်လာသော လောကီဝိပဿနာဉာဏ်များဖြင့် ရုပ်နာမ်တရားများကိုငှင်း၊ အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာများကိုငှင်း သိမြင်လာနိုင်၏။ ဝိပဿနာမဂ္ဂင်များ ရင့်သန်ပြည့်စုံ လာသောအခါ၌ နိဗ္ဗာန်ကို အာရုံပြု၍ အရိယာမဂ်ဉာဏ်ထူးကြီးများ ဖြစ်ပေါ်လာ၏။

**သမ္ဗောဓာယ = ထိုးထွင်း၍ သိခြင်းငှာလည်း ဖြစ်၏။**

အဝိဇ္ဇာသည် အလွဲကိုသိစေပြီး အမှန်ကိုလည်း ဖုံးကွယ်တတ်၏။ ၎င်းအဝိဇ္ဇာကို မဂ္ဂင်ရှစ်ပါး အကျင့်တရားဖြင့် ထိုးဖေါက်ကာ ရုပ်နာမ်သင်္ခါရတရားတို့၏ လက္ခဏာများကို ဝိပဿနာဉာဏ်ဖြင့်လည်း သိမြင်လာနိုင်၏။ အရိယာမဂ်ဖြင့်လည်း သိလာနိုင်၏။

**နိဗ္ဗာနာယ = နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုစေနိုင်၏။**

ဝိပဿနာမဂ်, အရိယာမဂ်များဖြင့် ရုပ်နာမ်တရားများကို ထိုးထွင်း၍သိမြင်ပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုစေနိုင်၏ (ဝါ) ဆင်းရဲခပ်သိမ်း ငြိမ်းစေနိုင်၏။ ဤပုဒ်ဖြင့် ကိလေသာတို့၏ ငြိမ်းခြင်းကို အနုပါဒိသေသနိဗ္ဗာန်ကို ပြ၏။

**မဇ္ဈိမဆိုတာ ဘယ်လမ်းလဲ?**

**ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ?**

မြန်မာပြန်။ ။ရဟန်းတို့... ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော, ပညာမျက်စိကို ပြုတတ်သော, ဉာဏ်အမြင်ကို ပြုတတ်သော, ကိလေသာငြိမ်းခြင်း, ထူးသောဉာဏ်ဖြင့် သိခြင်း, သစ္စာလေးပါးကို

သိခြင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်သော ထိုအလယ်အလတ်ဖြစ်သော မြတ်သောအကျင့်ကား အဘယ်ပါနည်း?။

**မဂ္ဂင်ရှစ်ပါး လမ်းမှန်တရား**

**အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။**

**အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။**

မြန်မာပြန်။ ။အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်ပင်တည်း။ ဤအင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်သည် အဘယ်နည်း? မှန်စွာသိမြင်ခြင်း သမ္မာဒိဋ္ဌိ, မှန်စွာကြံစည်ခြင်း သမ္မာသင်္ကပ္ပ, မှန်စွာပြောဆိုခြင်း သမ္မာဝါစာ, မှန်စွာပြုလုပ်ခြင်း သမ္မာကမ္မန္တ, မှန်စွာ အသက်မွေးခြင်း သမ္မာအာဇီဝ, မှန်စွာအားထုတ်ခြင်း သမ္မာဝါယာမ, မှန်စွာအောက်မေ့ခြင်း သမ္မာသတိ, မှန်စွာတည်ကြည်ခြင်း သမ္မာသမာဓိတို့ ပေတည်း။

ရဟန်းတို့… ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော, ပညာမျက်စိကို ပြုတတ်သော, ဉာဏ်အမြင်ကို ပြုတတ်သော, ကိလေသာငြိမ်းခြင်း, ထူးသောဉာဏ်ဖြင့် သိခြင်း, သစ္စာလေးပါးကို သိခြင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာဖြစ်သော ဤအလယ်အလတ်ဖြစ်သော မြတ်သောအကျင့်သည် ကိလေသာ ငြိမ်းရန်အလို့ငှာ ဖြစ်၏။ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှာ ဖြစ်၏။ သစ္စာလေးပါးကို သိရန် အလို့ငှာ ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ ဖြစ်၏။

**သမ္မာဒိဋ္ဌိမဂ္ဂင်။** ။ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ တည်းဟူသော သစ္စာလေးပါးကို သိသောဉာဏ်သည် သမ္မာဒိဋ္ဌိ မည်၏။

**သမ္မာဒိဋ္ဌိ ၆-မျိုး**

၁။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ = ကံသာလျှင် မိမိဥစ္စာရှိ၏ဟု သိသောအမြင်မှန်။
၂။ ဈာန သမ္မာဒိဋ္ဌိ = ဈာန်သမာဓိနှင့် ယှဉ်သောဉာဏ်။
၃။ ဝိပဿနာ သမ္မာဒိဋ္ဌိ = ဝိပဿနာရှုခိုက် ရုပ်နာမ်တရားတို့ကို သိသောအမြင်မှန်။
၄။ မဂ္ဂ သမ္မာဒိဋ္ဌိ = မဂ်နှင့်ယှဉ်သော အမြင်မှန်။
၅။ ဖလ သမ္မာဒိဋ္ဌိ = ဖိုလ်နှင့်ယှဉ်သော အမြင်မှန်။
၆။ ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ= မဂ်ဖိုလ်နိဗ္ဗာန်တရားများကို ပြန်၍ဆင်ခြင်ခိုက်၌ သိသောအမြင်မှန်။

**ကမ္မဿကတာ သမ္မာဒိဋ္ဌိ**

ဤသမ္မာဒိဋ္ဌိသည် သဒ္ဓါတရားကို အရင်းခံထား၍ မိဘ,ဆရာသမားတို့၏ စကားများ, ကျမ်းဂန် စကားများနှင့်, အသင့်ယုတ္တိများကို နှိုင်းချိန်ကာ ယုံကြည်ပြီး မှန်ကန်စွာ ယူဆခြင်းပင် ဖြစ်၏။ ၎င်းကို သုစရိုက်တရားတွင်လည်း ပါဝင်၍ “သမ္မာဒိဋ္ဌိ”ဟု ခေါ်၏။

**သဒ္ဓါကို အခြေခံသော သမ္မာဒိဋ္ဌိ(သဒ္ဓါ=ပညာ)**

သဒ္ဓါမူလိကာဟု ဆိုသောကြောင့် သမ္မာဒိဋ္ဌိ(ဉာဏ်)ဖြစ်ရာ၌ ယုံကြည်မှုသဒ္ဓါသည် အရင်းခံလျက် ရှိ၏။ မှန်၏။ ဘုရားစသည်ကို ဖူးမြင်သောအခါ ရှေးဦးစွာ ကြည်ညိုမှုသဒ္ဓါဖြစ်၏။ ထိုသဒ္ဓါကို အရင်းခံမှ ဂုဏ်တော်များ၌ အသိဉာဏ် ပေါ်လာနိုင်သည်။ ပုညကိရိယဝတ္ထုဆယ်ပါး၌ ဒိဋ္ဌိဇုကမ္မဟု သုံး၏။ ဉာဏ်အမြင်ကို ဖြောင့်မတ်အောင် ပြုလုပ်ပေးတတ်သော သဒ္ဓါဟု ဆိုလိုသည်။ (ရှေးဦးစွာ သဒ္ဓါဖြစ်ပြီးမှ ထိုသဒ္ဓါက ဉာဏ်ကို ဖြောင့်မတ်အောင် ပြုလုပ်ပေး၏။)

(ဗုဒ္ဓါဒီသု ဝတ္ထုသု သဒ္ဓါပဋိလာဘော, **သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိ** ဒသသု ပုညကိရိယဝတ္ထုသု ဒိဋ္ဌိဇုကမ္မန္တိ ဝုစ္စတိ။ သီလက္ခန်၊ ဋ္ဌ၊ ၂၀၅။)

## ကုသိုလ်အစ ကမ္မဿကတာ က

ကမ္မဿကတာဉာဏ်သည် ကုသိုလ်တရားတို့၏ အစဖြစ်၍ အခြေခံအကျဆုံး ဖြစ်သဖြင့် အရေးအကြီးဆုံး ဖြစ်၏။ ထို့ကြောင့် မဟာဝဂ္ဂသံယုတ်၊ ဘိက္ခုသုတ်၌ စတင်၍ တရားအားထုတ်လိုသော ရဟန်းအား အောက်ပါအတိုင်း မှာကြား၏-

“ရဟန်း… သို့ဖြစ်လျှင် သင်သည် ကုသိုလ်တရားတို့၌ အစကိုပင် သုတ်သင်လော့။ ကုသိုလ်တရားတို့၏ အစကား အဘယ်နည်း? ကောင်းစွာစင်ကြယ်သော သီလနှင့် ဖြောင့်မတ်သောအယူပင်တည်း။”

တသ္မာတိဟ တွံ ဘိက္ခု အာဒိမေဝ ဝိသောဓေဟိ ကုသလေသု ဓမ္မေသု၊ ကော စာဒိ ကုသလာနံ ဓမ္မာနံ? သီလဉ္စ သုဝိသုဒ္ဓံ, **ဒိဋ္ဌိ စ ဥဇုကာ**။ (သံ၊၃၊၁၂၄။)

မှတ်ချက်။ ။ဤနေရာ၌ “**ဖြောင့်မတ်သောအယူ**”ဟူသည် ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ကိုပင် ဆိုလို၏။ (ဒိဋ္ဌီတိ ကမ္မဿကတာ သမ္မာဒိဋ္ဌိ။ သံ၊ဋ္ဌ၊၃၊၂၃၄။)

## သို့သော် အပြစ်ကင်းက ကောင်းကျိုးရ

ဘုရား, တရား, သံဃာ, ကံ, ကံ၏အကျိုး, ဤဘဝ, တမလွန်ဘဝ ဟူသော ဤအရာ ၇-ပါးတို့၌ ယုံကြည်လက်ခံခြင်း သဒ္ဓါကို ကမ္မဿကတာ သမ္မာဒိဋ္ဌိဟု ခေါ်၏။ သို့သော် ဤ၇-ပါး၌ ယုံကြည်မှုမရှိသော်လည်း ဖြူစင်သောစိတ်ဖြင့် အပြစ်ကင်းသော, အများကောင်းကျိုး ချမ်းသာစေတတ်သော အလုပ်မျိုးလုပ်လျှင် ကောင်းကျိုးချမ်းသာ ရနိုင်သည်သာ။

ဥပမာသော်ကား… ဘုရားလောင်းစီးသွားသော ကဏ္ဍကမြင်းသည် သေသော် နတ်ပြည်၌ဖြစ်ခဲ့၏။ ကောသမ္ဗီရဟန်းများ ကွဲပြားသဖြင့် ဘုရားရှင် ပုလလဲတော၌ သီတင်းသုံးနေစဉ် ပုလလဲဆင်မင်းက ဝေယျာဝစ္စလုပ်၏။ ၎င်းဆင်မင်းလည်း သေတော့ နတ်ပြည်ရောက်၏။ ဘုရားကို ပျားအုံလှူသော မျောက်လည်း သေတော့ နတ်ပြည်ရောက်၏။ မြတ်စွာဘုရား၏ တရားကို နာကြားရင်း သေသွားသော ဖားကလေးလည်း နတ်ပြည်ရောက်၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၌ ခင်မင်ရင်းနှီးပြီး ခွဲခွါသောအခါ၌ လွမ်းနာကျ၍ သေသွားသော ခွေးကလေးလည်း နတ်ပြည်၌ ဃောသကနတ်သားဟူ၍ ဖြစ်ခဲ့၏။

**ဈာနသမ္မာဒိဋ္ဌိ။** ။ဈာန်သမာဓိနှင့် ယှဉ်သောဉာဏ်သည် ဈာနသမ္မာဒိဋ္ဌိ မည်၏။

စျာန်သမာဓိသည် ဝိပဿနာ ရှုသောအခါ အခြေခံ ပါဒကစျာန်အဖြစ် အသုံးပြုလျှင် ကျေးဇူးများ၏။ စျာန်ဝင်စားပြီး ၎င်းစျာန်မှထကာ စျာန်၌ပါသော ဝိတက်စသော နာမ်တရားများကိုငင်း၊ ၎င်းစျာန်၏ တည်ရာ ရုပ်တရားများကိုငင်း ရှုလိုက်လျှင် ထင်ရှားပေါ်လာ၏။ နာမ်ရုပ်တရားများသည်၎င်း, အနိစ္စ,ဒုက္ခ, အနတ္တ လက္ခဏာသုံးပါးသည်၎င်း ထင်ရှားပေါ်လာ၏။ ဤသို့ စျာန်ဝင်စားလိုက်, စျာန်မှထကာ စျာန်တွင်ပါသော ရုပ်နာမ်တရားများကို ရှုလိုက်ဖြင့် ဝိပဿနာမဂ္ဂင်များ ရင့်လာပြီး အရိယာမဂ္ဂင်များ ပေါ်လာ၏။

(အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ်၊ စျာနသုတ်၌ အကျယ်ရှု။)

**တနည်း ရုပ်နာမ်နှစ်ပါး ရောရှုပုံ။** ။စျာန်ဝင်စားပြီး စျာန်မှထကာ ထင်ရှားရာ ရုပ်နာမ်တရားများကို ရှုမှတ်နေ၏။ အချိန်ကြာလာ၍ ကိုယ်စိတ်ပင်ပန်းလာသောအခါ စျာန်ကို တဖန် ပြန်ဝင်စား၏။ ပင်ပန်းမှု ငြိမ်းသွားသောအခါ စျာန်မှထ၍ ထင်ရှားရာ ရုပ်နာမ်တရားများကို ရှုပြန်၏။ ဤနည်းဖြင့် စျာန်ကို အခြေခံပြီး ထင်ရှားရာရာ ရှုနေရင်း ဝိပဿနာမဂ္ဂင်များ ရင့်သန်လာသောအခါ အရိယာမဂ္ဂင်များ တပြိုင်နက် ပေါ်လာကြပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသွားကြ၏။

> ယဿ ဟိ သမာဓိပိ တရုဏော, ဝိပဿနာပိ။ ပ ။ သော ပုန သမာပတ္တိံ သမာပဇ္ဇိတွာ တံ ပရိဒမေတွာ မုဒုကံ ကတွာ သမဿာသေတွာ ပုန ဝိပဿနံ ပဋ္ဌပေတိ။ တဿ ပုန အတိစိရံ နိသိန္နဿ တထေဝ ဟောတိ။ သော ပုန သမာပတ္တိံ သမာပဇ္ဇိတွာ တထေဝ ကရောတိ။ ဝိပဿနာယ ဟိ ဗဟူပကာရော သမာပတ္တိ။
>
> (ဒွေဓာဝိတက္ကသုတ်၊ မူ-ပဏ်၊ဋ္ဌ၊ ၃၈၇။)

***************

## သစ္စာလေးပါး

### သစ္စာလေးပါး ဟောရပုံ

ဘုရားရှင်သည် မဇ္ဈိမပဋိပဒါကို ထုတ်ဖော်အပြီးတွင် သစ္စာလေးပါးကို ဆက်လက်၍ တရားဦးတွင် ဟောတော်မူပြန်သည်။ ထိုစကားမှန်၏။ ဗုဒ္ဓရှင်တော်သည် တရားဦးတွင် မဇ္ဈိမပဋိပဒါ လမ်းစဉ်ကိုသာ ဟောပြ၍ သစ္စာလေးပါးကို မဟောခဲ့သော် ယင်းတရားဦးသည် ဗုဒ္ဓဝါဒကို ပြည့်ပြည့်စုံစုံ ဖော်ပြသည်ဟု မဆိုနိုင်ပေ။ တရားဦးဆိုသည်မှာလည်း (ပါတီပလက်ဖေါင်းကဲ့သို့) ဝါဒကျေငြာချက် တမျိုးပင်ဖြစ်၍ အပြည့်အစုံ ပါရှိသင့်ပေသည်။ သို့ဖြစ်၍ မိမိဝါဒကို အပြည့်အစုံ ဖေါ်ပြန်ရန်လည်း တရားဦးတွင် သစ္စာ–လေးပါးကို ထည့်သွင်းဟောတော်မူသည်။ (ဆရာတော်ဦးသီလာနန္ဒ၏ "တရားဦး"မှ)

### သစ္စာလေးပါးသာ, အပို-အလို မရှိ

ဤသစ္စာလေးပါးမှတပါး အခြားသော သစ္စာတပါးအပို မဖြစ်သင့်သောကြောင့် သစ္စာ ၅-ပါး, ၆-ပါး စသည် မရှိ။ ဤသစ္စာလေးပါးတို့တွင် တစ်ပါးပါးကို ပယ်နှုတ်ဖို့ရန်လည်း မဖြစ်နိုင်သောကြောင့် သစ္စာ ၃-ပါးဟူ၍ မရှိ။

**တနည်း။** ။ခန္ဓာငါးပါးဟူသော ဝဋ္ဋဒုက္ခကိုဟောရာ၌ ၎င်းဝဋ္ဋဒုက္ခ၏ အကြောင်းဖြစ်သော သမုဒယကို ပြတော်မူ၏။ ဝဋ္ဋဒုက္ခမှ ဆုတ်နစ်ကြောင်း နိရောဓကို ဟောရာ၌ ၎င်း၏အကြောင်းဖြစ်သော မဂ္ဂကို ဟောတော်မူ၏။ ဤသို့ အကြောင်းအကျိုး ၂-စုံအားဖြင့် သစ္စာလေးပါးကိုသာ ဟောတော်မူ၏။

**တနည်း။** ။ပိုင်းခြား၍ သိထိုက်သော ဒုက္ခသစ္စာတရား, ပယ်ထိုက်သော သမုဒယသစ္စာတရား, မျက်မှောက်ပြုထိုက်သော နိရောဓသစ္စာတရား, မိမိသန္တာန်၌ ဖြစ်စေထိုက်သော မဂ္ဂသစ္စာတရား၊ ဤသို့ သိ-ပယ်-ဆိုက်-ပွား လေးပါးကိုသာလျှင် ဟောတော်မူခဲ့၏။

**သစ္စာလေးပါးကို အစဉ်အတိုင်း ဟောတော်မူခြင်း**

ထင်ရှားသောကြောင့်ငင်း, သတ္တဝါအားလုံးနှင့် သက်ဆိုင်သောကြောင့်ငင်း, သိရလွယ်သဖြင့် ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောတော်မူ၏။ ဒုက္ခသစ္စာ၏ အကြောင်းကို ပြခြင်းငှာ သမုဒယသစ္စာကို ဒုတိယဟောတော်မူ၏။ အကြောင်းဖြစ်သော သမုဒယချုပ်လျှင် အကျိုးဖြစ်သော ဒုက္ခသစ္စာလည်း ချုပ်၏။ ငင်းကို သိစေလို၍ သမုဒယနောင် နိရောဓကို တတိယဟောတော်မူ၏။ ထိုနိရောဓကို သိခြင်းအကြောင်းကို ပြခြင်းငှာ အဆုံး၌ မဂ္ဂကို ပြတော်မူ၏။

**တနည်း။** ။ဘဝချမ်းသာကို သာယာတပ်မက်နေကြသော သတ္တဝါတို့အား သံဝေဂဉာဏ်ဖြင့် ထိပ်လန့်မှုဖြစ်စေရန် ဒုက္ခကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုဒုက္ခသည် အကြောင်းမရှိဘဲ သူ့ဖာသာ ရောက်လာ,ဖြစ်လာသည် မဟုတ်။ မဟာဗြဟ္မာ, ထာဝရစသော ဖန်ဆင်းရှင်များ ဖန်ဆင်းခြင်းကြောင့် ဖြစ်ပေါ်လာသည်လည်း မဟုတ်။ တဏှာကြောင့်သာ ဖြစ်ပေါ်လာသည်ဟု သိစေခြင်းငှာ ဒုက္ခ၏အခြားမဲ့၌ သမုဒယကို ဟောတော်မူ၏။

ဒုက္ခနှိပ်စက်ခံရသဖြင့် ထိတ်လန့်သော စိတ်ရှိသဖြင့် လွတ်မြောက်ရာကို ရှာမှီးသောသူတို့အား လွတ်မြောက်ရာကို ပြသဖြင့် စိတ်သက်သာရာကို ရစေခြင်းငှာ နိရောဓကို တတိယ ဟောတော်မူ၏။

ငင်းနောက် နိရောဓကို သိစေခြင်းအကျိုးငှာ နိရောဓသို့ ရောက်စေတတ်သော မဂ္ဂသစ္စာကို နောက်ဆုံး ဟောတော်မူ၏။

**ဆောင်ပုဒ်။** **လောကီဘုံဝယ်၊ သာယာဘွယ်ဟု၊ တာတွယ်လေငြား၊ ဝေနေယျားကို၊ တရားသံဝေ၊ ရပစေဟု၊ ထွေထွေ ဒုက္ခ၊ ဦးစွာပြ၏။ ဒုက္ခသောင်းပြောင်း၊ ဆင်းရဲပေါင်းလည်း၊ အကြောင်းမဲ့စွာ၊ မဖြစ်ရာရှင့်၊ မဟာဗြဟ္မာ၊ ထာဝရဟု၊ ဘရာ့တသင်း၊ မဖန်ဆင်းတည်း၊ ထန်ပြင်းသော့သွမ်း၊ တဏှာစွမ်းကြောင့်၊ ဘရမ်းဘတာ၊ ဖြစ်ကြရာဟော၊ သမုဒယော တဲ့။ သုံးလောကတွင်၊ ဒုက္ခထင်၍၊ လွတ်ခွင်ထွက်ရာ၊ ရတက်ဖြာသော်၊ သက်သာစေရန်၊ အနေဖန်လျက်၊ ခေမံ နိရောဓ၊ သုံးကြိမ်ပြ၏။ နိဗ္ဗာနနန်း၊ ရောက်ဘို့မှန်းက၊ ဤလမ်းဖြင့်တက်၊ ဤမင်္ဂကိုပွား၊ မိန့်သည့်လားသို့၊ လေးပါးမြောက်တွင်၊ မဂ်လမ်းထွင်သည်၊ ဟောစဉ်လက်ရိုး ဆူဆူတည်း။**

(အမရပူရ, မဟာဂန္ဓာရုံ ဆရာတော်။သမ္မော-ဘာဋီ၊ပ-တွဲ၊နိဒါန်း-ဃ။)

## ဒုက္ခသစ္စာ

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော*၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ, တမ္ပိ ဒုက္ခံ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။**

ရဟန်းတို့… ဤသည်ကား ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ'ပေတည်း။ ပဋိသန္ဓေ တည်နေရခြင်းသည်လည်း ဆင်းရဲ၏။ အိုရခြင်းသည်လည်း ဆင်းရဲ၏။ နာရခြင်းသည်လည်း ဆင်းရဲ၏။ သေရခြင်းသည်လည်း ဆင်းရဲ၏။ မချစ်သောသူတို့နှင့် အတူနေရခြင်းသည်လည်း ဆင်းရဲ၏။ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏။ လိုချင်ရာကို မရခြင်းသည်လည်း ဆင်းရဲ၏။ အကျဉ်းအားဖြင့် စွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း ဆင်းရဲကုန်၏။

## ဒုက္ခသစ္စာပြ ပါဠိကို စိစစ်ချက်

သာရတ္ထဒီပနီခေါ် ဝိနည်းဋီကာကျမ်း၌ "**ဗျာဓိပိ ဒုက္ခော**" ဟူသောပုဒ်ကို စိစစ်ပြထား၏။ ၎င်းပုဒ်သည် အဘိဓမ္မာပိဋက, ဝိဘင်းကျမ်း၏ ဒုက္ခသစ္စာကို အကျယ်ပြရာပါဠိ၌ မလာချေ။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်ကျမ်း၌လည်း ဒုက္ခသစ္စာကို အကျယ်ပြရာ၌ မပါချေ။ ဤဓမ္မစက္ကပဝတ္တနသုတ်၌သာ ပါနေခြင်းကို စူးစမ်းသင့်သည်ဟု ဆို၏။

၎င်းနောက် "**မရဏမ္ပိ ဒုက္ခံ**"ပုဒ်ကိုဖွင့်ပြပြီးနောက် "**သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿုပါယာသာပိ ဒုက္ခာ**"ဟု ဝိဘင်းပါဠိ ဒုက္ခသစ္စာ အကျယ်ပြရာ၌ လာရှိ၏။ ထိုသုတ်၌ကား မလာချေ။ ၎င်းကိုလည်း စိစစ်သင်၏ဟု ဆိုထား၏။ (မဟာစည် ဆရာတော်ကြီး၏ ဓမ္မစကြာတရားမှ)

## မဟာစည်ဆရာတော်၏ သုံးသပ်ချက်

ဘုရားဟောစဉ်က တစ်မျိုးတည်းသာ ဖြစ်သင့်ကြောင်း၊ ဝိနည်းဆောင်ရဟန်းများသည် သုတ္တန်နှင့် အဘိဓမ္မာကို လေ့လာမှုအားနည်းသောကြောင့် ဤဝိနည်းပိဋက, မဟာဝဂ္ဂပါဠိ, ဓမ္မစကြာတရားတော်၌သာလျှင် သုတ္တန်,အဘိဓမ္မာတို့နှင့် မတူဘဲ "ဗျာဓိပိ ဒုက္ခော"ပုဒ်ကို အပိုထည့်၍၎င်း၊ သောက, ပရိဒေဝ,ဒုက္ခ,ဒေါမနဿုပါယာသာပိ ဒုက္ခာ"ပုဒ်ကို ချန်၍၎င်း၊ ဆောင်လာခဲ့သဖြင့် မူကွဲနေတာဖြစ်နိုင်ကြောင်း ဆိုထား၏။

အကြောင်းမှာ ဒုက္ခသစ္စာကို ဖွင့်ပြသည့် သုတ္တန်နှင့် အဘိဓမ္မာ အဋ္ဌကထာများ၌ "ဗျာဓိပိ ဒုက္ခော" ဟူသောပုဒ်ကို မဖွင့်ပြခဲ့ခြင်း၊ "သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာပိ ဒုက္ခာ"ဟူသော ပုဒ်ကိုတော့ ၎င်းအဋ္ဌကထာများ၌ ဖွင့်ပြခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း စိစစ်ထား၏။

ထို့ကြောင့် မဟာစည်ဆရာတော်က "**ဗျာဓိပိ ဒုက္ခော**"ပုဒ် ပိုနေပြီး၊ "**သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာပိ ဒုက္ခာ**"ပုဒ် လိုနေသည်ဟု ဆုံးဖြတ်ထား၏။ အကြောင်းမှာ "**ဗျာဓိ-နာခြင်း**"ဟူသည် "သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာပိ ဒုက္ခာ"ဟူသော ပုဒ်ကြီးထဲမှ "**ဒုက္ခ**"**ဟူသောပုဒ်၌ အတွင်းဝင်နေသောကြောင့်ဟု ဆို**၏။ ထို့ကြောင့် **မဟာစည်ဆရာတော်အလို ဒုက္ခသစ္စာ ပါဠိမူမှန်…**

> **ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ <u>သောက, ပရိဒေဝ,ဒုက္ခ,ဒေါမနဿုပါယာသာပိ ဒုက္ခာ</u>၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ, တမ္ပိ ဒုက္ခံ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။**
>
> (ဓမ္မစကြာတရားတော်၊ စာ-၁၈၆-၁၉၀။)

**လောကကို စိစစ်ချက်**

ဘုရားရှင်သည် လောကမှ ထွက်မြောက်မှုကို ရှာရာ၌ အလွန်တရာ သဘာဝကျသောနည်းကို ညွှန်ပြထားပေသည်။ ဤလောကကြီးသည် ဘာဆိုသည်ကို မသိဘဲ လောကကြီးမှ ထွက်မြောက်ရာကို ရှာသည်ဆိုလျှင် ရယ်ဖွယ်သာ ဖြစ်ပေမည်။ ထို့ကြောင့် လောကကြီးမှ ထွက်မြောက်ရာကို မရှာမီ "ဤလောကကြီးသည် ဘာဖြစ်သည်"ဆိုသည်ကို ရှေးဦးစွာ နားလည်အောင် စစ်ဆေးကြည့်ရှုရပေလိမ့်မည်။

ရှင်တော်မြတ်ဘုရားသည် သက်ရှိသက်မဲ့နှင့် တကွသော အလုံးစုံသော လောကကြီးကို ကိုယ်တော်၏ ဉာဏ်တော်ဖြင့် သေချာ စစ်ဆေးကြည့်ရှုလိုက်သောအခါ "ဤလောကကြီးသည် ဒုက္ခတုံးကြီးသာ ဖြစ်ပေသည်" ဆိုသောအချက်ကို ကျကျနနကြီး သိမြင်တော်မူလာသည်။ လောကကြီး၏ အများဆိုင် အကျဉ်းချုပ်တရားကို ထုတ်ကြည့်လိုက်သောအခါ "ဒုက္ခ"ဆိုသော အဖြေတစ်ခုတည်း ထွက်လာသည်။ လောကကြီးတွင် ပျော်ရွှင်စရာ သာယာစရာကောင်းသည်ဟု ထင်ရသော အပျော်အပါး အာရုံများသည် တကယ်စစ်ကြည့်သောအခါ ချမ်းသာမဟုတ်ဘဲ ဆင်းရဲတရားတွေချည်း ဖြစ်သည်ကို အမှန်အတိုင်း သိမြင်၍ လာလေသည်။

ဤကဲ့သို့ သဘောမှန်အတိုင်းကြည့်လျှင် ဆင်းရဲတုံးအတိသာဖြစ်သော တရားများကိုပင် ဗုဒ္ဓရှင်တောက "ဒုက္ခသစ္စာ=ဆင်းရဲခြင်း အမှန်တရား"ဟု အမည်တပ်တော်မူလိုက်သည်။ သို့ဖြစ်၍ ဤဒုက္ခသစ္စာဟူသော ဝါဒသည် အမှန်အားဖြင့်ဆိုရမူ ဂေါတမဗုဒ္ဓ၏ ကမ္ဘာ့အမြင်ပင် ဖြစ်တော့သည်။

(ဆရာတော်ဦးသီလာနန္ဒ၏ တရားဦးမှ၊ စာ-၄၀။)

**သုခလော? ဒုက္ခလော?**

လောက၌ ပျော်ရွှင်စရာ များစွာရှိနေပါလျက် "ဒုက္ခ"တုံးကြီးဟု ပြောဆိုခြင်းမှာ ဗုဒ္ဓသည် လောကကို အဆိုးမြင်သက်သက်သာ ဖြစ်၏ဟု စောဒနာတက်ကြ၏။ ဧနီးမယား, လင်ယောကျ်ား, သားသမီး, အိုးအိမ်တိုက်တာ, ရာထူးစည်းစိမ်စသည်တို့သည် ရှိနေစဉ်ခဏ ချမ်းသာသသယောင်ယောင်ရှိသော်လည်း ကုန်ဆုံးပျက်စီးလျှင် ဒုက္ခကို အတိုးနှင့် ပြန်ဆပ်ရသဖြင့် ဝိပရိဏာမဒုက္ခများသာ ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓက "ယဒနိစ္စံ, တံ ဒုက္ခံ = မမြဲတာမှန်သမျှ ဆင်းရဲတာချည်း ဖြစ်၏"ဟု ဟောတော်မူခဲ့၏။

တနည်းအားဖြင့် ချမ်းသာစစ်ဟူသည် တခါတည်းဖြင့် "ပြည့်ဝသွားသည်, ကျေနပ်သွားသည်"ကို ဆိုပေသည်။ လောကပျော်ရွှင်စရာ အာရုံအမျိုးမျိုးတို့ကား လိုက်စားသော်လည်း ပြည့်ဝသွားသည်ဟူ၍ မရှိ။ မည်မျှ ကောင်းသောအစာကို စားစေကာမူ တခါတည်း အဆာငြိမ်းသွားသည်ဟူ၍ မရှိ။ ထို့ကြောင့် ထပ်ထပ် စားနေကြရ၏။ မည်မျှကောင်းသော ရုပ်ရှင်ကားများကြည့်စေကာမူ အလိုပြည့်သွားသည် မရှိ။ ပျော်ရွှင်မှုကလေး မပျောက်ရေးအတွက် ပျော်စရာ အသစ်အသစ်များကို ရှာနေကြရ၏။ တစ်ခုတည်းလည်း ကြာကြာမကြိုက်နိုင်သဖြင့် အသစ်များနှင့် အစားထိုးထိုး နေကြရ၏။ အသစ်အစားထိုးရသော ဒုက္ခသည် ရလာမည့် သုခထက်ပင် ပို၍ ကြီးမားလှ၏။ သို့ဆိုလျှင် ချမ်းသာဟု မခေါ်နိုင်။ ချမ်းသာမဟုတ်လျှင် ဆင်းရဲသာဖြစ်၏။ (ဆရာတော်ဦးသီလာနန္ဒ၏ တရားဦးစာအုပ်မှ ကောက်နုတ်ချက်၊ စာ ၄၅-၄၇။)

**ဒုက္ခသစ္စာအနက် လေးချက်**

၁။ **ပီဠနဋ္ဌ**- ညှင်းပန်းနှိပ်စက်ခြင်းသည် ဒုက္ခသစ္စာ၏ ပကတိ သဘာဝဖြစ်သည်။

၂။ **သမုဒယ**- အကြောင်းတရားတွေက ပေါင်းစပ်ဖန်တီးထားတဲ့ အရာသာဖြစ်သည်-ဟူသော အချက်သည် သမုဒယသစ္စာရှုထောင့်မှ မြင်ရသည့် ဒုက္ခသစ္စာ၏ သဘာဝ ဖြစ်သည်။
၃။ **သန္တာပဋ္ဌ**- ဒုက္ခဖြစ်၍ ပူပန်ရခြင်း, ကိလေသာရှိ၍ ပူပန်ရခြင်းသည် နိရောဓသစ္စာ ရှုဒေါင့်မှ မြင်ရသည့် သဘာဝဖြစ်သည်။
၄။ **ဝိပရိဏာမဋ္ဌ**- အိုခြင်းသေခြင်းဖြင့် ပြောင်းလဲပျက်စီးခြင်းသည် မဂ္ဂသစ္စာ ရှုထောင့်မှ မြင့်ရသည် သဘာဝဖြစ်သည်။
ဤကား ဒုက္ခသစ္စာ၏ သဘာဝကို ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ- ရှုထောင့်စုံမှ ရှုမြင်ရခြင်းဖြစ်သည်။

(မှတ်ချက်။ သစ္စာအနက် လေးချက်ဟူသည် မိမိ၏ ပင်ကိုယ်အနက်သဘောက တစ်ခု၊ ၎င်းသစ္စာကိုပင် အခြား သစ္စာသုံးပါး အမြင်ဖြင့် ရှုမြင်သုံးသပ်ပုံ အနက်က သုံးခု။ ဤသို့အားဖြင့် သစ္စာတစ်ပါးတစ်ပါး၌ လေးပါးစီရှိ၍ အားလုံး **သစ္စာအနက် ၁၆-ချက်** ဖြစ်သွား၏။)

### ဒုက္ခ ဟူသည်...

(က) ဆင်းရဲ-ငြိုငြင်-ပင်ပန်း-နာကျင် သောကြောင့် ဒုက္ခ၊
(ခ) တူးဖြိုဖျက်ဆီးတတ်သောကြောင့် ဒုက္ခ၊
(ဂ) ဆင်းရဲသဖြင့် သည်းခံအပ်သော- သည်းခံနိုင်ခဲသောကြောင့် ဒုက္ခ၊
(ဃ) ခါးစပ်သောအရသာနှင့် တူသောကြောင့် ဒုက္ခ၊
(င) နှစ်သက်-သာယာ-ကျေနပ်ဖွယ် မရှိသောကြောင့် ဒုက္ခ၊
(စ) ဖြစ်ခြင်း-ပျက်ခြင်း နှစ်ပါးဖြင့် နှိပ်စက်တတ်သောကြောင့် ဒုက္ခ၊
(ဆ) ကြောက်စရာကောင်းသောကြောင့် ဒုက္ခ။

### အရိယသစ္စာ

ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့သာ ပိုင်ပိုင်နိုင်နိုင် သိအပ်သောကြောင့် **အရိယသစ္စာ** ဟုခေါ်၏။ တနည်း - မဖောက်မပြန် မှန်ကန်ကုန်သော သစ္စာတို့ကို အရိယာသစ္စာဟု ခေါ်၏။
(ကောင်းကောင်း, မကောင်းကောင်း၊ မဖောက်မပြန် မှန်ကန်မှုသဘောကို သစ္စာ-ဟု ခေါ်သည်။)

### ဒုက္ခ ၁၂-မျိုး

၁။ **ဇာတိ** = ပဋိသန္ဓေနေရခြင်း ဒုက္ခ၊
၂။ **ဇရာ** = အိုရခြင်း ဒုက္ခ၊
၃။ **မရဏ** = သေရခြင်း ဒုက္ခ၊
၄။ **သောက** = စိုးရိမ်ပူဆွေးရခြင်း ဒုက္ခ၊
၅။ **ပရိဒေဝ** = ငိုကြွေးမြည်တမ်းရခြင်း ဒုက္ခ၊
၆။ **ဒုက္ခ** = ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊
၇။ **ဒေါမနဿ** = စိတ်ဆင်းရဲခြင်း ဒုက္ခ၊
၈။ **ဥပါယာသ** = ပြင်းစွာပူပန်ခြင်း ဒုက္ခ၊

၉။ **အပ္ပိယေဟိ သမ္ပယောဂ** = မချစ်မနှစ်သက်သော သတ္တဝါ, သင်္ခါရဝတ္ထုတို့နှင့် တွေ့ဆုံပေါင်းသင်း ဆက်ဆံရခြင်း ဒုက္ခ၊

၁၀။ **ပိယေဟိ ဝိပ္ပယောဂ** = ချစ်ခင်နှစ်သက်သော သတ္တဝါ, သင်္ခါရဝတ္ထုတို့နှင့် ကွဲကွာကွေးကွင်း မဆက်ဆံရခြင်း ဒုက္ခ၊

၁၁။ **ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ** = အထက်ပါ ဇာတိဒုက္ခစသော ၁၀-မျိုးတို့သည် "ငါ့မှာမဖြစ်လျှင် ကောင်းလေစွ"ဟု တောင့်တအပ်သည်ကို မရသဖြင့် ဆင်းရဲခြင်း ဒုက္ခ၊

၁၂။ **သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ**=အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါးဟူသော ဒုက္ခ။

## ၁။ ဇာတိဒုက္ခ

ဘဝသစ်၌ ပထမဆုံးဖြစ်သော ဥပါဒ်ကို မုချအားဖြင့် ဇာတိဟု ခေါ်၏။ စဖြစ်ဖြစ်ချင်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မရှိသေး။ သို့သော် ဖျားနာခြင်းစသော နောင်ဖြစ်လာမည့် ဆင်းရဲဟူသမျှသည် ထိုဇာတိကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်၏။ နောင်ဆင်းရဲဒုက္ခရောက်မည်ကို မသိခြင်းကြောင့် အာမခံလက်မှတ် ထိုးပေးလိုက်ခြင်းနှင့် တူ၏။ သတ္တဝါများသည်လည်း ဇာတိစာချုပ်မိလျှင် ကျန်ဒုက္ခ အကုန်ခံရတော့၏။ ထို့ကြောင့် ဇာတိကို ဒုက္ခဟု ဟောတော်မူ၏။

ထို့ပြင် ဇာတိသည် ဖြစ်စတွင် မဆင်းရဲသေးသော်လည်း နောင်တွင် ဆင်းရဲဒုက္ခ မျိုးစုံကိုသာ ဖြစ်စေတတ်သောကြောင့် သွယ်ဝိုက်သောအားဖြင့် "**ပရိယာယဒုက္ခ**"လည်း ဖြစ်၏။

(မှတ်ချက်။ ။တစ်ဘဝ၌ အစဆုံးဖြစ်သော ရုပ်နာမ်ခန္ဓာသည် "ဇာတိ"မည်၏။ ထိုရုပ်နာမ်ခန္ဓာသည် ဝိပါက်စိတ်, စေတသိက်, ကမ္မဇရုပ်များဖြစ်သောကြောင့် ဒုက္ခသဟဂုတ် ကာယဝိညာဏ်, ဒေါသမူဒွေးတို့၌ ယှဉ်သော ဝေဒနာကဲ့သို့ မဆင်းရဲ။ သို့သော်လည်း မိမိတို့ဖြစ်ရာဘဝ၌ နောက်နောင် ဒုက္ခဖြစ်ခြင်း၏ အကြောင်း(ဝါ)အစပြုလာခြင်း ဖြစ်သောကြောင့် ဒုက္ခဟူ၍သာ ဟောတော်မူပါသည်။)

### ရှင်သီဝလိ၏ ဇာတိဒုက္ခ

ကောသလမင်းက ဗာရာဏသီမင်းကို စစ်နိုင်သဖြင့် သတ်ဖြတ်ကာ မင်းလုပ်၏။ မိဖုရားကိုကား မိဖုရားကြီး ရာထူး၌ပင် ထား၏။ သားတော်ကား စစ်ရှုံး၍ ထွက်ပြေး၏။ နောင်သောအခါ စစ်တပ် အင်အား ပြန်စုကာ တိုင်းပြည်ကို အပ်နှံရန် ရာဇသံပေး၏။ တိုင်းပြည်မအပ်သဖြင့် မိခင်နှင့်တိုင်ပင်ကာ မြို့ကို ၇-နှစ်တိတိ ပိတ်ထား၏။ ယင်းသည့်တိုင် လက်နက်မချသဖြင့် နောက်ဆုံးမြို့ကို ၇-ရက် ဆက်တိုက် အလုံပိတ်လိုက်မှ နိုင်သွား၏။

တိုင်းသူပြည်သားများ ၇-ရက် အစာဖြတ်ခဲ့သည့် ဝဋ်ကြွေးကြောင့် နောက်ဆုံးဘဝတွင် မိခင် သုပ္ပဝါသမင်းသမီးသည် (၇)နှစ်နှင့် (၇)ရက် ကိုယ်ဝန်ဆောင်ရခြင်း ဆင်းရဲ၊ သားငယ်သီဝလိမှာ အမိဝမ်း ၌ ကိန်းအောင်းရခြင်း ဆင်းရဲတို့ကို ခံစားကြရ၏။

မွေးပြီး၍ ဆွမ်းကျွေးပွဲ၌ ရှင်သာရိပုတြာမထေရ်ကြီးကို အမိဝမ်း၌ နေခဲ့ရသည့် ဆင်းရဲဒုက္ခများကို ပြန်လည်ပြောပြ၏။ ရှင်သာရိပုတြာမထေရ်ကြီးက "သီဝလိ... သင်သည် ဒီလိုဒုက္ခတွေ ခံစားခဲ့ရတာကို သိနေမှတော့ ရှင်ရဟန်းပြုဖို့ မသင့်ဘူးလား"ဟု မေး၏။ နောက်ဆုံး မိဘတို့ကလည်း ခွင့်ပြုသဖြင့် ရဟန်း ဝတ်ကာ ရဟန္တာအဖြစ်သို့ ရောက်သွား၏။ (အံ၊ဋ္ဌ၊၁၊၁၉၀။ ထေရ၊ဋ္ဌ၊၁၊၁၆၉။ အပ၊ဋ္ဌ၊၂၊၂၄၅။)

## ၂။ ဇရာဒုက္ခ

အိုမင်းခြင်း, ရင့်ကျက်ခြင်း, အသက်၏ ဆုတ်ယုတ်လာခြင်း, ခြေလက်အင်္ဂါများ လျော့ရဲလာခြင်း, မျက်စိ,နားစသော ပသာဒရုပ်များ ချို့ယွင်းလာခြင်း, ဆံဖြူခြင်း, နားထိုင်းခြင်း, သွားကျိုးခြင်း, ခါးကုန်းခြင်း စသည်တို့သည် ဇရာ-အိုမင်းရင့်ရော်မှုပင်တည်း။

**ဇရာ ၂-မျိုး။** ။တည်ဆဲခဏ 'ဌီ'ဟူသော သခ်ၤတလက္ခဏာသည်လည်း ဇရာမည်၏။ ဆံဖြူ, သွားကျိုး စသည်ဖြင့် သမုတ်အပ်သော ခန္ဓာအစဉ်သန္တာန်၌ အတွင်းဝင်သော ခန္ဓာတို့၏ ရင့်ရော်ဟောင်းနွမ်းသည်၏ အဖြစ်သည်လည်း ဇရာမည်၏။ ဤအရာ၌ ရင့်ရော်ဟောင်းနွမ်းသည်၏ အဖြစ်ဟူသော ထိုဇရာကို ဤအရာ၌ ဆိုလိုသည်။

**ဇရာကို မမြင်ရ။** ။အထက်ပါ စကားရပ်များသည် ဇရာ၏ ရင့်ရော်လာပုံ, ဖေါက်ပြန်လာပုံ အခြင်းအရာများကို ညွှန်ပြသော စကားများသာ ဖြစ်သည်။ ဇရာအဟုန် နှိပ်စက်ခံရသောသူအား ထိုဇရာ၏ အကျိုးဆက်ကြောင့် အသားအရေများ ရင့်လာ၏။ သွားများ ကျိုးလာ၏။ ဆံပင်များ တဖြေးဖြေး ဖြူလာ၏။ အရေများ ခြောက်ကာ တွန့်လာ၏။ မျက်စိများ မှုန်လာ၏။ ဤသည်တို့ကား မျက်စိဖြင့် မြင်ရသောကြောင့် ထင်ရှားသော **ပါကဋဇရာ**ဟု ခေါ်၏။

သို့သော် ၎င်းတို့မှာ တကယ့်ဇရာအစစ် မဟုတ်ကုန်။ တကယ့်ဇရာ (ဇရာဓမ္မ-အိုခြင်းသဘော) အစစ်သည်ကား မျက်စိဖြင့် မမြင်ကောင်းသော "**န စက္ခုဝိညေယျဓမ္မ**"သာ ဖြစ်သည်။ ဥပမာ- လေဆင်နှာမောင်းတိုက်သဖြင့် သစ်ပင်စသည်တို့သည် ပျက်စီးကုန်လျက် လေလမ်းကြောင်းသည် ထင်ရှားကျန်ရစ်၏။ သို့သော် ထိုလမ်းကြောင်းသည် လေမဟုတ်ကုန်။ လေတိုက်မှုကြောင့် အကျိုးဆက် ဖြစ်ပေါ်လာသည့် ပျက်စီးမှု လမ်းကြောင်းသာ ဖြစ်သည်။

**အိုခြင်း ဒုက္ခများ။** ။ခြေလက်အင်္ဂါတို့၏ အားနည်းခြင်းကြောင့်၎င်း၊ မျက်စိစသော ဣန္ဒြေတို့၏ မှုန်မှိုင်း ဖေါက်ပြန်ခြင်းကြောင့်၎င်း၊ နုပျိုသောအရွယ်၏ ပျက်စီးခြင်းကြောင့်၎င်း၊ ခွန်အား၏ ဆုတ်ယုတ် အားနည်းလာခြင်းကြောင့်၎င်း၊ သတိ, ဝီရိယ, ပညာတို့၏ ပျောက်ကွယ် ကင်းကွာခြင်းကြောင့်၎င်း၊ မိမိ၏ သားသမီး, ဇနီး မယားတို့က "အဖိုးကြီး" "သက်ကျားအို" စသည်ဖြင့် မရိုမသေ စောင်းမြောင်း၍ မောင်းမဲ မြည်တွန်ခံရခြင်းကြောင့်၎င်း၊ အိုသောသူ၏ ကိုယ်စိတ်၌ ဖြစ်ရသော ဆင်းရဲအပေါင်း မှန်သမျှသည် ဤအိုခြင်း ဇရာကြောင့်ပင် ဖြစ်ရ၏။

### ရဋ္ဌပါလလို ကြိုပြင်ကြ

"အရှင်ဘုရား… လောကမှာ လူတွေဟာ စည်းစိမ်တွေကုန်ဆုံးလို့ သက်ကျားအိုဘဝကို ရောက်မှ ရဟန်းဝတ်ကြပါတယ်။ အရှင်ဘုရားကတော့ စည်းစိမ်တွေပြည့်ဝ ချမ်းသာနေပါလျက် ငယ်ငယ်ရွယ်ရွယ်နှင့် ဘာ့ကြောင့် ရဟန်းဝတ်ရပါလဲ?"ဟု ကောရဗျမင်းကြီးက မေးသောအခါ…

"အရှင်မင်းကြီး… လောကကြီးကို ဇရာတရားက ဆွဲဆောင်နေ၏။ အမြဲမတည်ချေ"ဟု ဘုရားရှင်ဟောကြားသော တရားအကျဉ်းချုပ်ကို သိရ၍ ရဟန်းဝတ်ခဲ့၏"ဟု ရဋ္ဌပါလရဟန္တာက ပြန်ဖြေ၏။

"အရှင်ဘုရား… ဤတရားအကျဉ်းချုပ်၏ အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရပါမည်နည်း?"

"အရှင်မင်းကြီး… သင်ဟာ ငယ်ရွယ်စဉ်က ခွန်အားဗလနှင့် ပြည့်စုံလု၏။ ဆင်စီး, မြင်းစီး, ဓားခုတ်, လှံထိုး အတတ်များလည်း တတ်ကျွမ်းလှ၏။ အခုကား အဘယ်သို့နည်း?"ဟု မေးလေရာ-

"ဟိုတုန်းကတော့ ခွန်အားဗလနှင့်ပြည့်စုံလို့ တခါတရံ ကိုယ့်ကိုယ်ကိုယ် တန်ခိုးရှိတယ်လို့တောင် ထင်ခဲ့မိတယ်ဘုရား။ ကိုယ့်လောက် လျင်မြန်ပြီး သန်မာအားကောင်းတဲ့သူ မရှိဘူးလို့တောင် ထင်ခဲ့တာ။ အခုတော့ အသက်ရှစ်ဆယ်ရှိပြီဆိုတော့ ခြေထောက်တောင် ဒီဘက်ချမယ်ဆိုပေမဲ့ ဟိုဘက်ကို ကျချင်ကျသွားတာဘုရား"ဟု ပြန်လျှောက်၏။

"အရှင်မင်းကြီး… မြတ်စွာဘုရားက ဒါကိုရည်ရွယ်ပြီး 'လောကကြီးကို ဇရာတရားက ဆွဲဆောင်နေ၏။ အမြဲမတည်ချေ'လို့ ဟောထားခြင်းဖြစ်၏"ဟု ဖြေလေရာ မင်းကြီးက နှစ်ခြိုက်သဘောကျသွား၏။ (ရဋ္ဌပါလသုတ်၊ မဇ္ဈိမ၊၂၊ ၂၄၄။)

## ဗျာဓိဒုက္ခ

ဓာတ်ကြီးလေးပါးတို့၏ ချောက်ချားခြင်းကြောင့် ကိုယ်၌ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာကို မုချအားဖြင့် ဗျာဓိဟု ခေါ်၏။ မခံသာအောင်, နာကျင်အောင် ထိုးတတ်သောကြောင့်၎င်း၊ အထူးထူးသော စိတ်နာကျင်ပင်ပန်းမှုတို့၏ တည်ရာဖြစ်သောကြောင့်၎င်း ထိုအနာကို ဗျာဓိဟု ခေါ်၏။

## ခန္ဓာရှိလျှင် ရောဂါရှိ၏

ခန္ဓာရှိလှင် ရောဂါရှိသည်မို့ ဘုရား,ရဟန္တာများလည်း ခန္ဓာနှင့်ပတ်သက်သော ရောဂါများကို ခံစားကြရ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ကပိလဝတ်ပြည်, နိဂြောဓာရုံကျောင်း၌ "သေခပဋိပဒါသုတ်"ကို ဟောခါနီး၌၎င်း၊ "အဝသုတပရိယာယသုတ်"ဟောသောအခါ၌၎င်း၊ ပါဝါပြည် ရွှေပန်းတိမ်သည် စုန္ဒ၏ သရက်ဥယျာဉ်၌ "သင်္ဂီတိသုတ်"ကို ဟောခါနီး၌၎င်း၊ နဠကပါန နိဂုံးဝယ် "ပထမနဠကပါနသုတ်"ကို ဟောသောအခါ စသည်တို့၌၎င်း ခါးနာတော်မူသဖြင့် အနားယူရသေး၏။ သို့သော် ဘုရားရဟန္တာများ၌ စေတသိကဒုက္ခ, ဒေါမနဿကို မဂ်ဖြင့်ပယ်ထား ပြီးဖြစ်၍ စိတ်ဆင်းရဲမှုကား မခံစားရပေ။

### အနာဖြစ်ကြောင်းရှစ်ပါး…

၁။ ပိတ္တ သမုဋ္ဌာနာနိ = သည်းခြေပျက်ခြင်းကြောင့် ဖြစ်သောအနာ။
၂။ သေမှ သမုဋ္ဌာနာနိ = သလိပ်ကြောင့် ဖြစ်သောအနာ။
၃။ ဝါတ သမုဋ္ဌာနာနိ = လေကြောင့် ဖြစ်သောအနာ။
၄။ သန္နိပါတိကာနိ = သည်းခြေ, သလိပ်, လေ ဤသုံးပါးဆုံ၍ ဖြစ်သောအနာ။
၅။ ဥတုပရိဏာမ ဇာနိ = ဥတုဖေါက်ပြန်၍ ဖြစ်သောအနာ။
၆။ ဝိသမ ပရိဟာရ ဇာနိ = ကိုယ်ကို မသင့်တော်အောင် ဆောင်၍ဖြစ်သော အနာ။

(ဆင်ခြင်ဉာဏ်နည်းသူတို့ မိမိကိုယ်ကို မတရား အလုပ်လုပ်ခြင်းကြောင့် ဖြစ်သောအနာမျိုး။ အချိန်မတော် သွားလာ၍ မြွေကိုက်ခြင်း၊ ချော်လဲခြင်း စသည်တို့ကြောင့်ဖြစ်သော အနာမျိုး။)

၇။ ဩပက္ကမိကာနိ = မိမိ, သူတပါးတို့ လုံ့လပယောဂကြောင့် ဖြစ်သောအနာ။

(မိမိကိုယ်ကိုယ် သေကြောင်းကြံခြင်း၊ သူတပါးတို့က ဖမ်းဆီးရိုက်နှက်ခံရခြင်း၊ ဘီလူးသူရဲတို့ နှိပ်စက်ခံရခြင်း၊ ကျား,ခြင်္သေ့,ဆင် စသော တောရိုင်းတိရစ္ဆာန်တို့ နှိပ်စက်ခံရခြင်း။)

၈။ ကမ္မဝိပါက ဇာနိ = ကံ၏အကျိုးကြောင့် ဖြစ်သောအနာ။

(ဥပပီဠကကံ, ဥပဃာတကကံတို့ကြောင့် မြေမျိုခြင်း, မိုးကြိုးပစ်ခြင်း စသည်တို့ကြောင့် ဖြစ်သောအနာ၊ ရှေးကံဟောင်းများကြောင့် ခန္ဓာကိုယ်၌ ဓာတ်ဖေါက်ပြန်ကာ ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာ။)

(သီဝကသုတ်၊ သံ၊၄၊၄၂၈။)

## ၃။ မရဏဒုက္ခ

**သေခြင်းသုံးမျိုး**

**၁။ ခဏိက မရဏ။** ။ရုပ်နာမ်တရားတို့၏ ဥပါဒ်,ဌီ,ဘင်အားဖြင့် အစဉ်မပြတ် ဖြစ်နေခြင်းကို ခဏိက မရဏ (ခဏတိုင်း, ခဏတိုင်းသေခြင်း)ဟု ခေါ်၏။

**၂။ သမုတိ မရဏ။** ။'ဦးဖြူ သေပြီ"ဟု ပြောရာ၌ ပရမတ်အားဖြင့် ဦးဖြူဟုခေါ်အပ်သော သတ္တဝါ၏ သက်သက်မရှိခြင်း၊ 'ကောင်ပင်သေပြီ'ဟု ပြောရာ၌ ကောက်ပင်၌ ပရမတ်ဖြစ်သော ဇီဝိတိန္ဒြေတရား၏ မရှိခြင်းကြောင့် ထိုသေခြင်းများသည် သမုတိမရဏ(ပညတ်သေခြင်း)ဟု ခေါ်၏။

**၃။ သမုစ္ဆေဒ မရဏ။** ။အာသဝေါကုန်ခမ်းပြီးသော ဘုရား,ရဟန္တာတို့၏ နောက်ထပ် ဘာမှမဖြစ်တော့ပဲ အမြတ်ပြတ် သေလွန်တော်မူခြင်းကို သမုစ္ဆေဒ မရဏဟု ခေါ်၏။

**သေခြင်းဆင်းရဲ။** ။သေအံ့ဆဲဆဲ ဖြစ်နေသော မကောင်းမှုရှိသူမှာ အကုသိုလ်ကံ, အကုသိုလ် နိမိတ်, အကုသိုလ်၏ အကျိုး အပါယ်ဂတိနိမိတ်ကို မပြတ် တွေ့မြင်နေရသည် ဖြစ်၍၎င်း၊ သေအံ့ဆဲဆဲ ဖြစ်နေသော ကောင်းမှုရှိသူမှာ ချစ်ဖွယ်ဝတ္ထုနှင့်စပ်သော ကွေကွင်းခွဲခွါရခြင်းကို သည်းမခံနိုင်သည် ဖြစ်၍၎င်း စိတ်ဆင်းရဲ ဖြစ်ရ၏။

မကောင်းမှုရှိသူ, ကောင်းမှုရှိသူဟု မခွဲဘဲ သာမညအားဖြင့် အလုံးစုံသော သူတို့မှာလည်း အစပ် အဖွဲ့တို့ကို ဖြတ်တောက်တတ်သော လေတို့က အသည်းနှလုံးစသော သေတွင်းအရပ်ကို ထိုးဆွနှိပ်စက် ခြင်းကို ခံရကုန်သည် ဖြစ်၍ အစပ်အဖွဲ့ စသည်တို့၏ ပြတ်ခြင်းကြောင့်ဖြစ်သော သည်းမခံနိုင်လောက် သော မကုစားနိုင်သော ကိုယ်ဆင်းရဲသည်လည်း ဖြစ်၏။ ဤသေခြင်းမရဏသည် ထိုကိုယ်ဆင်းရဲ စိတ် ဆင်းရဲတို့၏ တည်ရာ အကြောင်းပေတည်း။ ထို့ကြောင့် သေခြင်းမရဏကို ဒုက္ခဟူသည် ဟောတော် မူပေသည်။

**သိကြားမင်း၏ ဆင်းရဲ**

သိကြားမင်းကြီး စုတေခါနီးသောအခါ လက်ရှိရထားသော သိကြားစည်းစိမ်ကိုင်း၊ မိဖုရားများ, နတ်သမီးများကိုင်း စွန့်သွားရမည့်အရေး ပြင်းထန်လှသော ပူပန်မှုများဖြစ်ကာ သောကဖြစ်လာ၏။ သူ့ စည်းစိမ်များကို နောက်သိကြားရသွားမည်ကိုလည်း မနာလိုမှု **ဣဿာ**က နှိပ်စက်နေပြန်၏။

**သေရေးထက် ခွဲရေးခက်**

တခါက ရောဂါကျွမ်းသဖြင့် နောက်ဆုံးအချိန်ရောက်နေသော အိမ်ရှင်ယောကျ်ားသည် ရောဂါ နှိပ်စက်၍ နာကျင်လွန်းသဖြင့် သက်သာရာ ရလေမည်လားဟူသော မျှော်လင့်ချက်ဖြင့် လူးလိမ့်အော်ဟစ် နေ၏။ နောက်ဆုံးအချိန် နီးလာသောအခါ ထိုနာကျင်မှုကို သတိမရတော့ဘဲ ဇနီးလက်ကို အတင်းဆွဲ ထား၏။ သမီးနာမည်ကို ခေါ်နေပြန်၏။ ထိုသူတွင် သူကိုယ်တိုင်သေရေးထက် ဇနီးနှင့်သမီးကို ခွဲရေးက ပို၍ ခက်နေသယောင် ဖြစ်နေ၏။

**နကုလမာတာကို နမူနာယူသင့်**

နကုလပိတာ သူဌေးကြီး သေလုမတတ် ရောဂါနှိပ်စက် ခံနေရချိန်၌ နကုလမာတာ သူဌေး ကတော်ကြီးက-

> “သူဌေးကြီး… ငဲ့ကွက်တွယ်တာပြီး မသေပါနဲ့။ ငဲ့ကွက်လျက် သေရခြင်းသည် ဆင်းရဲပါ၏။ ငဲ့ကွက်တွယ်တာ၍ သေရခြင်းမျိုးကိုလည်း ဘုရားရှင် ကဲ့ရဲ့ပါ၏။ သင်ကွယ်လွန်သောအခါ အိမ်ထောင်ကို ကောင်းစွာထိန်းသိမ်းလျက် သားသမီးများကို လုပ်ကျွေးနိုင်ပါ၏။ ကျွန်ုပ်ကို နောက်အိမ်ထောင်ပြုလိမ့်မည်ဟုလည်း မပူပါနဲ့။ သင်မရှိသည့်နောက်ပိုင်း ဘုရားနှင့်သံဃာတော် များကို ဖူးမြော်ကြတော့မည်မဟုတ်ဟုလည်း မပူပါနဲ့။ အကျွန်ုပ်သည် သီလကို ဖြည့်ကျင့်ထားပါ ၏။ သမာဓိလည်း ငြိမ်းအေးမှု ရပါ၏။ တွေးတောယုံမှားမှုကင်းကာ သာသနာတော်၌လည်း ထောက်တည်ရာကို ရထားပါ၏။”

ဟု သွန်သင်ပြောပြအပ်သည်ရှိသော် နကုလပိတာ သူဌေးကြီးမှာ တခဏချင်း ငြိမ်းအေးမှုရကာ အနာ- ရောဂါ ပျောက်ကင်းသွား၏။ ၎င်းနောက် မြတ်စွာဘုရားထံသွား၍ ဤအကြောင်း လျှောက်ထားလေ၏။

(နကုလပိတုသုတ်၊ သာရတ္ထိယဝဂ်၊ အံ၊ဖ၊ နှာ-၂၆၁။)

**အနာထပိဏ် သူဌေးကြီး၏ နောက်ဆုံးအချိန်**

အနာထပိဏ်သူဌေးကြီး အသက်ကြီး၍ သေခါနီးတွင် တစ်ကိုယ်လုံး ပြင်းထန်သော ဝေဒနာများ ခံစားလာရ၏။ ထိုအခါ ရှင်သာရိပုတြာနှင့် ရှင်အာနန္ဒာမထေရ်တို့ကို အပင့်ခိုင်းပြီး တရားနာ၏။ ရှင်သာရိ- ပုတြာမထေရ်ကြီးက ပစ္စည်းဥစ္စာနှင့် ဘဝအပေါ်တွင် စွဲလမ်းမှုများ ကင်းပျောက်စေနိုင်သည့် ဝိပဿနာ တရားများ ဟောကြားတော်မူ၏။ နာကျင်မှုဝေဒနာများ ကင်းပျောက်ကာ ကွယ်လွန်သောအခါ၌ တုသိတာနတ်ပြည်၌ ဖြစ်ရ၏။ (အနာထပိဏ္ဍိကောဝါဒသုတ်၊ ဥပရိပဏ္ဏာသ၊ ၃၇၁။)

**၄။ သောက**

မိဘဆွေမျိုးတို့၏ ပျက်စီးခြင်း၊ စည်းစိမ်ဥစ္စ ာပျက်စီးခြင်း၊ ကျန်းမာရေးပျက်စီးခြင်း၊ သီလ ပျက်စီးခြင်း၊ အယူပျက်စီးခြင်းတို့နှင့် တွေ့ကြုံရ၍ဖြစ်စေ၊ အခြားဒုက္ခရောက်ကြောင်းတရား တစ်ခုခုနှင့် တွေ့ကြုံရ၍ဖြစ်စေ စိုးရိမ်ပူပန်ခြင်း၊ ဝမ်းနည်းခြင်းသည် သောကမည်၏။ ယင်းသောကသည် တရား ကိုယ်အားဖြင့် ဒေါမနဿပင် ဖြစ်သော်လည်း အတွင်း၌ ကြံတွေးလျက် ပူးဆွေးခြင်းလက္ခဏာရှိသည့် ဒေါမနဿအထူးပေတည်း။

**ပဋာစာရီ၏ သောကအပူမီး**

ပဋာစာရီသည် လင်မြွေကိုက်၍ ဆုံး၏။ သားကြီး ရေမျော၍ သေ၏။ သားငယ် စွန်ချီသွား၏။ မိဘနှင့် အကိုတို့ မုန်တိုင်တိုက်၍ အိမ်ပြိုကျ သေဆုံး၏။ ပစ္စည်းဥစ္စာ အားလုံးဆုံးရှုံး၏။ ထိုသို့ မိမိချစ်ခင်သော အရာအားလုံး ဆုံးရှုံးသွား၍ အပူများ တစ်ခုပြီးတစ်ခု ရိုက်ခတ်မှုကြောင့် သောကများ ပူလွန်းအား - ကြီးပြီး နောက်ဆုံး သွေးပျက်ကာ သတိလွတ်လျက် အရူးမအဖြစ်သို့ ရောက်ရှာ၏။ တဏှာလောဘသည် သောကဟူသော အကျိုးကို မုချပေးတတ်၏။ (တဏှာယ ဇာယတီ သောကော။)

## ၅။ ပရိဒေဝဟူသည်-

ဆွေမျိုးတို့၏ ပျက်စီးခြင်းအစရှိသော ဗျသနတရား ငါးပါးတို့ကြောင့်၄င်း၊ ဖမ်းဆီးနှိပ်စက်ခံရခြင်း စသည့် ဆင်းရဲရောက်ကြောင်း တရားတို့ကြောင့်၄င်း ဆုံးရှုံးပျက်စီးသွားသော ပုဂ္ဂိုလ်နှင့် ပစ္စည်းဝတ္ထု၏ ဂုဏ်ကျေးဇူးများကို ထုတ်ဖေါ်ပြောဆိုလျက် ငိုကြွေးခြင်းကို ခေါ်သည်။ (စိတ္တဇဝိပလ္လာသသဒ္ဒ= စိတ်ကြောင့်ဖြစ်သော ဖေါက်ပြန်သော အသံရုပ်)

**အာနန္ဒာ ငိုကြွေးခန်း**

အာနန္ဒာသည် မြတ်စွာဘုရား ကုသိနာရုံ၌ ပရိနိဗ္ဗာန်စံပြီးနောက် ဘုရား၏ သပိတ်သင်္ကန်းတော်များ ယူကာ သာဝတ္ထိသို့ ပြန်သွား၏။ မြို့သူမြို့သားများက ညီနောင်နှစ်ပါး အတူတကွ အမြဲသွားနေသည်ကို တွေ့နေကြမှ ဘုရားမပါတော့ဘဲ ပြန်လာသော အာနန္ဒာကို တွေ့သောအခါ လူးလိမ့်ငိုကြွေးကြ၏။ ထိုအခါ အာနန္ဒာက မမြဲသည့် အနိစ္စသဘောတရားများကို ဟောကြားကာ လူများကို သောကသက်သာရာ ရစေ၏။

သို့သော် သူကိုယ်တိုင်ကမူ ဂန္ဓကုဋိတိုက်ကျောင်းအတွင်း ဘုရားရှိစဉ်ကကဲ့သို့ ဝေယျာဝစ္စလုပ်သော အခါ၌ကား "ဒီအချိန်ဟာ အရှင်ဘုရားရဲ့ ရေချိုးချိန် မဟုတ်ပါလားဘုရား့။ ဒီအချိန်က တရားဟောချိန် မဟုတ်ပါလား ဘုရာ့။ ဒီအချိန်က ဩဝါဒပေးချိန် မဟုတ်ပါလားဘုရာ့"ဟု သူ့အချိန်ရောက်တိုင်း ယခင်က လျှောက်သည့်အတိုင်း ပြောဆိုကာ ငိုငိုနေ၏။ ထိုအခါ အနီးရှိ နတ်သားတစ်ယောက်က "အရှင်ဘုရားတို့ ကိုယ်တိုင်က ဒီလိုငိုနေရင် လူတွေကို ဘယ်သူက သောကငြိမ်းစေပါတော့မလဲ ဘုရား"ဟု လျှောက်မှ သတိသံဝေဂ ရသွားတော့၏။

## ၆။ဒုက္ခ

ကိုယ်ဆင်းရဲမှန်သမျှ၊ ကိုယ်ထဲ၌ မကောင်းသော အတွေ့များနှင့် တွေ့ရသဖြင့် နာကျင်ကိုက်ခဲသော ဆင်းရဲမှန်သမျှသည် ဒုက္ခ-မည်၏။ ယင်းဒုက္ခသည် သူ၏တည်ရာ ကိုယ်ကို နှိပ်စက်တတ်၏။ ထို့ပြင် စိတ်ဆင်းရဲကိုလည်း ဖြစ်စေတတ်၏။ (ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၌ရှိသော ဝေဒနာ)

## ၇။ ဒေါမနဿ

စိတ်ထဲ၌ဖြစ်သော နှလုံးမသာယာခြင်း ဆင်းရဲသည် ဒေါမနဿမည်၏။ ဤဒေါမနဿသည် စိတ်ကို နှိပ်စက်ခြင်း လက္ခဏာရှိ၏။ ကိုယ်ဆင်းရဲကိုလည်း ဖြစ်စေတတ်၏။ ထို့ကြောင့် စိတ်ဆင်းရောက်

နေသော သူတို့သည် ဆံပင်တို့ကို ဖြန့်ကြဲ၍ မြည်တမ်း ငိုကြွေးကုန်၏။ ရင်ဘတ်တို့ကို ထုကြိတ်ကုန်၏။ မြေသို့ လူးလိမ့်ကုန်၏။ ဂျမ်းထိုးချကုန်၏။ အဆိပ်ကို စားကုန်၏။ ကြိုးဆွဲချကုန်၏။ ဤသို့သော ကိုယ်ဆင်းရဲကို ခံစား ကြရကုန်၏။ (သောကကိုချန်၍ ကျန်စိတ်ဆင်းရဲမှု မှန်သမျှအားလုံး ဤဒေါမနဿတွင် ပါဝင်သည်။ အရကောက်မှာ ဒေါသမူဒွေး၌ ရှိသော ဝေဒနာတည်း။)

## ပျော်ကောင်းတုန်း သောကရောက်သွားသည့် သုပြဟ္မနတ်သား

သုပြဟ္မာနတ်သားသည် နတ်သမီးတစ်ထောင်ဖြင့် နန္ဒဝန်ဥယျာဉ်ကြီးထဲ၌ ပျော်ပျော်ပါးပါး ပန်းခူးနေစဉ် ပန်းပင်ပေါ်မှ နတ်သမီးငါးပါးရာ ပျောက်သွား၏။ "ဘယ်ရောက်သွားပါလိမ့်မည်နည်း"ဟု ကြည့်လိုက်သောအခါ ငရဲရောက်နေသည်ကို တွေ့ရ၍ စိုးရိမ်ပူပန်သွား၏။ မိမိကိုယ်ကိုယ် ပြန်ဆင်ခြင်ကြည့်သောအခါ၌လည်း မိမိသက်တမ်းမှာ ၇-ရက်ခန့်သာနေပြီး စုတေရတော့မည်ကို တွေ့ရ၍ ထိန်လန့်တုန်လှုပ်သွား၏။ ထိုအခါ ဘုရားထံသို့သွား၍ အကြောက်ကင်းကြောင်း အကျင့်နှင့် မကြောက်ရသော အရပ်ဌာနတို့ကို မေးမြန်း၏။ မြတ်စွာဘုရားက-

> "အရိယာမဂ်အကျင့်ကို ဖယ်ထား၍ငင်း၊ တပခေါ်သော သမ္မပ္ပဓာန် ဝီရိယကို ဖယ်ထား၍ငင်း၊ ဣန္ဒြေ ၆-ပါးတို့၌ အကုသိုလ်မဖြစ်အောင် စောင့်ထိန်းခြင်းအကျင့်ကို ဖယ်ထား၍ငင်း၊ အလုံးစုံသော ရုပ်နာမ်တရားတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို ဖယ်ထား၍ငင်း၊ သတ္တဝါတို့၏ ချမ်းသာရာကို ငါဘုရား မြင်တော်မမူ။"

ဟု ဟောလိုက်သောအခါ သောတာပန်ဖြစ်သွား၍ ထိတ်လန့်တုန်လှုပ်မှု, စိတ်ပူပန်မှုများလည်း ကင်းပျောက်သွား၏။ (သုပြဟ္မသုတ်၊ သံ၊၁၊၅၂။)

## ၈။ ဥပါယာသ

ဆွေမျိုးတို့၏ ပျက်စီးခြင်းအစရှိသော ဗျသနတရား ငါးပါးတို့ကြောင့်၄င်း၊ ဆင်းရဲကြောင်း ဝတ္ထုအာရုံတို့က အနှိပ်စက်ခံရသောကြောင့်၄င်း စိတ်ထဲ၌ ပြင်းစွာပင်ပန်းခြင်းကို ခေါ်သည်။ လူများ အသံမထွက်နိုင်ပဲ မေ့တက်သွားလောက်အောင် ပင်ပန်းမှု,ဆင်းရဲမှုမျိုးပင်တည်း။ (ဥပ-အလွန်အကဲ၊ အာယာသ- ပင်ပန်းခြင်း။ ဒေါသမူဒွေး၌ ရှိသော ဒေါသ။)

## ၉။ အပ္ပိယ သမ္ပယောဂ ဒုက္ခ (မုန်းတာနှင့်တွဲ ဒုက္ခဘဲ)

မချစ်မနှစ်သက်သော, မုန်းစရာကောင်းသော, မိမိ၏ အကျိုးမဲ့မှု, ပျက်စီးမှုကိုသာ လိုလားနေသော ပုဂ္ဂိုလ်များ(**သတ္တဝါ**)နှင့် တွေ့ဆုံပေါင်းသင်း ယှဉ်တွဲနေရခြင်း၊ နှစ်သစ်ဖွယ်ရာ မကောင်းသော အာရုံ(**သင်္ခါရ**)များကို မြင်-ကြား-နံ-စား-ထိ-နေရခြင်းကြောင့် ဖြစ်သော ဒုက္ခ။

## ၁၀။ ပိယေဟိ ဝိပ္ပယောဂ ဒုက္ခ (ချစ်တာနှင့်ကွဲ ဒုက္ခဘဲ)

ချစ်ခင်နှစ်သက်အပ်သော, မိမိ၏ အကျိုးတရားကိုသာ လိုလားနေသော ပုဂ္ဂိုလ်များ(**သတ္တဝါ**)နှင့် ခွဲခွါ ကွေကွင်းရခြင်း၊ နှစ်သစ်ဖွယ်ရာ ကောင်းသောအာရုံ(**သင်္ခါရ**)များကို မြင်-ကြား-နံ-စား-ထိတွေ့ မနေရဘဲ ကွဲကွာ ကွေကွင်းရခြင်းကြောင့် ဖြစ်သော ဒုက္ခ။

## ၁၁။ ဣစ္ဆိတာလာဘ ဒုက္ခ- အလိုရှိတာကို မရခြင်းသည်လည်း ဒုက္ခ

“အို,နာ,သေ စသော အထက်၌ဆိုခဲ့ပြီးသည် သဘောတရားများသည် ငါ့အား မဖြစ်ပါမူ ကောင်းလေစွ”ဟု တောင့်တပါသော်လည်း မရနိုင်။ ထိုသို့ မရနိုင်သော, မဖြစ်နိုင်သော အရာများကို တောင့်တနေခြင်းကြောင့် ဖြစ်သောဆင်းရဲကို “ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ”ဟု ခေါ်၏။

**ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ... အယူအဆ**

၁။ မိမိ အလိုရှိအပ်သည်ကို မရ၊ ထိုမရခြင်းသည်လည်း ဒုက္ခပေတည်း။ (ဝိသုဒ္ဓိမဂ်ဋီကာ)

၂။ အကြင်လိုချင်သည်ကို မရ၊ (ဝါ) အလိုအတိုင်းမဖြစ်။ မရနိုင်တာကို လိုချင်သော ထိုအလိုသည်လည်း ဆင်းရဲပေတည်း။ (မူလဋီကာ)

၃။ အကြင်လိုချင်ခြင်းသဘောဖြင့် မရနိုင်ကောင်းသော ဝတ္ထုကို လိုချင်ပါလျက် မရ။ မရနိုင်သောဝတ္ထုကို ထိုလိုချင်ခြင်းသည်လည်း ဆင်းရဲပေတည်း။ (သတိပဋ္ဌာန်သုတ် အဖွင့်)

**တဏှာဟာ သမုဒယသစ္စာ မဟုတ်ဘူးလား?**

ဤအရာ၌ လိုချင်,ဖြစ်ချင်ခြင်း တဏှာသည် သမုဒယသစ္စာဖြစ်ပါလျက် အဘယ့်ကြောင့် ဒုက္ခဟု ဆိုရပါသနည်း? ဟု မေးဖွယ်ရှိ၏။ ယခုဘဝ၌ဖြစ်သော ရုပ်နာမ်မှန်သမျှသည် ရှေးဘဝက ဖြစ်ခဲ့ပြီးသော တဏှာလျှင် အကြောင်းရင်းရှိသောကြောင့် ဒုက္ခ၌ အတွင်းဝင်၏။ ထို့ကြောင့် မရနိုင်-မဖြစ်နိုင်သည်ကို လိုချင်သည့်တဏှာကိုပင် ဒုက္ခ-ဟု မှတ်ရာ၏။

**ဘယ်သူက ပိုမိုက်သလဲ...?**

သာဝတ္ထိမြို့ အဒိန္နပုဗ္ဗက သူဌေးကြီး၏သားသည် အသားဝါရောဂါဖြင့် ကွယ်လွန်၏။ သားမှာ ကွယ်လွန်ခါနီး ဘုရားကို ဖူးတွေ့လိုက်ရသဖြင့် တာဝတိံသာနတ်ပြည်၌ ဖြစ်သွား၏။ ဖခင်မှာ သားငယ်အတွက် နေ့စဉ် သင်္ချိုင်းသွား၍ ငိုနေ၏။ ဤသည်ကို နတ်ဖြစ်သွားသောသားက တရားပြလို၍ သင်္ချိုင်းသို့ သွားပြီး သူ့အနီးတွင် လက်နှစ်ဖက်မြှောက်ကာ ငိုနေ၏။

သူဌေးကြီးက သူ့သားအရွယ်မို့ သနားပြီး “ဘာအကြောင်းကြောင့် ငိုသနည်း”ဟု မေး၏။ လူငယ်လေးက သူ့လှည်းမှာ လှည်းအိမ်ရှိပြီး လှည်းဘီးမရှိ၍ လနှင့်နေကို ဘီးလုပ်လိုကြောင်း၊ အခု အဲဒါကို မရ၍ ငိုနေကြောင်း ပြော၏။ ထိုအခါ သူဌေးကြီးက “သင်ဟာ မဖြစ်နိုင်-မရနိုင်တာကို တောင့်တနေခြင်းသည် အလွန်မိုက်မဲလှ၏”ဟု ပြောဆိုလေ၏။

ဤတွင် လူငယ်က “အကျွန်ုပ်က မဖြစ်နိုင်သော်လည်း မျက်စိဖြင့် မြင်နိုင်သေး၏။ သင်က မျက်စိနှင့်တောင် မမြင်ရတဲ့သားအတွက် ငိုနေခြင်းသည် ပို၍ပင် မိုက်မဲလှသေး၏”ဟု ပြောလိုက်၏။ ထိုအခါမှ သူဌေးကြီးလည်း သတိသံဝေဂ ရသွား၏။ (မဋ္ဌကုဏ္ဍလီဝတ္ထု၊ ဓမ္မပဒ၊၄၁။)

## ၁၂။ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခ

တဏှာ,ဒိဋ္ဌိဟူသော ဥပါဒါန်တို့၏ စွဲလမ်းမှုကို ခံရသော လောကီ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခပင် ဖြစ်၏။ ထိုဥပါဒါနက္ခန္ဓာ ရှိနေသမျှ ကာလပတ်လုံး

အို,နာ,သေ စသော ဒုက္ခများသည် ရှိနေဦးမည်။ အချုပ်အားဖြင့် ဆိုရသော် ရုပ်ရှိလျှင် ရုပ်ကိုမှီ၍ ကိုယ်စိတ်ဆင်းရဲ ဖြစ်မည်။ နာမ်ရှိလျှင် နာမ်ကိုမှီ၍ ကိုယ်စိတ်ဆင်းရဲ ဖြစ်မည်။

အထက်ပါ ဇာတိစသော ဒုက္ခ(၁၁)မျိုးသည် အကျယ်ဒုက္ခများပေတည်း။ ၎င်းတို့ကို အကျဉ်းချုပ် လိုက်လျှင် ဥပါဒါနက္ခန္ဓာ-ဒုက္ခ တစ်မျိုးတည်းသာ ဖြစ်သည်။

**(ဥပါဒါနက္ခန္ဓာဟူသည်မှာ** သတ္တဝါတိုင်း၏ သန္တာန်တွင် **မြင်ခိုက်, ကြားခိုက်, စသည်တို့၌ ထင်ရှားဖြစ်ပေါ်သော ရုပ်နာမ်တရားများ** ပေတည်း။ ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ဖြင့် အနိစ္စ, ဒုက္ခ, အနတ္တဟု မသိလျှင် မသိရသေးသော ထိုရုပ်နာမ်များကိုပင် နိစ္စ, သုခ, အတ္တဟု ထင်မှတ်လျက်(စွဲယူလျက်) တဏှာ,ဒိဋ္ဌိတို့ဖြင့် သာယာစွဲလမ်းနိုင်၏။ ဤသို့ တဏှာ,ဒိဋ္ဌိ ဥပါဒါန်တို့ဖြင့် သာယာစွဲလမ်းနိုင်သောကြောင့် မြင်ခိုက်,ကြားခိုက် စသည်မှာ ထင်ရှားဖြစ်ပေါ်သော ရုပ်နာမ်တရားတို့ကို ဥပါဒါနက္ခန္ဓာဟု ခေါ်ရသည်။ **တဏှာ,ဒိဋ္ဌိဟူသော ဥပါဒါန်တို့၏ သာယာစွဲလမ်းရာ ဖြစ်သော ခန္ဓာများဟု ဆိုလိုသည်။)**

မှတ်ချက်။ ။တဏှာ,ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းနိုင်သော မဂ်လေးပါး, ဖိုလ်လေးပါးတွင် ပါဝင်သော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော နာမ်တရားအစုတို့ကို ရိုးရိုးခန္ဓာဟုသာ ခေါ်ရ၏။ ဥပါဒါနက္ခန္ဓာဟု မခေါ်ရ။

**တနည်း ဒုက္ခ ၇-မျိုး**

**၁။ ဒုက္ခဒုက္ခ**
**၂။ ဝိပရိဏာမ ဒုက္ခ**
**၃။ သင်္ခါရ ဒုက္ခ**
**၄။ ပဋိစ္ဆန္န ဒုက္ခ**
**၅။ အပ္ပဋိစ္ဆန္နက ဒုက္ခ**
**၆။ ပရိယာယ ဒုက္ခ**
**၇။ အပ္ပရိယာယ ဒုက္ခ**

(သမ္မော၊၄၂၈၈။)

**ဒုက္ခဒုက္ခ။** ။ကိုယ်၌ဖြစ်သော ဆင်းရဲ, စိတ်၌ဖြစ်သော ဆင်းရဲကို ခံစားမှုအားဖြင့် မခံသာသော ကြောင့်၎င်း၊ သူ့အမည်အားဖြင့် ဒုက္ခမည်သောကြောင့်၎င်း ဒုက္ခဒုက္ခ(ဆင်းရဲသည့် ဆင်းရဲ) မည်၏။

**ဝိပရိဏာမ ဒုက္ခ။** ။**သုခဝေဒနာ**သည် ဖောက်ပြန်ပျောက်ကွယ် ကုန်ဆုံးခြင်းဖြင့် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝိပရိဏာမ ဒုက္ခမည်၏။

(သုခဝေဒနာသည် သူပျောက်ကွယ်သွားသောအခါ သူ့ကို အောက်မေ့၍ မနေသာမှုကို ဖြစ်စေ တတ်၏။ ဥပမာ- ပစ္စည်းပေါများသူမှာ ထိုပစ္စည်းများ ပျောက်ပျက်သွားလျှင် ဆင်းရဲသကဲ့သို့၎င်း၊ သားမယားစသည် အခြွေအရံဖြင့် ချမ်းသာ နေသောသူမှာ ထိုအခြွေအရံများ ပျက်စီးကွဲကွာသွားလျှင် ဆင်းရဲရသကဲ့သို့၎င်း ဖြစ်၏။ ထို့ကြောင့် ဝိပရိဏာမဒုက္ခမည်၏။ ရှိတုန်း ချမ်းသာ-ကုန်ခါ ဆင်းရဲ။)

**သင်္ခါရဒုက္ခ။** ။**ဥပေက္ခာဝေဒနာ**သည်၄င်း, ကြွင်းသော တေဘုမ္မက သင်္ခါရတရားတို့သည်၄င်း ဖြစ်ခြင်း ပျက်ခြင်းက မပြတ်နှိပ်စက်အပ်သောကြောင့် သင်္ခါရဒုက္ခ မည်၏။

(ကာမဘုံ, ရူပဘုံ, အရူပဘုံဟူသော ဘုံသုံးပါးတို့၌ အတွင်းဝင်သော ရုပ်နာမ်တရားတို့ကို တေဘုမ္မက သင်္ခါရဟု ခေါ်၏။ ဤအရာ၌ သုခနှင့် ဒုက္ခတို့ကို အသီးအခြား ဒုက္ခများအဖြစ် ပြထားသော်လည်း ၄င်းတို့သည် ဖြစ်ခြင်း,ပျက်ခြင်း၏ အနှိပ်စက် ခံကြရသောကြောင့် ဤသင်္ခါရဒုက္ခ၌ အတွင်းဝင်ကြသည်သာ။)

**ပဋိစ္ဆန္န ဒုက္ခ။** ။နားကိုက်ခြင်း, ခါးနာခြင်း, ရာဂကြောင့်ဖြစ်သော ပူလောင်ခြင်း, ဒေါသကြောင့်ဖြစ်သော ပူလောင်ခြင်း အစရှိသော ကိုယ်ထဲ စိတ်ထဲ၌ဖြစ်သော ကျင်နာခံခက် နှိပ်စက်ခြင်းသဘောသည် မေးကြည့်မှ သိနိုင်သောကြောင့်၄င်း, နှိပ်စက်မှုဗျာပါရ၏ မထင်ရှားသောကြောင့်၄င်း ပဋိစ္ဆန္န (ဖုံးကွယ်သော) ဒုက္ခမည်၏။ အပါကဋ (မထင်ရှားသော)ဒုက္ခဟုလည်း ဆို၏။

**ပရိယာယ ဒုက္ခ။** ။ဒုက္ခဒုက္ခကို ချန်ထား၍ ကြွင်းသော သစ္စဝိဘင်း၌လာသော ဇာတိအစရှိသော ဆင်းရဲအားလုံးသည် သူ့ပင်ကိုယ်က မဆင်းရဲသော်လည်း ထိုထိုကိုယ်စိတ် ဆင်းရဲ၏ တည်ရာအကြောင်း ဖြစ်သောကြောင့် ပရိယာယဒုက္ခ-ပရိယာယ်ဆင်းရဲ မည်၏။

**နိပ္ပရိယာယ ဒုက္ခ**။ ။ဒုက္ခဒုက္ခကိုမူ တကယ့်ဆင်းရဲ အစစ်ဖြစ်သောကြောင့် နိပ္ပရိယာယဒုက္ခ-မုချဆင်းရဲဟု ဆိုအပ်၏။

***************************

## သမုဒယသစ္စာ

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂ-သဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ? ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။**

မြန်မာပြန်။ ။ရဟန်းတို့... ဤသည်ကား ဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား ‘သမုဒယ အရိယသစ္စာ’ပေတည်း။ အကြင်တဏှာသည် ဘဝသစ်ကိုလည်း ဖြစ်စေတတ်၏။ နှစ်သက်ခြင်း, တပ်မက်ခြင်း သဘောရှိ၏။ ထိုထိုကြုံတွေ့ရာ ဘဝအာရုံတို့၌ နှစ်သက်လက်ခံ ပျော်မွေ့လေ့ရှိ၏။

ထိုတပ်မက်ခြင်း တဏှာဟူသည် အဘယ်နည်း? ကာမ၌တပ်မက်မှု ‘ကာမတဏှာ’၊ တည်မြဲ၏ဟု ယူသော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တက်မက်မှု ‘ဘဝတဏှာ’၊ သေလျှင် ပြတ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တပ်မက်မှု ‘ဝိဘဝတဏှာ’တို့ ပေတည်း။

**အကြောင်းကို ညွှန်ပြ။** ။လောကကြီးသည်(ဝါ)ဘဝကြီးသည် ဆင်းရဲအတိသာ ပြည့်နေကြောင်း ဆင်းရဲများကို ညွှန်ပြပြီး၍ ထိုဘဝဟူသော ဆင်းရဲကို ဖြဟ္မာ,ထာဝရတို့ ဖန်ဆင်း၍ ဖြစ်သည်မဟုတ်။

တဏှာက ဖန်ဆင်း၍ ဖြစ်သည်ဟု ဒုက္ခ၏အကြောင်းမှန်ကို ဆက်ပြလိုသဖြင့် သမုဒယသစ္စာကို ဒုတိယ ဟောတော်မူသည်။

ထိုသို့ ဘဝ၏လက်သည်ကို ညွှန်ပြနိုင်လိုက်သဖြင့် ဗုဒ္ဓဘာသာကို အခြားဘာသာများမှ မတူ-ထူးခြားအောင် လုပ်ပေးလိုက်ခြင်း ဖြစ်၏။ ဗုဒ္ဓမပေါ်မီက စွဲလမ်းခဲ့သော အယူမှားများကိုလည်း ခြေဖျက်နိုင်လိုက်၏။ သမိုင်းတွင် သွေးမြေမကျသော တော်လှန်ရေးကြီးပင် ဖြစ်၏။

(ဆရာတော်ဦးသီလာနန္ဒ၊ တရားဦး၊နှာ-၅၅ မှ အချုပ်၊)

**တဏှာဟူသည်။** ။ဆာလောင်တတ်သောကြောင့် တဏှာဟု ခေါ်၏။

**တဏှာကို သမုဒယဟု ခေါ်ပုံ။** ။အဝိဇ္ဇာ, ကံ စသော အကြောင်းတရားများနှင့် ပေါင်းဆုံမိသည်ရှိသော် ဒုက္ခဟူသော အကျိုးတရားကို ဖြစ်စေတတ်သောကြောင့် တဏှာကို ဒုက္ခဖြစ်ခြင်း၏ အကြောင်း 'ဒုက္ခသမုဒယ'ဟု ခေါ်သည်။

[သမုဒယ= သံ+ဥ+အယ။ သံ=အဝိဇ္ဇာစသော အကြောင်းတို့နှင့် ပေါင်းဆုံမိခြင်း၊ ဥ=ဖြစ်ခြင်း၊ အယ=အကြောင်း၊ သမုဒယ၏ တရားကိုယ်မှာ တဏှာလောဘ ဖြစ်၏။ ထိုတဏှာလောဘသည် သူ့ချည်းသက်သက် ဒုက္ခ၏ ဖြစ်ကြောင်း မဟုတ်။ တဏှာအရင်းခံ၍ အဝိဇ္ဇာ၏ ဖုံးကွယ်မှုကြောင့် ကံအမျိုးမျိုးကို ပြုလုပ်မိလေရာ ထို အဝိဇ္ဇာ,ကံစသော အခြားအကြောင်းများနှင့် ပေါင်းမိမှသာ ဇာတိဒုက္ခ စသည်တို့ ဖြစ်ပေါ်လာဖို့ အကြောင်း ဖြစ်ရ၏။]

### တဏှာပါမှ ကံက အကျိုးပေးနိုင်

ပြုလုပ်အပ်သော ကုသိုလ်, အကုသိုလ် ကံနှစ်ပါးသည် တဏှာဖြင့် သာယာတပ်မက်မှု ရှိမှသာ လျှင် ဘဝသစ်၌ အကျိုးကို ပေး၏။ ထို့ကြောင့် ဘုရား,ရဟန္တာတို့ ပြုအပ်သော အလုံးစုံသော သုစရိုက်ကံများသည် တဏှာကို အကြွင်းမဲ့ ဖြတ်ပြီးသောကြောင့် ကုသိုလ်,အကုသိုလ်ကံများ မဖြစ်တော့ဘဲ ကြိယာမျှသာ ဖြစ်တော့၏။

ကတူပစိတမ္ပိ ကမ္မံ တဏှာယ အဿာဒိတမေဝ ဝိပါကံ အဘိနိပ္ဖါဒေတိ။ (ဝိဘာဝနီ ဋီကာ)
ခီဏာသဝေန ကတကမ္မံ ပန နိစ္ဆိန္နရာဂတ္တာ ကုသလံ ဝါ အကုသလံ ဝါ န ဟောတိ။ ကြိယာဋ္ဌာနေ တိဋ္ဌတိ။
(ဒက္ခိဏာဝိဘင်္ဂသုတ်၊ဋ္ဌ၊ ဥပရိ၊ ၂၂၇။)

### သမုဒယသစ္စာ ထိုက်သောတရားများ

ဝိဘင်းကျမ်း, သစ္စဝိဘင်း, အဘိဓမ္မာဘာဇနီယနည်း၌ သမုဒယသစ္စာ ထိုက်သောတရားများ အားလုံးကို သိမ်းယူသော နိပ္ပဒေသနည်းကိုလည်း ထုတ်ပြထားသေး၏။

၁။ တဏှာသည်လည်း သမုဒယသစ္စာ၊

၂။ တဏှာမှကြွင်းသော ကိလေသာတို့သည်လည်း သမုဒယသစ္စာ၊

၃။ ကိလေသာ၁၀-ပါးမှ ကြွင်းသော အကုသိုလ်တရားတို့သည်လည်း သမုဒယသစ္စာ၊

၄။ အာသဝတို့နှင့် တကွဖြစ်ကုန်သော ကုသိုလ်မူလ သုံးပါးတို့သည်လည်း သမုဒယသစ္စာ၊

၅။ ကုသိုလ်မူလ သုံးပါးမှကြွင်းသော အာသဝတို့နှင့် တကွဖြစ်ကုန်သော ကျန်ကုသိုလ်တရားတို့

သည်လည်း သမုဒယသစ္စာ... မည်ကုန်၏။

(ဝိဘင်းပါဠိ၊ ၁၁၂။)

**တိတ္ထာယတနသုတ်**

တိတ္ထာယတနသုတ်၌ ပဋိစ္စသမုပ္ပါဒ် ၁၂-ပါးကိုလည်း သမုဒယသစ္စာဟု ပြထားသေး၏။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ? အဝိဇ္ဇာပစ္စယာ သင်္ခါရာ... ပေ... ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ (အံ၊ပါ၊၁။ ၁၇၈။)

**သမုဒယသစ္စာအနက် ၄-ချက်**

၁။ **အာယူဟနဋ္ဌ**- စုပေါင်းအားဖြင့် ဒုက္ခကိုဖြစ်စေခြင်းသည် သမုဒယသစ္စာ၏ ပကတိသဘာဝ ဖြစ်သည်။

၂။ **နိဒါနဋ္ဌ**- သမုဒယသစ္စာသည် မိမိဖြစ်ရာ သတ္တဝါတို့အား ဆင်းရဲဒုက္ခကို အပ်နှင်းခြင်းသည် ဒုက္ခသစ္စာ ရှုထောင့်မှ မြင်ရသည့် သမုဒယသစ္စာ၏ သဘာဝဖြစ်သည်။

၃။ **သံယောဂဋ္ဌ**- သမုဒယသစ္စာသည် မိမိဖြစ်ရာ သတ္တဝါကို ဆင်းရဲဒုက္ခနှင့် နှောင်ဖွဲ့ထားခြင်းသည် နိရောဓသစ္စာ ရှုထောင့်မှ မြင်ရသည့် သမုဒယသစ္စာ၏ သဘာဝဖြစ်သည်။

၄။ **ပလိဗောဓဋ္ဌ**- သမုဒယသစ္စာသည် မဂ်ဉာဏ်အသိ မရရှိအောင် ပိတ်ဆို့ခြင်းသည် မဂ္ဂသစ္စာ ရှုထောင့်မှ မြင်ရသည့် သမုဒယသစ္စာ၏ သဘာဝဖြစ်သည်။

ဤကား သမုဒယသစ္စာ၏ သဘာဝကို သမုဒယ, ဒုက္ခ, နိရောဓ, မဂ္ဂ- ရှုထောင့်စုံမှ ရှုမြင်ရခြင်းဖြစ်သည်။

**ပေါနောဘဝိကာ။** ။တဏှာသည် အဖန်ဖန် အထပ်ထပ် ဘဝသစ်ကို ဖြစ်အောင် လုပ်တတ်၏။ ထို့ကြောင့် 'ပေါနောဘဝိကာ'ဟု ခေါ်၏။

အာရုံငါးပါး ကာမဂုဏ်များနှင့် တွေ့သောအခါ ကောင်းတယ်ဟု ထင်မှတ်ကာ သာယာတပ်မက်မှု တဏှာဖြစ်၏။ အဝိဇ္ဇာက ထိုအာရုံ၏ မကောင်းမှုအပြစ်များကို ဖုံးကွယ်ပေးထား၏။ ထို့ကြောင့် ကိုယ့်အလို ပြီးပြည့်စုံအောင် အားထုတ်မှုများ ပြုလုပ်၏။ ထိုပြုလုပ်မှုသည် ကံ,သင်္ခါရပေတည်း။ ထိုကံ,သင်္ခါရသည် ဘဝသစ်ကို ရုပ်နာမ်များကို တဖန်ဖြစ်စေ၏။

၎င်းပြင် ထိုတဏှာသည် အရှိန်ရလာသည့်အတွက် အဘိသင်္ခါရဝိညာဏ်ခေါ် မရဏာသန္နဇောစိတ်သည် ထင်လာသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံကို ဆုပ်ကိုင်ထားသလို စွဲစွဲမြဲမြဲ အာရုံပြုနေ၏။ ထိုသို့ သေခါနီး၌ စွဲမြဲစွာ အာရုံပြုနေသောကြောင့် စုတိ၏အခြားမဲ့၌ ထိုအာရုံကိုယူကာ ပဋိသန္ဓေစိတ်ဖြစ်လျက် ဘဝသစ်ဖြစ်ရ၏။ ထို့ကြောင့် ထိုတဏှာကို "ပေါနောဘဝိကာ-တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏"ဟု ဆိုခြင်းဖြစ်၏။

**နန္ဒီနှင့် ရာဂ။** ။အာရုံကို နှစ်သက်တတ်သောကြောင့် နန္ဒီ။ အာရုံကို တပ်မက်တတ်သောကြောင့် ရာဂ။ (နန္ဒီရာဂနှင့် တဏှာဟူသော စကားသည် သဒ္ဒါသာ ကွဲ၏။ အဓိပ္ပါယ်ကား အတူတူပင်။)

**နန္ဒီနှင့် နန္ဒီရာဂ အထူး။** ။အာရုံတစ်မျိုးတည်းကို ဖြစ်စေ၊ အာရုံတစ်မျိုးကို တစ်ခါသာဖြစ်စေ နှစ်သက်မိခြင်းကို နန္ဒီ။ အာရုံတစ်မျိုးတည်းကို ဖြစ်စေ၊ အာရုံအမျိုးမျိုးကိုဖြစ်စေ အကြိမ်အခါများစွာ ခုံမင်နှစ်သက်ခြင်းကို နန္ဒီရာဂ။

**တတြတတြာဘိနန္ဒိနီ။** ။ခန္ဓာကိုယ်၏ ရှိရာ,ဖြစ်ရာဖြစ်သော ဘုံဘဝတို့ကို အလွန်အမင်း နှစ်သက်တတ်သော ထိုတဏှာကိုပင် "တတြတတြာဘိနန္ဒိနီ" ဟုခေါ်၏။
တနည်း။ ။ရူပါရုံစသော ထိုထိုအာရုံ အရပ်ရပ်တို့ကို အလွန်နှစ်သက်တတ်သောကြောင့်လည်း ထိုတဏှာကို "တတြတတြာဘိနန္ဒိနီ"ဟု ခေါ်၏။

**တဏှာ ၃-ပါး**
**၁။ ကာမတဏှာ = ကာမဂုဏ် အာရုံများ၌ ဆာလောင်တပ်မက် နှစ်သက်တတ်သည့် တဏှာ၊**
**၂။ ဘဝတဏှာ = ဘဝသည် မပျက်မစီး အမြဲတည်နေသည်ဟူသော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာ၊**
**၃။ ဝိဘဝတဏှာ = ဘဝကင်းပြတ်ခြင်း၌ တပ်မက်သည့် ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာ၊**
(ဗာလေ စ ပဏ္ဍိတေ စ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇန္တိ ဝိနဿန္တိ, န ဟောန္တိ ပရံ မရဏာ။ ဒီ၊၁၊၅၂။)

**ဘဝတဏှာ ၄-မျိုး**
၁။ ကာမဘုံသားတို့အား မိမိ၏ ရဆဲဘဝ၌ သာယာတပ်မက်မှု၊ နောင်အခါ၌ လူကောင်း, နတ်ကောင်းစသည် ဖြစ်လိုမှုဟူသော ကာမဘဝ၌တောင့်တမှု ဘဝတဏှာ၊
၂။ "သတ္တဝါကောင်သည် မပျက်မစီး အမြဲတည်နေသည်"ဟု ယူဆသော သဿတဒိဋ္ဌိနှင့် အတူဖြစ်သော တဏှာပေတည်း၊ ဤ၌ 'ဘဝ'ဟူသော ပုဒ်၏အနက်ကို "**အမြဲရှိနေသည်**"ဟု ပြန်ရာ၏။ အမြဲရှိနေသော အခြင်းအရာအားဖြင့် သာယာသောကြောင့် ဤသဿတဒိဋ္ဌိနှင့် ယှဉ်သောရာဂကို ဘဝတဏှာဟု ခေါ်သည်။
၃။ ရူပဗြဟ္မာ, အရူပဗြဟ္မာ ဘဝများကို ရောက်နေသူများကလည်း သာယာတပ်မက်သော တဏှာ၊ မရောက်သေးသူများကလည်း ဤရူပ,အရူပဘဝများကို ဖြစ်ချင်နေသော တဏှာ။
၄။ မိမိ ရ,ထားသော ရူပဈာန်, အရူပဈာန်တို့၌ နှစ်သက်သာယာခြင်း၊ မရသေးလျှင်လည်း ရလိုခြင်း ဈာနနိကန္တိ တဏှာ၊ (ဒီ၊ ဋ္ဌ၊ ၃၊ ၃၈၉)

**ဝိဘဝတဏှာ-ဟူသည်**
ဝိဘဝ-သဒ္ဒါသည် "ဘဝဖြစ်မှု ပြတ်စဲခြင်း ဥစ္ဆေဒဒိဋ္ဌိ"ဟုလည်း အဓိပ္ပါယ်ရှိ၏။ "စည်းစိမ်၏ ပြည့်စုံခြင်း ဘောဂသမ္ပတ္တိ"ဟုလည်း အဓိပ္ပါယ်ရှိ၏။ ဤ၌ ဘဝပြတ်စဲခြင်း အယူအဆ၌ စွဲလမ်းတပ်မက်သော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သည့် တဏှာကို ယူရမည်။ သို့သော် အချို့သော အနောက်တိုင်း ဘာသာပြန်စာအုပ်များ၌ **ဤဝိဘဝ တဏှာကို "စည်းစိမ်ကို စွဲလမ်း တပ်မက်သော တဏှာ"ဟု ဘာသာပြန်ကြ၏။ အမှားပေတည်း။** (ဆရာတော်ဦးသီလာနန္ဒ၊ အခြေခံဗုဒ္ဓဘာသာ၊ ၂၀၂။)

**ဘဝအပေါ် ဝိဘဝတဏှာ ဖြစ်ပုံနှင့် ယောဂီဉာဏ်ဖြစ်ပုံ အထူး**

ဝိဘဝတဏှာသည် သံဝေဂဉာဏ်ကို အရင်းမခံပေ။ ဘဝပြတ်စဲမှုကို စွဲလမ်းတပ်မက်သော တဏှာကို အခြေခံသည်။ ပညတ်ကို အာရုံပြု၏။

ယောဂီ၏ အမြင်သည်ကား သံဝေဂဉာဏ်ကို အရင်းခံ၏။ ရုပ်နာမ်ပရမတ်ကို အာရုံပြု၏။ လိုချင်မှုတဏှာ မပါပေ။ ဤသို့ ထူးခြား၏။

**ဓမ္မေယျ နဂါးမင်း၏ စည်းစိမ်ကို သဘောကျမိသူ။** ။အင်္ဂတိုင်းနှင့် မဂဓတိုင်းတို့ စစ်ဖြစ်သောအခါ စမ္မေယျနဂါးမင်း၏ အကူအညီဖြင့် မဂဓတိုင်းဘုရင် နောက်ဆုံး အနိုင်ရသွား၏။ ဤကျေးဇူးကြောင့် နှစ်စဉ်နှစ်တိုင်း မဂဓဘုရင်က စမ္မေယျ မြစ်ကမ်းပါး၌ ရတနာမဏ္ဍပ်ဖြင့် စမ္မေယျနဂါးမင်းကြီးကို ပူဇော်ပွဲ လုပ်၏။ ဘုရားလောင်း သူဆင်းရဲသားသည် နဂါးမင်းစည်းစိမ်ကို တွေ့ရသောအခါ တပ်မက်သဘော ကျ၏။ ၎င်းစည်းစိမ်မျိုးရရေး ဆုတောင်းလျက် ကုသိုလ်ကောင်းမှုများ ပြုလုပ်၏။ စမ္မေယျနဂါမင်းကြီး သေသောအခါ ၎င်းနေရာ၌ နဂါးမင်းကြီး သွားဖြစ်လေ၏။ (စမ္မေယျဇာတ်၊ ဝီသတိနိပါတ်၊ ၌၄၊ ၄၅၇။)

**ဥပရိမိဖုရား။** ။ကာသိတိုင်း အဿကဘုရင်ကြီး၏ အလွန်ချောမောလှပသည့် မိဖုရားခေါင်ကြီး အရွယ်ကောင်းတုန်း သေသွား၏။ ဘုရင်ကြီးမှာ အလောင်းကို မပစ်ရစ်ဘဲ ဆေးစိမ်ထားကာ သောက ပူဆွေးနေ၏။ ဈာန်အဘိညာဉ်ရသော ဘုရားလောင်းရသေ့ ဥယျာဉ်ထဲရောက်လာပြီး မိဖုရားခေါင်းကြီး ဟာ အခု နွားချေးပိုးမ ဖြစ်နေကြောင်း ပြောပြ၏။ ဘုရင်ကြီးက မယုံသဖြင့် တန်ခိုးဖြင့် ခေါ်ပြလိုက်မှ ယုံသွား၏။

ဤ၌ ဆိုလိုရင်းမှာ ဥပရိမိဖုရားကြီးသည် လူဖြစ်တုန်းက မိဖုရားအဖြစ်ကို သာယာနေခဲ့၏။ သေပြီး နွားချေးပိုးမ ဖြစ်တော့လဲ ၎င်းဘဝမှာ ပျော်နေပြန်၏။ "နွားချေးပိုး ဖြစ်ရချေရဲ့"ဟု စိတ်မပျက် ပေ။ ရောက်ရာဘဝမှာ ပျော်မြဲ ပျော်နေ၏။

**မယားချစ်လို့ မြွေ, ခွေး, နွား ဖြစ်ရသူ…**

သီဟိုဠ်တောင်ပိုင်း ရွာတစ်ရွာမှ ညီအစ်ကိုနှစ်ယောက်ရှိရာ ညီက မရီးနှင့် ဖေါက်ပြန်၏။ မရီးက ပြောသဖြင့် အစ်ကိုရေချိုးနေခိုက် ပဲခွပ်ဖြင့် ခုတ်သတ်လိုက်၏။ မိန်းမကိုစွဲပြီး သေသွားသဖြင့် အိမ်၌ မြွေဖြစ်ရ၏။ ၎င်းမြွေအသတ်ခံရတော့ အိမ်၌ ခွေးဖြစ်ပြန်၏။ ခွေးမုဆိုးဟု သူများကဲ့ရဲ့ခံရ၍ ရှက်ပြီး ခွေးကို သတ်လိုက်သောအခါ အိမ်၌ နွားဖြစ်ပြန်၏။ နွားဖြစ်တော့လဲ သူ့နောက်ကို တကောက်ကောက် လိုက်နေသဖြင့် ကြာတော့ ရှက်ပြီး နွားလေးကိုလည်း သတ်လိုက်ပြန်၏။ ၎င်းဘဝပြီးတော့ ထိုမိန်းမ၏ ဝမ်း၌ပင် သားလေးသွားဖြစ်၏။

ထိုသားလေးမွေးတော့ ဘဝဟောင်းကို မှတ်မိနေပြီး မိခင်ကို အချီမခံတော့။ ထို့ကြောင့် အဖိုးက ထိန်းရ၏။ အရွယ်ရောက်တော့ မြေးအဖိုး အိမ်မှထွက်ပြေးကာ သင်္ကန်းဝတ်သဖြင့် ရဟန္တာများ ဖြစ်သွား ကြ၏။ (အင်္ဂုတ္တိုရ်၊၌၂၊၁၈၉။)

**************************************

# နိရောဓသစ္စာ

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။ ယော တဿာယေဝ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။**

ရဟန်းတို့… ဤသည်ကား ဆင်းရဲ၏ချုပ်ရာ အရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ' ပေတည်း။ ယင်းဆင်းရဲ၏ ချုပ်ငြိမ်းရာဟူသည် ထိုတပ်မက်မှု တဏှာ၏သာလျှင် အကြွင်းမဲ့ စွဲမက်မှု ကင်းပျောက်ချုပ်ငြိမ်းရာ, စွန့်လွှတ်ရာ, တဖန်စွန့်လွှတ်ရာ, လွတ်မြောက်ရာ, မကပ်ငြိရာ, နိဗ္ဗာန်ပင် ဖြစ်၏။

### တတိယသစ္စာ

လောကကြီး၏ ဆင်းရဲအတိပြည့်နေသဖြင့် သာယာဖွယ်မရှိပုံကိုင၊ ထိုဆင်းရဲ၏ အကြောင်းဖြစ်သည့် တဏှာကို ညွှန်ပြပြီး၍ ထိုဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်တရားကို ပြတော်မူလို၍ နိရောဓသစ္စာကို ဘုရားရှင် ဟောတော်မူသည်။

### "ဒုက္ခနိရောဓ"ဟု ဆိုသော်လည်း "သမုဒယနိရောဓ"ကိုသာ ပြခြင်း

အနာဖြစ်ရာ အကြောင်းငြိမ်းသွားမှသာလျှင် အနာပျောက်ငြိမ်းနိုင်သကဲ့သို့ ဒုက္ခဖြစ်ရာ တဏှာဟူသော အကြောင်းသမုဒယ ငြိမ်းမှသာလျှင် အကျိုးဒုက္ခသစ္စာလည်း ချုပ်ငြိမ်းနိုင်မည်ဖြစ်သောကြောင့် အကျိုးဒုက္ခသစ္စာ ချုပ်ပုံကို မဟောဘဲ အကြောင်းသမုဒယ၏ ချုပ်ပုံကိုသာ ဟောတော်မူပါသည်။

ထို့ကြောင့် အကြောင်းသမုဒယဖြစ်သော ထိုတဏှာ၏ပင်လျှင် အနုသယဓာတ် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသဘော၊ ထိုတဏှာကို စွန့်လွှတ်ခြင်းသဘော၊ ထိုတဏှာကို ဖြေလွှတ်လိုက်ခြင်းသဘော၊ ထိုတဏှာဖြင့် မကပ်ငြိ, မတွယ်တာခြင်းသဘောကို ဒုက္ခနိရောဓဟု ခေါ်ရ၏။

### ဘုရားရှင်သည် အကြောင်းကို ရှာသူဖြစ်

မြတ်စွာဘုရားသည် အကျိုးဒုက္ခသစ္စာ ချုပ်ငြိမ်းဖို့အတွက် ဒုက္ခကို မပယ်။ အကြောင်းသမုဒယကိုသာ ပယ်ရန် ဟောတော်မူ၏။ ခြင်္သေ့မင်းသည် မိမိအား မြားမှန်သည်ရှိသော် မြားကို ရန်မမူဘဲ မြားလာ-ရာအရပ်ကို သိအောင် စုံစမ်းပြီးလျှင် မြှားရှင်ကို ကိုက်သတ်သကဲ့သို့ပင်တည်း။

တိတ္ထိတို့မှာကား ဒုက္ခချုပ်ငြိမ်းရေးအတွက် ခန္ဓာကိုယ် ပင်ပန်းအောင်သာ ညှင်းပန်းနှိပ်စက်ကြကုန်၏။ အကြောင်းမှန် ချုပ်ငြိမ်းမှုကို အားမထုတ်ကြကုန်။ ဥပမာ ခွေးသည် ခဲဖြင့် အပေါက်ခံရသည်ရှိသော် ထိုခဲကိုသာ လိုက်ကိုက်သည်နှင့် တူ၏။

### နိဗ္ဗာန်ကို နိရောဓဟု ခေါ်ပုံ

(နိ=မရှိခြင်း, ကင်းခြင်း၊ ရောဓ=ပိတ်ဆို့တားမြစ်တတ်သော ကိလေသာများ) နိဗ္ဗာန်သို့ မရောက်စေနိုင်အောင် ပိတ်ဆို့တားမြစ်တတ်သော ကိလေသာများကို မဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်၍ နိဗ္ဗာန်၌ ကိလေသာများ မရှိတော့သဖြင့် နိရောဓဟု ခေါ်၏။

**တနည်း။** ။ဒုက္ခတရားတို့၏ ချုပ်ရာချုပ်ကြောင်း ဖြစ်သောကြောင့် နိဗ္ဗာန်ကို နိရောဓဟု ခေါ်၏။

**နိဗ္ဗာန်ကို "မုတ္တိ"ခေါ်ပုံ။** ။သတ္တဝါတို့ကို သံသရာမှ မထွက်နိုင်အောင်, မလွတ်အောင် တုတ်နှောင်ဖွဲ့ချည်ထားတတ်သော တဏှာမှ ကင်းလွတ်တတ်သောကြောင့် ထိုနိဗ္ဗာန်ကို "မုတ္တိ"ဟု ခေါ်၏။

**အခြားဂိုဏ်းသားတို့၏ "မုတ္တိ"**

အခြားဂိုဏ်းသားတို့သည် စိတ်ဝိညာဉ်ကို "အတ္တ"ဟုငင်း၊ "ဝိညာဉ်"ဟုငင်း အယူရှိကြ၏။ ထို အတ္တ,ဇီဝ,ဝိညာဉ်သည် စက္ခု, သောတ စသော ကိုယ်ဣန္ဒြေတို့မှ လွတ်ခြင်းကို "အတ္တမုတ္တိ"ဟူ၍ငင်း၊ "ဇီဝမုတ္တိ"ဟူ၍ငင်း အယူရှိကြ၏။ ငင်းကိုပင် မအို,မသေ အမြဲနေသော "နိဗ္ဗာန်"ဟူ၍ အယူရှိကြ၏။

**ဒုက္ခနိရောဓ = ဒုက္ခချုပ်ပုံ**

ဒုက္ခအပေါင်းတို့၏ နောက်ထပ်အသစ်မဖြစ်သော ချုပ်ငြိမ်းရာကို နိဗ္ဗာန်ဟု ခေါ်၏။ ဤ၌ လူနတ်ဗြဟ္မာဟူသော ဘဝမျိုးစုံတို့၌ နောက်ထပ်အသစ် မဖြစ်မှုကိုသာ ချုပ်ငြိမ်း၏ဟု ဆိုပါသည်။ တခါတည်း ကိစ္စတုံး အပြီးအပြတ် ပျက်စီးသွားမှု'ဥစ္ဆေဒ'မျိုးကို မဆိုလိုပေ။

**နိရောဓ သုံးမျိုး**

၁။ ဥပ္ပတ္တိ နိရောဓ = ရုပ်နာမ်သင်္ခါရတရားတို့၏ ဖြစ်ပြီးနောက် ချုပ်သောဘင်ကို ဥပ္ပတ္တိနိရောဓဟု ခေါ်၏။
၂။ အနုပတ္တိနိရောဓ= ရုပ်နာမ်သင်္ခါရတရားတို့၏ အကြောင်းသတ္တိတို့ကို ကုန်စေခြင်းငှာ မဂ်ကိုပွားသဖြင့် ချုပ်ပြီးသောခန္ဓာတို့၏ နောက်ထပ်မဖြစ်ခြင်းကို အနုပတ္တိနိရောဓဟု ခေါ်၏။
၃။ အစ္စန္တနိရောဓ= ဖြစ်ခြင်းပျက်ခြင်း အဆုံးကို ကျော်လွန်၍ ချုပ်ငြိမ်းသောသင်္ခါရကို အစ္စန္တနိရောဓဟု ခေါ်၏။

(မဂ္ဂသ ဥပ္ပါဒက္ခဏေယေဝ ကိလေသေ စ ခန္ဓေ စ ဝေါသဇ္ဇိတတ္တာ တေနေဝ ကာရဏေန ကိလေသာ စ ခန္ဓာ စ **အနုပ္ပတ္တိနရောဓဝသေန** နိရုဇ္ဈန္တိ။ (ပဋိသံ၊ဋ္ဌ၊ဒု၊၁၄၂။)

**နိရောဓသစ္စာအနက် ၄-ချက်**

၁။ **နိဿရဏဋ္ဌ**- သံသရာမှ ထွက်မြောက်ရာ ဖြစ်ခြင်းသည် နိရောဓသစ္စာ၏ ပကတိသဘာဝ ဖြစ်သည်။
၂။ **ဝိဝေကဋ္ဌ**- အကြောင်းတရားကင်းခြင်း, သင်္ခါရတရားမှ လွတ်ခြင်းသည် သမုဒယသစ္စာနှင့် မတူသော နိရောဓသစ္စာ၏ လွတ်ကင်းခြင်း သဘာဝဖြစ်သည်။
၃။ **အသင်္ခဋ္ဌ**- ဖန်တီးထားသည့် အရာမဟုတ်ခြင်းသည် မဂ္ဂသစ္စာနှင့် မတူသော နိရောဓသစ္စာ၏ ပြုပြင်ခံရမှုမှ ကင်းခြင်း သဘာဝဖြစ်သည်။
၄။ **အမတဋ္ဌ**- သေခြင်းကင်းမှုသည် ဒုက္ခသစ္စာနှင့် မတူသော နိရောဓသစ္စာ၏ ပျက်စီးခြင်းမရှိသည့် သဘာဝဖြစ်သည်။

ဤသည်ကား နိရောဓသစ္စာ၏ သဘာဝကို နိရောဓ, သမုဒယ, မဂ္ဂ, ဒုက္ခ- ရှုထောင့်စုံမှ ရှုမြင်ရခြင်း ဖြစ်သည်။

## နိဗ္ဗာန်အငြိမ်းဓာတ် အမြဲတည်ပုံ

နိဗ္ဗာန်သည် ဥပါဒ်အားဖြင့် မဖြစ်သောကြောင့် "အဇာတ"တရားမျိုးဖြစ်၍ အကြောင်းကင်း၏ (အပ္ပစ္စယ)။ ထိုသို့အကြောင်းကင်းသောကြောင့် ပြုပြင်မှုကင်း၏ (အသင်္ခတ)။ ထိုသို့ ပြုပြင်မှုကင်းသော ကြောင့် ကာလသုံးပါးမှ လွတ်၏ (ကာလဝိမုတ္တ)။ ကာလသုံးပါးမှ လွတ်ခြင်းကြောင့် ခဏသုံးပါးမှ လွတ်၏ (အက္ခဏိက)။ ခဏသုံးပါးမှ လွတ်ခြင်းကြောင့် ခိုင်မြဲသည်ဖြစ်၍ ကောင်းကင်ပညတ်ကဲ့သို့ အခါခပ်သိမ်း အမြဲတည်နေ၏။ (ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ)

## နိဗ္ဗာန်၏ တည်ပုံ

နိဗ္ဗာန်၌ သင်္ခတတရားတို့တွင် ပါရှိသော ဖေါက်ပြန်တတ်သည့် "ဋ္ဌိ"တရားမျိုးသာ မရှိ။ မဖေါက် မပြန် ဖြောင့်မတ်ခိုင်ကြည် အမြဲတည်သော "ဋ္ဌိ"တစ်မျိုးကား ထင်ရှားရှိသည်ဟု မှတ်ပါ။

တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ?၊ ဥပ္ပါဒေါ န ပညာယတိ၊ ဝယော န ပညာယတိ၊ ဌိတဿ အညထတ္တံ န ပညာယတိ။ (အသင်္ခလက္ခဏာသုတ်၊အံ၊၃၊၁၅၀။)

## နိဗ္ဗာန်၌ ပုံသဏ္ဍာန် အထည်ဒြပ် မရှိ

ယောဂီသည် ဝိပဿနာရှုစဉ်အခါ၌ ရှုတိုင်းရှုတိုင်း ရုပ်နာမ်တို့၏ ဖြစ်ပျက်သဘောကို သူ့ဆိုင်ရာ အထည် ကိုယ်လေးများနဲ့ တွဲလျက် သိမြင်နေတတ်၏။ ၎င်းကို သင်္ခါရနိမိတ်ဟု ခေါ်၏။ နောင်ပြန် စဉ်းစားလျှင်လည်း ထိုသဘောများ ပြန်ထင်ရှား၏။ နိဗ္ဗာန်ကို တွေ့သောအခါ၌ကား အငြိမ်းဓာတ်သာ ရှိတော့၏။ ပုံသဏ္ဍာန်, အထည်ဒြပ်, အရိပ်နိမိတ် အနေအားဖြင့် မထင်တော့ပေ။ အရောင်အဆင်း, ပုံသဏ္ဍာန်, အတို အရှည် စသည် မရှိတော့ပေ။ နိဗ္ဗာန်သည် အငြိမ်းဓာတ်သဘောသာဖြစ်၍ ၎င်း၌ အထည်ဝတ္ထု မရှိပေ။

## အရောင်ရှိလျှင် ဗုဒ္ဓဘာသာ နိဗ္ဗာန်မဟုတ်

အခြားဘာသာများ၌ နိဗ္ဗာန်သည် ကောင်းကင်လို ပုံသဏ္ဍာန်ရှိကြ၏။ တောက်ပသည့် အရောင် အဆင်းများ, သာယာလှပသည့် ဥယျာဉ်များလည်း ရှိကြ၏။

## နိဗ္ဗာန်နှင့် အဘာဝပညတ် မတူ

သင်္ခါရတို့၏ ငြိမ်းခြင်းသည် နိဗ္ဗာန်ဟုငင်း၊ ထိုနိဗ္ဗာန်၌ အရောင်အဆင်း, ပုံသဏ္ဍာန်, အရွယ် ပမာဏမရှိဟုငင်း၊ ထိုနိဗ္ဗာန်ကို ဥပမာဖြင့် ပေါ်လွင်ထင်ရှားအောင် မပြနိုင်ဟုငင်း ဆိုသဖြင့် နိဗ္ဗာန်ဟူ သည်မှာ ဘာမျှမရှိသော အဘာဝပညတ်နှင့် အတူတူဟု မှတ်ထင်တတ်ပေသည်။

ဘာမျှမရှိသည့် အဘာဝပညတ်ကား မဟုတ်ပေ။ သင်္ခါရတို့၏ ကင်းဆိတ်ခြင်း, ငြိမ်းခြင်း, မဖြစ် ပေါ်ခြင်း သဘောအားဖြင့်ကား ထင်ရှားရှိ၏။ ထို့ကြောင့်ပင် သင်္ခါရချုပ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် မဂ်တရား, ဖိုလ်တရားများ ဖြစ်ပေါ်နိုင်ပေသည်။ ရုပ်နာမ်အစဉ်သည်လည်း ပရိနိဗ္ဗာနစုတိမှ နောက် ကာလ၌ လုံးဝပြန်မဖြစ်တော့ဘဲ ချုပ်ငြိမ်းသွားတော့၏။

**ပုထုဇဉ်နှင့် အရိယာ အမြင်မတူ…**

သဒေဝကဿ လောကဿ၊ ဧတေ ဝေါ သုခသမ္မတာ။

ယတ္ထ စေတေ နိရုဇ္ဈန္တိ၊ တံ တေသံ ဒုက္ခသမ္မတံ။

ထိုအာရုံငါးပါးတို့ကို နတ်လူပြဟ္မာ သတ္တဝါတို့သည် “ချမ်းသာသုခ”ဟု သမုတ်အပ်ကုန်၏။ ထိုအာရုံငါးပါးတို့ ချုပ်ရာကို လူနတ်ပြဟ္မာ သတ္တဝါတို့သည် “ဆင်းရဲဒုက္ခ”ဟု သမုတ်အပ်၏။

သုခံ ဒိဋ္ဌမရိယေဘိ၊ သက္ကာယဿ နိရောဓနံ။

ပစ္စနီကမိဒံ ဟောတိ၊ သဗ္ဗလောကေန ပဿတံ။

အရိယာတို့သည် သက္ကာယချုပ်ခြင်းကို “ချမ်းသာ”ဟု မြင်အပ်၏။ ချမ်းသာဟုမြင်သော ပညာရှိတို့၏ ဤအမြင်သည် တလောကလုံးနှင့် ဆန့်ကျင်၏။

ယံ ပရေ သုခတော အာဟု၊ တဒရိယာ အာဟု ဒုက္ခတော။

ယံ ပရေ ဒုက္ခတော အာဟု၊ တဒရိယာ သုခတော ဝိဒူ။

ပုထုဇဉ်တို့ “ချမ်းသာ”ဟုဆိုအပ်သော အရာကို အရိယာတို့သည် “ဆင်းရဲ”ဟု ဆိုကုန်၏။ ပုထုဇဉ်တို့ “ဆင်းရဲ”ဟု ဆိုအပ်သော အရာကို အရိယာတို့သည် “ချမ်းသာ”ဟု သိကုန်၏။

(ပထမရူပါရာမသုတ်၊ သဠာ-သံ၊၂၊ ၃၄၂။)

*******************

# မဂ္ဂသစ္စာ

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပော သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။**

ရဟန်းတို့… ဤသည်ကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား ‘မဂ္ဂအရိယသစ္စာ’ပေတည်း။ ဤအရိယာမဂ်သည် အင်္ဂါရှစ်ပါးရှိ၏။ အရိယာအဖြစ်ကို ပြုတတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်ပင်တည်း။ အင်္ဂါရှစ်ပါးဟူသည်ကား- မှန်စွာသိမြင်ခြင်း သမ္မာဒိဋ္ဌိ, မှန်စွာကြံခြင်း သမ္မာသင်္ကပ္ပ, မှန်စွာပြောဆိုခြင်း သမ္မာဝါစာ, မှန်စွာပြုလုပ်ခြင်း သမ္မာကမ္မန္တ, မှန်စွာ အသက်မွေးခြင်း သမ္မာအာဇီဝ, မှန်စွာအားထုတ်ခြင်း သမ္မာဝါယာမ, မှန်စွာအောက်မေ့ခြင်း သမ္မာသတိ, မှန်စွာတည်ကြည်ခြင်း သမ္မာသမာဓိ တို့ပေတည်း။

**“အယမေဝ”ဟူသောပုဒ်ဖြင့် ပိုင်းခြားကန့်သတ်ထား**

“အယမေဝ”ဟူသောပုဒ်ဖြင့် ဤမဂ္ဂင်ရှစ်ပါးမှတပါး အခြားသော တိတ္ထိတို့သည် ကြံဆထားအပ်သော မဂ်များသည် ဒုက္ခငြိမ်းကြောင်း အကျင့်လမ်းမဟုတ်၊ (ဝါ) အခြားသော တိတ္ထိတို့၏ အကျင်းများသည် နိဗ္ဗာန်ရောက်ကြောင်း မဟုတ်ဟု ပယ်ခြင်းငှာ ကန့်သတ်ထားခြင်းဖြစ်၏။ (သာရတ္ထ၊ဋီ၊တ၊၁၇၀။)

**မဂ်ဟူသည်-**

၁။ နိဗ္ဗာန်ကို အလိုရှိသောသူတို့ ရှာမှီးအပ်သောကြောင့် မဂ်၊
၂။ နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့် မဂ်၊
၃။ ကိလေသာတို့ကို သတ်ဖြတ်လျက် သွားတတ်သောကြောင့် မဂ်။

(နိဗ္ဗာနတ္ထိကေဟိ မဂ္ဂီယတီတိ မဂ္ဂေါ၊ နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတီ မဂ္ဂေါ၊ ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ။ သာရတ္ထ၊ဋီ၊၃၊၁၇၀။)

**မဂ်စိတ်, မဂ်, မဂ္ဂင်တို့ အထူး…**

၁။ လောကီမဂ္ဂင်များ ပွားများနေရင်း ရင့်သန်လာသောအခါ လောကုတ္တရာမဂ္ဂင် ပေါ်လာ၏။ ထိုအခိုက် ပေါ်လာသောစိတ်ကို 'မဂ်စိတ်'ဟု ခေါ်၏။
၂။ ထိုမဂ်စိတ်နှင့်အတူ ပေါ်လာသော သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး အပေါင်းကို 'မဂ်'ဟု ခေါ်၏။
၃။ သမ္မာဒိဋ္ဌိစသည် မဂ်၏အင်္ဂါ အစိတ်အပိုင်း တစ်ပါးစီ တစ်ပါးစီကို 'မဂ္ဂင်'ဟု ခေါ်၏။

**မဂ္ဂင် ၂-မျိုး**

ဝိပဿနာပွားနေခိုက် ဖြစ်သောမဂ္ဂင်များကို လောကီမဂ္ဂင်ဟု ခေါ်၏။ လောကီမဂ္ဂင်များ ရင့်သန်လာသော အခါ (ဝါ) အမြင့်ဆုံးအဆင့်သို့ ရောက်လာသောအခါ အကျိုးတရားအဖြစ်ဖြင့် လောကုတ္တရာမဂ္ဂင် ပေါ်လာ၏။

**အရိယသစ္စာဟူသည်-**

၁။ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ အမှန်တရား။
၂။ ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့၏ အမှန်တရား။
၃။ ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်းသိအပ်သော အမှန်တရား။
၄။ အရိယာပုဂ္ဂိုလ်ဖြစ်အောင် ပြုတတ်သော အမှန်တရား။
၅။ မချွတ်မယွင်း သိသင့်သိထိုက်သော အမှန်တရား။

**မဂ္ဂသစ္စာအနက် ၄-ချက်**

၁။ **နိယျာနဋ္ဌ**- သံသရာမှ ထုတ်ဆောင်ပေးခြင်းသည် မဂ္ဂသစ္စာ၏ ပကတိသဘာဝ ဖြစ်သည်။
၂။ **ဟေတုဋ္ဌ**- နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်ခြင်းသည် သမုဒယသစ္စာရှုထောင့်မှ မြင်ရသော မဂ္ဂသစ္စာ၏ သဘာဝဖြစ်သည်။
၃။ **ဒဿနဋ္ဌ**- နိဗ္ဗာန်ကို တွေ့မြင်သည် နိရောဓသစ္စာရှုထောင့်မှ မြင်ရသော မဂ္ဂသစ္စာ၏ သဘာဝ ဖြစ်သည်။
၄။ **အာဓိပတေယျဋ္ဌ**- အတူတကွ ဖြစ်ကြသည့်တရားများကို လွှမ်းမိုးခြင်းသည် ဒုက္ခသစ္စာရှုထောင့်မှ မြင်ရသော မဂ္ဂသစ္စာ၏ သဘာဝဖြစ်သသည်။

ဤသည်ကား မဂ္ဂသစ္စာ၏ သဘာဝကို မဂ္ဂ, သမုဒယ, နိရောဓ, ဒုက္ခ- ရှုထောင့်စုံမှ မြင်ရသော သဘာဝဖြစ်၏။

## မဂ္ဂင်ရှစ်ပါး အစဉ်ထားပုံ

**သမ္မာဒိဋ္ဌိ။** ။မဂ်မရမီ ရှေးအဖို့၌ ဝိပဿနာသမ္မာဒိဋ္ဌိ အလင်းရောင်ဖြင့် အဝိဇ္ဇာမှောင်ကို ပယ်ဖျောက်ကာ ကိလေသာရန်သူကို သတ်ဖြတ်ပြီးမှ ယောဂီသူမြတ် လိုလားအပ်သော နိဗ္ဗာန်ကို ရ၏။ ထို့ကြောင့် နိဗ္ဗာန်ကိုလိုလား၍ ကြိုးစားအားထုတ်နေသော ယောဂီအား လွန်စွာ ကျေးဇူးများသောကြောင့် သမ္မာဒိဋ္ဌိကို ရှေးဦးစွာ ဟောပါသည်။

**သမ္မာသင်္ကပ္ပ။** ။ရွှေပန်းတိမ်သမားသည် လက်ဖြင့် အပြန်ပြန် အလှန်လှန် လှည့်ကြည့်ရမှသာလျှင် ရွှေတု,ရွှေစစ်ကို သိနိုင်သကဲ့သို့၎င်း၊ သစ်ခွဲသမားသည် အခြားတစ်ယောက်က သစ်တုံးကိုကိုင်၍ လှိမ့်ကာ လှည့်ပေးမှသာလျှင် ကောင်းစွာဖြတ်နိုင်သကဲ့သို့၎င်း....ယောဂီသည်လည်း မဂ်၏ရှေးအဖို့၌ သမ္မာသင်္ကပ္ပဟူသော ဝိတက်ဖြင့် အာရုံသို့ တင်ကာ,တင်ကာ ကြံပေးမှသာလျှင် သမ္မာဒိဋ္ဌိဖြင့် "ဤကား ရုပ်တရား၊ ဤကား နာမ်တရား"စသည်ဖြင့် မှန်စွာ သိနိုင်၏။ ထို့ကြောင့် သမ္မာဒိဋ္ဌိအား လွန်စွာကျေးဇူးများသောကြောင့် သမ္မာဒိဋ္ဌိနောင် သမ္မာသင်္ကပ္ပကို ဒုတိယထားရပါသည်။

**သမ္မာဝါစာ။** ။သမ္မာသင်္ကပ္ပသည် သမ္မာဒိဋ္ဌိအား ကျေးဇူးများသကဲ့သို့ သမ္မာဝါစာအားလည်း ကျေးဇူးများ၏။ များပုံမှာ... နှုတ်မြွက်၍ စကားပြောသောသူသည် မပြောမီရှေးဦးစွာ စဉ်းစားကြံစည်ရမှသာလျှင် အချက်ကျကျ ပြောနိုင်၏။ ထို့ကြောင့် သမ္မာသင်္ကပ္ပနောင် သမ္မာဝါစာကို ထားရပါသည်။

**သမ္မာကမ္မန္တ။** ။တစ်စုံတစ်ခု ပြုလုပ်လိုသောသူသည် မလုပ်မီရှေးအဖို့ "ဤကိစ္စ, ဤကိစ္စကို ပြုလုပ်အံ့"ဟု နှုတ်ဖြင့်တိုင်ပင် ပြောဆိုပြီးမှသာလျှင် လောက၌ အမှုကိစ္စတို့ကို ပြုကြမြဲဖြစ်ရကား သမ္မာဝါစာသည် သမ္မာကမ္မန္တအား ကျေးဇူးများသောကြောင့် သမ္မာဝါစာနောင် သမ္မာကမ္မန္တကို ဟောတော်မူ၏။

**သမ္မာအာဇီဝ။** ။ဝစီဒုစရိုက်လေးပါးမှ လုံခြုံမှု သမ္မာဝါစာ၊ ကာယဒုစရိုက်သုံးပါးမှ လုံခြုံမှု သမ္မာကမ္မန္တ၊ ဤမဂ္ဂင်နှစ်ပါး လုံခြုံပါက သမ္မာအာဇီဝမဂ္ဂင်လည်း တခါတည်း ပြည့်စုံသွားတော့၏။ ၎င်းမဂ္ဂင်နှစ်ပါး မပြည့်စုံလျှင် သမ္မာအာဇီဝလည်း မပြည့်စုံနိုင်ကြောင်းကို ပြလို၍ ၎င်းတို့နောင် သမ္မာအာဇီဝကို ဟောတော်မူ၏။

**သမ္မာဝါယာမ။** ။ဆိုခဲ့ပြီးသည့်အတိုင်း ဖြည့်ကျင့်နိုင်သဖြင့် စင်ကြယ်စွာ အသက်မွေးသောသူသည်လည်း အသက်မွေးမှု စင်ကြယ်ရုံမျှနှင့် အားရတင်းတိမ်၍ မေ့မေ့လျော့လျော့ စားသောက်နေခြင်းငှာ မထိုက်သေး။ စင်စစ်အားဖြင့် ဣရိယာပုထ်လေးပါးလုံးပင် ကောင်းစွာအားထုတ်မှုဟူသော သမ္မာဝါယာမကိုလည်း အားထုတ်ရန် သင့်သေး၏ဟူသော အနက်အဓိပ္ပါယ်ကို ပြတော်မူလို၍ သမ္မာအာဇီဝနောင် သမ္မာဝါယာမကို ဟောတော်မူ၏။

**သမ္မာသတိ။** ။သမ္မာဝါယာမဖြင့် အားထုတ်သော ပုဂ္ဂိုလ်သည်လည်း ကာယ,ဝေဒနာ,စိတ္တ,ဓမ္မ ဟူသော လေးဖြာသော သတိပဋ္ဌာန်တရားတို့၌ သတိထင်အောင် ရှုဆင်ခြင်ရမည်ဟု ပြခြင်းငှာ သမ္မာ-ဝါယာမနောင် သမ္မာသတိကို ဟောတော်မူပါသည်။

**သမ္မာသမာဓိ။** ။ဆိုခဲ့ပြီးတိုင်း ခိုင်မြဲစွာ သတိရှိသောသူသည် သမာဓိတရားအား ကျေးဇူးပြုနိုင်သော တရား, ကျေးဇူးမပြုနိုင်သောတရားတို့ကို ကောင်းစွာရှာမှီး၍ တစ်ခုတည်းသောအာရုံ၌ စိတ်ကို ကောင်းစွာ ထားနိုင်သည်ကို ပြတော်မူလို၍ သမ္မာသတိနောင် သမ္မာသမာဓိကို ဟောတော်မူပါသည်။

(ပဋိသံ၊ဋ္ဌ၊၂၊နှာ-၁၅၀-၁။)

# သမ္မာဒိဋ္ဌိ - မှန်စွာသိခြင်း

ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဟူသော သစ္စာလေးပါးကို သိသောဉာဏ်ကို 'သမ္မာဒိဋ္ဌိ'ဟု ခေါ်၏။

**သမ္မာဒိဋ္ဌိ ၅-မျိုး**

၁။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ = ကံနှင့် ကံ၏အကျိုးတရားကို သိမြင်သောဉာဏ်၊
၂။ ဈာနသမ္မာဒိဋ္ဌိ = ဈာန်စိတ်၌ ရှိသောဉာဏ်၊
၃။ ဝိပဿနာ သမ္မာဒိဋ္ဌိ = ဝိပဿနာဉာဏ်
(ရုပ်နာမ်၂-ပါး၊ ၎င်းတို့၏ ဖြစ်ပျက်၊ လက္ခဏာ၃-ပါးတို့ကို သိသောဉာဏ်)
၄။ မဂ္ဂသမ္မာဒိဋ္ဌိ = မဂ်ဉာဏ်၊
၅။ ဖလသမ္မာဒိဋ္ဌိ = ဖိုလ်ဉာဏ်၊

**ဝဋ္ဋသစ္စာနှင့် ဝိဝဋ္ဋသစ္စာ**

ရှေ့ဖြစ်သော ဒုက္ခနှင့် သမုဒယ သစ္စာ၂-ပါးကို ဝဋ်၌ဖြစ်သောကြောင့် ဝဋ္ဋသစ္စာဟု ခေါ်၏။ နိရောဓနှင့် မဂ္ဂ, သစ္စာ၂-ပါးတို့သည်ကား ဝဋ်မှကင်းသော လောကုတ္တရာသစ္စာ(ဝိဝဋ္ဋသစ္စာ)မည်၏။

ယောဂီသည် "ခန္ဓာငါးပါးသည် ဒုက္ခသစ္စာတည်း၊ တဏှာသည် သမုဒယသစ္စာတည်း"ဟု ဆရာသမားထံ၌ ကျေပွန်စွာ သင်ယူပြီးလျှင် ကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်အပ်၏။ လောကုတ္တရာ သစ္စာ ၂-ပါးကိုကား "လိုလားအပ်, နှစ်သက်အပ်, မြတ်နိုးအပ်၏"ဟု ကြားနာသင်ယူလျက် အားထုတ်အပ်၏။ ဤလောကုတ္တရာ သစ္စာများကို သာမန်ပုဂ္ဂိုလ်များ ကိုယ်ပိုင်ဉာဏ်ဖြင့် မသိနိုင်။ သုတမယဉာဏ်, စိန္တာမယဉာဏ်လောက်ဖြင့်သာ သိနိုင်ပေသည်။ "နိရောဓသစ္စာဆိုတာ ဘယ်လိုဟာပဲ"ဟု ကျမ်းဂန်တို့ မိန့်ဆိုချက်အားဖြင့်၎င်း၊ ဆရာသမားများ၏ ပြောကြားချက်ကို မှတ်သားသောအားဖြင့်၎င်း၊ ကြားနာမှု အားဖြင့်၎င်း သိခြင်းမျိုးပေတည်း။

တရားအားထုတ်သောအခါ ဝဋ်သစ္စာ ၂-ပါးကိုသာ ရှုပြီးအားထုတ်ရ၏။ ဝိဝဋ္ဋသစ္စာ ၂-ပါးကိုကား အလိုရှိအပ်သော တရားဟု စိတ်ညွတ်ကာ အာရုံပြုရုံမျှ လို၏။

**မိလိန္ဒမင်းကြီးအမေး**

မင်းကြီး။ အရှင်ဘုရား- မရသေးတဲ့ နိဗ္ဗာန်ကို ဘယ်လို လိုချင်မှု ဖြစ်နိုင်ပါသလဲ?

ရှင်နာဂသိန်။ မင်းကြီး- အနာမပျောက်သေးပေမဲ့ အနာပျောက်တာ ကောင်းမှန် သိသလိုပါပဲ။

**တစ်ခုတည်းသော ပဋိဝေဓဉာဏ်**

သစ္စာလေးပါးကို သိသောအခါ၌ တစ်ခုတည်းသော ပဋိဝေဓဉာဏ်ဖြင့်သာလျှင် ထိုးထွင်းသိ၏။ ဒုက္ခသစ္စာကို ပိုင်းခြားကာ ထိုးထွင်းသိမှု **ပရိညာပဋိဝေဓ**၊ သမုဒယသစ္စာကို ပယ်ခြင်းဟူသော ထိုးထွင်းသိမှု **ပဟာနပဋိဝေဓ**၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဟူသော ထိုးထွင်းသိမှု **သစ္ဆိကိရိယာပဋိဝေဓ**၊ မဂ္ဂသစ္စာကို မိမိသန္တာန်၌ ဖြစ်စေခြင်းဟူသော ထိုးထွင်းသိမှု **ဘာဝနာပဋိဝေဓ**။

**အဆင့်ငါးဆင့်ဖြင့် သိခြင်း**

**ဒုက္ခ,သမုဒယဟူသော ရှေးဝဋ်သစ္စာ ၂-ပါးကို-**

**၁။ ဥဂ္ဂဟ- သင်ယူခြင်း,**

**၂။ ပရိပုစ္ဆာ- အဖန်ဖန်မေးခြင်း,**

**၃။ သဝန- နာကြားခြင်း,**

**၄။ ဓာရဏ- ဆောင်ထားခြင်း,**

**၅။ သမ္မသန- သုံးသပ်ဆင်ခြင်ခြင်း (အားထုတ်ခြင်း)**- ဤသို့ ရှေးဦးစွာ သိအောင်ပြုလုပ် အားထုတ်ရမည်။ နောက် နိရောဓ,မဂ္ဂဟူသော ဝိဝဋ္ဋသစ္စာ ၂-ပါးကိုကား "နှစ်သစ်လိုလားအပ်သော တရား"ဟု **သဝန- နာယူ မှတ်သားခြင်းဖြင့်** သိအောင်ပြုလုပ် အားထုတ်ရမည်။

**အာရမ္မဏ ပဋိဝေဓနှင့် ကိစ္စပဋိဝေဓ**

နိရောဓသစ္စာကို အာရုံပြုခြင်းဟူသော ထိုးထွင်း၍သိမှု(အာရမ္မဏပဋိဝေဓ)ဖြင့် ပြီး၏။ ကျန်သော ဒုက္ခသစ္စာ, သမုဒယသစ္စာ, မဂ္ဂသစ္စာ ၃-ပါးတို့၌ကား ပိုင်းခြင်း၍သိမှုကိစ္စ, ပယ်မှုကိစ္စ, ပွားမှုကိစ္စ-ဟူသော ကိစ္စအားဖြင့် ထိုးထွင်း၍သိမှု(ကိစ္စပဋိဝေဓ)ဖြင့် ပြီး၏။

**လေ့လာတော့ ၄-မျိုး, သိတော့ ၁-မျိုး**

ဤသို့ မြင်ခဲလို့ နက်နဲခြင်း, နက်နဲလို့ မြင်ခဲခြင်း သဘောရှိကုန်သော သစ္စာလေးပါးတို့၌ သင်ယူခြင်း စသည်တို့၏အစွမ်းဖြင့် ရှေးအဖို့၌ဖြစ်သော ဉာဏ်၏ဖြစ်ခြင်းကို ရည်ရွယ်၍ "ဒုက္ခေ ဉာဏံ= ဒုက္ခသစ္စာ၌ သိသောဉာဏ်၊ ဒုက္ခသမုဒယေ ဉာဏံ= ဆင်းရဲဖြစ်ကြောင်း သမုဒယသစ္စာ၌ သိသောဉာဏ်၊ ဒုက္ခနိရောဓေ ဉာဏံ= ဆင်းရဲ ချုပ်မှု၌ သိသောဉာဏ်၊ ဒုက္ခနိရောဓ,ဂါမိနိယာ ပဋိပဒါယ ဉာဏံ= ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့် မဂ္ဂသစ္စာ၌ သိသောဉာဏ်"ဟု ဉာဏ်လေးမျိုး ဟောတော်မူ၏။ သို့သော် ထိုးထွင်း၍ သိဆဲခဏ၌ကား တစ်ခုတည်းသော မဂ်ဉာဏ်သည်သာလျှင် ဖြစ်၏။

*************************

# သမ္မာသင်္ကပ္ပမဂ္ဂင် - မှန်စွာကြံခြင်း

**မဂ်မဖြစ်မီ ၃-မျိုး၊ မဂ်ဖြစ်လျှင် တစ်မျိုးတည်းသာ**

မဂ်မဖြစ်မီ ရှေးအဖို့၌ ရှောင်ကြဉ်ကြောင်းသညာတို့၏ ကွဲပြားသောကြောင့် **နေက္ခမ္မသင်္ကပ္ပ**= ကာမအာရုံ ဝတ္ထုတို့မှ ထွက်မြောက်လိုသော ကြံစည်မှု၊ **အဗျာပါဒသင်္ကပ္ပ**= သတ္တဝါများ သေကျေပျက်စီး စေလိုသော ဒေါသ, ဗျာပါဒ၏ ဆန့်ကျင်ဘက် ကြံစည်မှု၊ **အဝိဟိံသ သင်္ကပ္ပ**= သတ္တဝါတို့ကို ညှဉ်းဆဲလို သော ဝိဟိံသ၏ ဆန့်ကျင်ဘက် ကြံစည်မှုဟု သုံးပါးကွဲပြား၏။

သို့သော် မဂ်ဖြစ်သော ခဏ၌ကား ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်ဟူသော ထိုသုံးပါးသော အကုသိုလ်ဝိတက်တို့၏ ဖြစ်ကြောင်းတရားကို တစ်ချက်တည်း ပယ်ဖြတ်ခြင်းဖြင့်ပင် မဂ်ကိစ္စပြီးသောကြောင့် သမ္မာသင်္ကပ္ပဟူသော မဂ်၏အင်္ဂါကို ပြည့်စေလျက် တစ်ပါးတည်းသာ ဖြစ်တော့၏။

**နေက္ခမ္မသင်္ကပ္ပ= ကာမအာရုံဝတ္ထုတို့မှ ထွက်မြောက်လိုသော ကြံစည်မှု**

ကာမဂုဏ် အာရုံဝတ္ထုတို့မှ ထွက်မြောက်လိုသော- ၎င်းတို့ကို စွန့်လွှတ်လိုသော- ကြံစည်စိတ်ကူး မှုများ ဖြစ်ပေါ်လာခြင်း၊ ကုသိုလ်အာရုံများ၌ ပြုလုပ်အားထုတ်လိုသော စိတ်ကူးကြံစည်မှုများ ဖြစ်လာ ခြင်းကို ဆိုသည်။

ဥပမာ- တရားနာလိုမှု၊ ဘုရားရှိခိုးလိုမှု၊ ဘုရားဝတ်တက်လိုမှု၊ ပရိတ်ပဋ္ဌာန်းစသည် ရွတ်ဖတ်လိုမှု၊ တရား စာအုပ်များ ဖတ်လိုမှု၊ တရားသင်တန်းများ တက်လိုမှု၊ သီလစောင့်လိုမှု၊ မေတ္တာပွားလိုမှု၊ ဝေယျာ– ဝစ္စ ပြုလုပ်လိုမှု၊ တရားအားထုတ်လိုမှု... စသည့် ကုသိုလ်အာရုံများဘက်သို့ ဦးတည်ကာ စိတ်ကူးလာ ခြင်းမျိုးကို ခေါ်သည်။ ကုသိုလ်ကောင်းမှုလုပ်တိုင်း ဤနေက္ခမ္မသင်္ကပ္ပသည် အမြဲပါနေ၏။ ၎င်း **သမ္မာ– သင်္ကပ္ပ** မျိုးကိုပင် **မူလမဂ္ဂင်**ဟု ခေါ်သည်။

**ပုဗ္ဗဘာဂမဂ္ဂင်**အရာဝယ်- ဝိပဿနာရှုခိုက်၌ ဤကဲ့သို့ စဉ်းစားကြံစည်နေခြင်း မဟုတ်တော့ပေ။ ဤ သမ္မာသင်္ကပ္ပမဂ္ဂင်သည် စိတ်နှင့် ၎င်း၏ သမ္ပယုတ်တရားများကို အာရုံဆီသို့ တင်ပို့ပေး၏။ ဆိုလို သည်မှာ- မှတ်တိုင်းမှတ်တိုင်း စိတ်ကို အရှုခံ အာရုံဆီပေါ်သို့ တင်ပို့ပေး၏။ ဦးတည် ပေး၏။ မှတ်တိုင်း မှတ်တိုင်း ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက် ကာမဝိတက်ကို ပယ်သတ်ပေး၏။ ထို့ကြောင့် ရှုချက်တိုင်း၌ သမ္မာသင်္ကပ္ပ ပါဝင်နေ၏။

**အရိယာမဂ်**အဆင့်၌ကား- ဝိပဿနာမဂ်များ ရင့်သန်လာသောအခါ သမ္မာသင်္ကပ္ပမဂ္ဂင်သည် နိဗ္ဗာန်ကို အာရုံပြုလျက်, ဦးတန်းလျက် ကာမဝိတက်မှန်သမျှကို သမုစ္ဆေဒပဟာန်ဖြင့် တစ်ခါတည်း အမြစ်ပြတ် ပယ်သတ်လိုက်၏။

> (အထသ ဝိပဿနာက္ခဏေ ဝိပဿနာသမ္ပယုတ္တော သင်္ကပ္ပေါ တဒင်္ဂဝသေန ကာမဝိတက္ကသ ပဒဋ္ဌေဒံ ကရောန္တော ဥပ္ပဇ္ဇတိ၊ ဝိပဿနံ ဥဿုက္ကာပေတွာ မဂ္ဂံ ပါပေတိ။ အထသ မဂ္ဂက္ခဏေ မဂ္ဂသမ္ပယုတ္တော ပဒဃာတံ ပဒစ္ဆေဒံ ကရောန္တော ဥပ္ပဇ္ဇတိ။ (သမ္မောဋ္ဌ၊ ၁၁၀။)

**အဗျာပါဒ သင်္ကပ္ပ = ဒေါသဗျာပါဒ၏ ဆန့်ကျင်ဘက် ကြံစည်မှု**

(သတ္တဝါတို့သည် လိုချင်တာ မရလျှင် သူတပါးကို ပျက်စီးစေချင်ကြ၏။ ထို့ကြောင့် အဗျာပါဒ သင်္ကပ္ပကို ဟောထားပေသည်။)

သက်ရှိသတ္တဝါများကို သေစေလိုသောအားဖြင့် ကြံစည်မှု၊ သက်မဲ့ဝတ္ထုများအတွက် ပျက်စီးစေလိုသော ကြံစည်မှုမျိုးကို ဗျာပါဒ-ဟု ခေါ်၏။ ၎င်း၏ ဒေါသ-ဗျာပါဒ၏ ဆန့်ကျင်ဘက်အကြံအစည်ကို အဗျာပါဒဟု ခေါ်သည်။ ၎င်းအဗျာပါဒသင်္ကပ္ပသည် သတ္တဝါတို့ကို ကြီးပွားချမ်းသာစေလိုသော, ချစ်ခင်တတ်သော **မေတ္တာ**နှင့် ယှဉ်တွဲဖြစ်၏။ မေတ္တာပို့တိုင်း အဗျာပါဒသင်္ကပ္ပ ဖြစ်နေ၏။ ဤသည်မှာ **သမ္မာသင်္ကပ္ပ မူလမဂ္ဂင်** ဖြစ်၏။

**ပုဗ္ဗဘာဂမဂ္ဂင်**- ဝိပဿနာအဆင့်တွင် စိတ်ကို အာရုံဆီသို့ ဦးတည်ပေးပြီး, ရုပ်နာမ်နှင့် လက္ခဏာသုံးပါးကို ရှုပေသည်။ **အရိယမဂ္ဂင်**အဆင့်တွင်- နိဗ္ဗာန်အာရုံထဲသို့ ပြေးဝင်သွားပြီး အရိယာမဂ်ဉာဏ် ဖြစ်ပေါ်လာ၏။ ၎င်းပေါ်လာသည်နှင့် အရိယာမဂ်ဉာဏ်နှင့် တွဲလျက် အဗျာပါဒသင်္ကပ္ပ ဖြစ်ပေါ်လာပြီး မိစ္ဆာသင်္ကပ္ပများကို အမြစ်ပြတ် ပယ်သတ်လေတော့၏။

**အဝိဟိံသာ သင်္ကပ္ပ = ညှင်းဆဲခြင်း ဝိဟိံသ၏ ဆန့်ကျင်ဘက် ကြံစည်မှု**

သူတပါးကို ညှင်းဆဲနှိပ်စက်လိုသည့် အကြံသည် ဝိဟိံသာသင်္ကပ္ပ၊ သူတပါးကို သနားကြင်နာတတ်သည့် ကရုဏာဖြင့် ဆင်းရဲမှ လွတ်စေလိုသော အကြံသည် အဝိဟိံသာ သင်္ကပ္ပ၊ ဒုက္ခိတသတ္တဝါများကို အာရုံပြုကာ ကိုယ်ချင်းစာတရား, ကရုဏာတရားများဖြစ်တိုင်း အဝိဟိံသာ သင်္ကပ္ပ ဖြစ်နေ၏။ အဝိဟိံသာ သင်္ကပ္ပကို အကြောင်းပြု၍ ကရုဏာတရားများ ပွားများကြ၏။ ဤသည်မှာ သမ္မာသင်္ကပ္ပ၏ **မူလမဂ္ဂင်**ပင် ဖြစ်သည်။

**ပုဗ္ဗဘာဂမဂ္ဂင်**အဆင့်- ဝိပဿနာဖြစ်ခိုက်၌ စိတ်ကို အာရုံပေါ်သို့ ရှေးရှုတင်ပေးပြီး၊ **အရိယာမဂ်** အခိုက်တွင် သတ္တဝါတို့အပေါ် ညှင်းဆဲလိုသော ဝိဟိံသတရားများ အမြစ်ပါ ပယ်သတ်လိုက်တော့၏။

(မှတ်ချက်။ ပုဗ္ဗဘာဂမဂ်ဟူသော ဝိပဿနာဖြင့် ရုပ်နာမ်တို့၏ ဖြစ်-ပျက်ရှုခိုက် ကာမ, ဗျာပါဒ, ဝိဟိံသ သင်္ကပ္ပ သုံးပါးလုံး မဖြစ်နိုင်ကြပေ။ အရိယာမဂ်အခိုက်၌ကား မိစ္ဆာသင်္ကပ္ပ သုံးပါးလုံးကို သမုစ္ဆေဒ ပဟာန်ဖြင့် အမြစ်ပြတ် ပယ်သတ်လိုက်၏။)

****************************

## သမ္မာဝါစာ - မှန်စွာ ပြောဆိုခြင်း

**သမ္မာဝါစာ လေးပါး**

**၁။ မုသာဝါဒါ - မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊**

**၂။ ပိသုဏာဝါစာ - ကုန်းတိုက်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊**

**၃။ ဖရုသဝါစာ - ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊**
**၄။ သမ္ဖပ္ပလာပ - သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊**

**မဂ်မဖြစ်မီ ၄-ပါး, ဖြစ်ပြီးတစ်ပါးသာ**

အရိယာမဂ်မဖြစ်မီ မုသာဝါဒစသော ဝစီဒုစရိုက် လေးပါးကို ရှောင်ကြဉ်ရာ၌ ရှောင်ကြဉ်ကြောင်း သညာ လေးမျိုးကွဲနေသောကြောင့် ဤသို့ လေးပါးကွဲနေရ၏။ အရိယာမဂ်ကျသော ခဏ၌ကား သမ္မာဝါစာမဂ္ဂင်ဖြင့် ထိုဝစီဒုစရိုက်လေးပါးတို့၌ ကျူးလွန်ကြောင်း အကုသိုလ်စေတနာကို တစ်ချက်တည်းဖြင့် ပယ်ဖြတ်လျက် နောင်မဖြစ်ပေါ်တော့ပဲ ကုသိုလ်သက်ပ္ပ တစ်ပါးသာဖြစ်တော့၏။ ၄င်းမှာ **သမ္မာဝါစာမဂ္ဂင်** ပင်တည်း။

**မုသာဝါဒဟူသည်-**

ချွတ်ယွင်းဖေါက်ပြန် မမှန်မကန် ပြောဆိုကြောင်း **စေတနာ**ကို ခေါ်၏။ ဤ၌ "ပြောဆိုခြင်း" ဟူသည် သိစေတတ်သော ကာယပယောဂ, ဝစီပယောဂဖြင့်ကို ဖြစ်စေခြင်းပင်တည်း။ ထို့ကြောင့် အဖြောင့်အားဖြင့် ချွတ်ယွင်းဖေါက်ပြန် မမှန်ကန်သော ကာယပယောဂ, ဝစီပယောဂဖြင့် သူတပါးကို သိစေကြောင်းဖြစ်သော စေတနာကို မုသာဝါဒဟု ခေါ်၏။

**တနည်း**- '**မုသာ**'ဟူသည် မဟုတ်မမှန်သော အရာဝတ္ထုတည်း။ '**ဝါဒ**'ဟူသည် ထိုမဟုတ်မမှန် သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတပါးကို သိစေကြောင်း စေတနာတည်း။

**အပြစ်ကား။** ။ ကမ္မပထမြောက်သော မုသာဝါဒ၏ ဥစ္စာတန်ဘိုးလိုက်၍ အပြစ်ကြီး-ငယ် ကွာ၏။ တန်ဘိုး တူလျှင် သီလရှိခြင်း မရှိခြင်းအပေါ် မူတည်၍ အပြစ်ကြီး-ငယ် ကွာ၏။

(တဿ အပ္ပတာယ အပ္ပသာဝဇ္ဇော၊ မဟန္တတာယ မဟာသာဝဇ္ဇော။ သီ၊ဋ္ဌ၊၇၁။)

(တဿ အပ္ပဂုဏတာယ အပ္ပသာဝဇ္ဇော၊ မဟာဂုဏတာယ မဟာသာဝဇ္ဇော။ သီ၊ဋ္ဌီသစ်။)

**ပိသုဏဝါစာ= ကုန်းတိုက်စကား**

**ပိယံ သုညံ** ကရောတီတိ ပိသုဏာ

မိမိအပေါ်၌ ချစ်လာအောင်, သူတပါးအပေါ်၌ အချစ်ကင်းဆိတ်လာအောင် ပြုလုပ်တတ်သော ကြောင့် ပိသုဏ-ဟု ခေါ်၏။ (ချစ်ခင်နေသူ နှစ်ဦးသာ ကွဲပြားအောင် ကုန်းတိုက်စကားပြောခြင်း။)

**ဖရုသဝါစာ= ကြမ်းတမ်းသောစကား**

ဆဲရေးတိုင်းထွာသော စကားမျိုးတည်း။ ထိုစကားမျိုးသည် ကြားရသူတို့နားဝယ် လွှသွားကဲ့သို့ အဓိပ္ပါယ်အားဖြင့် ကြမ်းတမ်းသောကြောင့် ဖရုသဝါစာ-ကြမ်းတမ်းသောစကားဟု ဆို၏။

**စေတနာကြမ်းနှင့် နှုတ်ကြမ်း**

ဤ၌ စေတနာကြမ်းနှင့် နှုတ်ကြမ်းဟု နှစ်မျိုးရှိ၏။ တရားသူကြီးများ အမိန့်ချသကဲ့သို့ နှုတ်က ချိုနေပါသော်လည်း စေတနာက ကြမ်းလျှင် ဖရုသဝါစာဟုပင် ခေါ်၏။ မိဘ ဆရာသမားများကဲ့သို့

နူတ်က အသံကြမ်းသော်လည်း သားသမီး တပည့်တို့အပေါ်၌ စေတနာကား မကြမ်းပေ။ ထိုစကားမျိုး သည် ဖရုသဝါစာ မမည်။

**သမ္ဖပ္ပလာပ = ပိန်ဖျင်းသောစကား**

တကယ်မရှိသသော ဒဏ္ဍာရီပုံပြင်များကို အကျိုးမရှိ, အချိန်ကုန်ရုံ, ရီမောရရုံ ပြောဆိုသော စကားမျိုး တည်း။ ထိုစကားမျိုးသည် အကျိုးမရှိ၊ အနှစ်သာရ ကင်းမဲ့သောကြောင့် အဆန်မရှိသည့် ပိန်သောစပါးဖျင်းနှင့် တူသဖြင့် '**ပိန်ဖျင်းသောစကား**'ဟု ခေါ်ကြ၏။

**ရှောင်လျှင် မဂ္ဂင်**

ထိုကုန်းတိုက်စကား၊ ကြမ်းတမ်းသောစကား၊ ပိန်ဖျင်းသောစကားများကို 'မပြောဆိုတော့ဘူး'ဟု ရှောင်ကြဉ်လိုက်လျှင် **မူလမဂ္ဂင်** ဖြစ်၏။ တရားအားထုတ်သောအချိန်၌ ဖြစ်ဆဲ ရုပ်နာမ်များကို ရှုမှတ် နေသောကြောင့် ထိုအခိုက်၌ ဝစီဒုစရိုက်များ ငြိမ်းနေ၏။ ဤသည်ကား **ပုဗ္ဗဘာဂမဂ္ဂင်**ပေတည်း။ **အရိယာမဂ်** ဖြစ်သော အခါ၌ကား နိဗ္ဗာန်ကို အာရုံပြုလျက် ထိုဝစီဒုစရိုက်၌ဖြစ်သော အကုသိုလ်များ အားလုံးကို သမ္မာဝါစာမဂ္ဂင်ဖြင့် အမြစ်ပြတ် ပယ်ရှားလိုက်တော့၏။

**မှတ်ချက်။** ။ သောတာပတ္တိမဂ်က မုသာဝါဒကို ပယ်သည်။ အနာဂါမိမဂ်က ပိသုဏဝါစာနှင့် ဖရုသ ဝါစာတို့ကို ပယ်သည်။ သို့သော် ဤနေရာ၌ "**စေတနာ**"ကို "ဝါစာ"ဟု ဆိုလို၏။ စေတနာမပါဘဲ အပြော အဆို ကြမ်းတမ်းမှုကား ရှိနိုင်သေး၏။ အရဟတ္တမဂ်က သမ္ဖပ္ပလာပကို ပယ်သည်။ အပယ်သို့ ကျစေနိုင် သော ပိသုဏ, ဖရုသ, သမ္ဖပ္ပလာပတို့ကိုမူကား သောတာပတ္တိမဂ်က ပယ်ခဲ့သည်ဟု ယူဆရာ၏။ ဝိသုဒ္ဓိမဂ်၊ ဒု၊ ၃၂၅။

***************************

## သမ္မာကမ္မန္တာ = မှန်စွာပြုခြင်း

၁။ ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း၊
၂။ အဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်း၊
၃။ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း၊
ဤကာယကံ သုံးပါးမှ ရှောင်ကြဉ်ခြင်းကို သမ္မာကမ္မန္တ-ဟု ခေါ်၏။

**မဂ္ဂင် သုံးဆင့်**

၄င်းကာယကံ သုံးပါးကို သီလစောင့်ထိန်းသောအားဖြင့် ရှောင်ကြဉ်လျှင် **မူလမဂ္ဂင်** ဖြစ်၏။ တရား အားထုတ်နေသောအခါ၌ ပစ္စုပ္ပန် ရုပ်နာမ်များကိုသာ ရှုနေရသဖြင့် ၄င်းကံများ ငြိမ်းနေသော ကြောင့် ဝိပဿနာ မဂ္ဂင်များ ဖြစ်နေ၏။ နိဗ္ဗာန်အာရုံထဲသို့ ပြေးဝင်ဆိုက်ရောက်ကာ အရိယာမဂ်

ကျသောအခါ၌မူကား ထိုကံများ၌ ကျူးလွန်လိုသော အကုသိုလ်စေတနာကို အပြီးသတ် ပယ်ရှားလိုက်သည့် သမ္မာကမ္မန္တမဂ္ဂင် ဖြစ်ပေါ်လာ၏။

*************************

## သမ္မာအာဇီဝ= မှန်သောအသက်မွေးမှု

အသက်မွေးခြင်းကို အာဇီဝ-ဟု ခေါ်၏။ မှားယွင်းသော အသက်မွေးမှု(မိစ္ဆာအာဇီဝ)ကို ရှောင်ကြဉ်၍ မှန်ကန်သော အသက်မွေးမှုဖြင့် စီးပွားဥစ္စာကို ရှာဖွေကာ အသက်မွေးခြင်းကို သမ္မာအာဇီဝ-ဟုခေါ်၏။ ထိုသို့ ရှာဖွေရာ၌ ကိုယ်မှု,နှုတ်မှုတို့ဖြင့် ရှာဖွေရ၏။ စိတ်ဖြင့်ရှာ၍ မရပေ။ ထိုရှာဖွေသောအခါ ကာယကံမှု, ဝစီကံမှု စင်ကြယ်ရမည်ဟု ဆိုလို၏။

**အသက်မွေးဝမ်းကြောင်းနှင့် စပ်,မစပ်သော ကာယကံနှင့် ဝစီကံ**

မိမိ၏ အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော ကာယကံ ၃-ပါးနှင့် ဝစီကံ ၄-ပါးတို့မှ ရှောင်ကြဉ်လျှင် သာမန် သမ္မာဝါစာနှင့် သမ္မာကမ္မန္တတို့တွင်သာ ပါဝင်၏။ အသက်မွေးဝမ်းကြောင်းနှင့် သက်ဆိုင်သော ကာယကံ ၃-ပါးနှင့် ဝစီကံ၄-ပါးမှ ရှောင်ကြဉ်မှုသာလျှင် သမ္မာအာဇီဝ၌ ပါဝင်၏။

**ရဟန်းတော်များ၌ကား** မအပ်စပ်သော ပစ္စည်းလေးပါး ရှာဖွေမှု **အနေသန (၂၁)ပါးမှ** ရှောင်ကြဉ်ရ၏။ သို့မှသာ အသက်မွေးဝမ်းကြောင်း **အာဇီဝပါရိသုဒ္ဓိသီလ** စင်ကြယ်၏။

**မိစ္ဆာအာဇီဝများ**

မိမိအသက်ရှင်သန်ရေးအတွက် သူတပါးအသက်ကို သတ်၍ဖြစ်စေ၊ သူတပါးဥစ္စာကို မတရားယူ၍ ဖြစ်စေ၊ ကာမဂုဏ် အာရုံတို့၌ ကိုယ်တိုင်ကျူးလွန်၍ ဖြစ်စေ, သူတပါးကို ကျူးလွန်စေ၍ဖြစ်စေ အသက်မွေးခြင်းမျိုး ပေတည်း။ တဖန် ဥစ္စာရရေးအတွက် လိမ်လည် လှည့်ပတ် လှည့်ဖြား၍ဖြစ်စေ, သတင်းမှားများ လွှင့်၍ဖြစ်စေ၊ အခြားစီးပွားဘက်များ ကွဲပြားအောင် ကုန်းတိုက်၍ဖြစ်စေ၊ ကြမ်းကြမ်းတမ်းတမ်း ပြောဆို, အော်ဟစ်၍ဖြစ်စေ၊ အနှစ်သာရ မရှိသည်များကို ရေးသားပြောဆို၍ ဖြစ်စေ ရှာဖွေခြင်းတို့သည် မိစ္ဆာအာဇီဝတို့ ပေတည်း။

**မှားယွင်းသော ရောင်းဝယ်ခြင်း ၅-မျိုး**

လက်နက်ရောင်းဝယ်ခြင်း၊ အသားငါး ရောင်းဝယ်ခြင်း၊ လူရောင်းဝယ်ခြင်း၊ အရက်စသည် မူးယစ်စေတတ်သော အရာများ ရောင်းဝယ်ခြင်း၊ အဆိပ်ရောင်းဝယ်ခြင်း။

**လောကီ ဝိရတီ၊ လောကုတ္တရာ ဝိရတီ**

သီလမဂ္ဂင် သုံးပါးကို '**ဝိရတီ**'ဟုလည်း ခေါ်သေး၏။ ၎င်းဝိရတီသုံးပါးသည် လောကီအဆင့်တွင် ဒုစရိုက်, ဒုရာဇီဝတို့မှ ရှောင်ကြဉ်ခိုက်သာ ယှဉ်၏။ အမြဲတမ်း မယှဉ်။ ထို့ကြောင့် ဘုရားဖူး, တရားနာစသော မဟာကုသိုလ်စိတ်များ ဖြစ်နေသော်လည်း ရှောင်ကြဉ်စရာ ဒုစရိုက်မရှိသောကြောင့် ဝိရတီများ မဖြစ်ကြပေ။

ယင်းသို့ ဖြစ်ပြန်ပါကလည်း အသီးအသီး တစ်ပါးစီ တစ်ပါးစီသာ ဖြစ်၏။ သမ္မာဝါစာဖြစ်ခိုက်, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ မဖြစ်ကြ။ ထို့အတူ သမ္မာကမ္မန္တဖြစ်ခိုက် ကျန်နှစ်ပါး မဖြစ်။ သမ္မာအာဇီဝ ဖြစ်ခိုက်၌လည်း ကျန်နှစ်ပါး မဖြစ်။

လောကုတ္တရာသို့ရောက်သော ဝိရတီသည်ကား ကျူးလွန်လိုသော စေတနာကို အပြီးပယ်သတ်ပြီးသဖြင့် သီလသုံးပါးလုံး အမြဲတမ်း တပြိုင်နက် ဖြစ်၏။

မှတ်ချက်။ ။လောကီဝိရတီသည် ရှောင်ကြဉ်အပ်သော ဝိရမိတဗ္ဗဝတ္ထုကို အာရုံပြု၏။ လောကုတ္တရာ ဝိရတီသည် နိဗ္ဗာန်ကို အာရုံပြု၏။ ဤသို့ စိတ်တစ်ခုအတွင်း၌ အာရုံနှစ်ခု ကွဲနေသောကြောင့် တစ်ပြိုင်တည်း မဖြစ်နိုင်ခေါ။

**ဝိရတီသုံးပါး (ရှောင်သီလ၊ စောင့်သီလ၊ မြဲသီလ)**

**၁။ သမ္ပတ္တဝိရတီ**= သီလကို မဆောက်တည်ထားသော်လည်း မိမိတို့ အမျိုးအနွယ်, အကျင့်, ဂုဏ် စသည်ကို စောင့်ထိန်းသောအားဖြင့် ရောက်လာသောအကုသိုလ်ကို မပြုဘဲရှောင်ကြဉ်၏။ (ဤသီလမျိုးကို **ရှောင်သီလ**ခေါ်၏)

**၂။ သမာဒါနဝိရတီ=** သိက္ခာပုဒ်များ ဆောက်တည်ပြီး၍ ၎င်းကို မကျိုးပေါက်အောင် သတိဖြင့် စောင့်ထိန်း၏။ (ဤသီလသည် သတိဖြင့် စောင့်ရသောကြောင့် **စောင့်သီလ**ဟု ခေါ်၏။)

**၃။ သေတုဃာတ ဝိရတီ (သမုစ္ဆေဒ ဝိရတီ)=** အရိယာပုဂ္ဂိုလ်များ မဂ်သို့ရောက်သောအခါ ကျူးလွန်လိုသည့် အကုသိုလ်စေတနာ မှန်သမျှကို အမြစ်ပါမကျန်အောင် ပယ်သတ်လိုက်သဖြင့် အမြဲတမ်း ရှောင် ကြဉ်ပြီးသား ဖြစ်နေ၏။ နောက်ဘဝရောက်သွားသော်လည်း သီလမပျက်တော့။ (ထိုသီလမျိုးသည် အမြဲတမ်း လုံခြုံနေသောကြောင့် **မြဲသီလ**ဟု ခေါ်၏။)

မှတ်ချက်။ ။ပုထုဇဉ်အဖြစ်နှင့် သေလျှင် သရဏဂုံပျက်သော်လည်း သီလမပျက်သည်လည်း ရှိသေး၏။ အဋ္ဌရာသုတ်လာ သမဏနတ်သားသည် မသေမီရဟန်းဘဝက ပါလာသော သီလသည် နတ်ပြည်သို့ ရောက်သောအခါ၌လည်း မပျက်ဟု ဆို၏။

> သော "အယံ သင္ဂသမ္ပတ္တိ နာမ သုလဘာ၊ ဗုဒ္ဓါနံ ပါတုဘာဝေါ ဒုလ္လဘော"တိ စိန္တေတွာ **<u>ဝိမာနံ အပဝိသိတွာဝ အသမ္ဘိန္နေနေဝ သီလေန</u>** အဋ္ဌရာသံဃပရိဝုတော ဒသဗလဿ သန္တိကံ အာဂမ္မ အဘိဝါဒေတွာ ဧကမန္တံ ဌိတော ဣမံ ဂါထံ အာဟ။ (သံ၊ဋ္ဌ၁၊ ၈၁။)

**မဂ္ဂင် သုံးဆင့်**

ထိုမတရားသောနည်း, မှားသောနည်းများဖြင့် ရှောင်ကြဉ်ကာ မှန်သောနည်းဖြင့် အသက်မွေး လိုက်လျှင် **မူလမဂ္ဂင်** ပေတည်း။ တရားအားထုတ်နေစဉ် ထိုမိစ္ဆာအာဇီဝများ တဒင်္ဂအားဖြင့် ချုပ်ငြိမ်းနေသည်မှာ **ဝိပဿနာ မဂ္ဂင်**ပင်တည်း။ အရိယာမဂ်စိတ်ဖြစ်ခိုက်၌ ထိုမိစ္ဆာအာဇီဝများကို ကျူးလွန်လိုသော

ကာယကံ ၃-ပါး, ဝစီကံ ၄-ပါး၌ရှိသော အကုသိုလ်စေတနာကို သမ္မာအာဇီဝမဂ္ဂင်ဖြင့် တစ်ချက်တည်း အမြစ်ပြတ် ပယ်သတ်လိုက်၏။ ထိုအခါ **အရိယမဂ္ဂင်** ဖြစ်တော့၏။

******************

## သမ္မာဝါယာမ= မှန်သော အားထုတ်ခြင်း

**သမ္မပ္ပဓာန် လေးပါး**

**၁။ မဖြစ်သေးသော အကုသိုလ်တရားများ မဖြစ်စေရန် အားထုတ်ခြင်း၊ (ပိတ်)**
**၂။ ဖြစ်ပြီးသော အကုသိုလ်တရားများကို ပယ်နိုင်အောင် အားထုတ်ခြင်း၊ (ပယ်)**
**၃။ မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်လာအောင် အားထုတ်ခြင်း၊ (ဖြစ်)**
**၄။ ဖြစ်ပြီးသော ကုသိုလ်တရားများကို တည်တံ့, တိုးပွား, ပြည့်စုံသွားအောင် အားထုတ်ခြင်း၊ (ပွား)**

**(ဆောင်) မဖြစ်သေးပြန်၊ အကုသလ်၊ ပိတ်ရန် လုံ့လပြု။**
**ဖြစ်ပြီးခဲ့ပြန်၊ အကုသလ်၊ ပယ်ရန် လုံ့လပြု။**

### မဖြစ်သေးသော အကုသိုလ်များ မဖြစ်အောင်-ဟူသည်

မည်သူမဆို အနမတဂ္ဂ သံသရာဝယ် မဖြစ်ဖူးသော အကုသိုလ် မရှိ၊ ထို့ကြောင့် "အနုပ္ပန္န- မဖြစ်သေးသော အကုသိုလ်"အရ ဤဘဝ၌ အာရုံအနေအားဖြင့်၎င်း, အမှုကိစ္စအနေအားဖြင့်၎င်း မဖြစ်ဖူးသေးသော အကုသိုလ်များကို ယူရမည်။ ဥပမာအားဖြင့် ဤဘဝ၌ လောဘဖြစ်စရာ အာရုံတို့၌ မဖြစ်ဖူးသေးသော အကုသိုလ်များ ရှိကြ၏။ အမှုကိစ္စအားဖြင့် ပါဏာတိပါတကို တစ်ခါမျှ မပြုဖူးလျှင် ထိုပါဏာတိ–ပါတသည် အနုပ္ပန္န-မည်၏။ ကြက်,ငှက်စသည်ကို သတ်ဖူးသော်လည်း လူကို မသတ်ဖူးလျှင် ထိုလူသတ်မှု ပါဏာတိပါတသည်လည်း မဖြစ်ဖူးသေးသော အနုပ္ပန္နပင်တည်း။

ထိုမှတပါး သူတပါး၏ သန္တာန်၌ ဖြစ်နေသော အကုသိုလ်တရားများကို မြင်တွေ့သောအခါ "ငါ့မှာ ဤကဲ့သို့သော အကုသိုလ်တရားများ မဖြစ်ပါမူ ကောင်းလေစွ တကား"ဟု စိတ်အားထက်သန်စွာဖြင့် ဝီရိယထား၍ အကုသိုလ်မဖြစ်အောင် စောင့်ထိန်းခြင်းကိုလည်း ခေါ်၏။

### ဖြစ်ပြီးသော အကုသိုလ်တရား (ဥပ္ပန္နပါပက)-ဟူသည်

မိမိသန္တာန်၌ ကေန်ဖြစ်ပြီးသော အကုသိုလ်၊ ထိုအကုသိုလ်နှင့် ပါဏာတိပါတချင်း, အဒိန္နာဒါနချင်း စသည်ဖြင့်တူသော အကုသိုလ်များသည် "**ဥပ္ပန္နပါပက-ဖြစ်ပြီးသောအကုသိုလ်**" မည်၏။

ရှေးက မိမိသန္တာန်၌ အမြဲမပြတ် ဖြစ်ခဲ့ဖူးကုန်သော အကုသိုလ်တရားများကို "နောင်အခါ၌ ထိုသို့သော အကုသိုလ်တရားများကို မဖြစ်စေတော့အံ့"ဟု အဓိဋ္ဌာန်ကာ ပြင်းထန်သော ဆန္ဒကိုဖြစ်စေပြီး ရှောင်ကြဉ်ခြင်းကို "**ဖြစ်ပြီးသော အကုသိုလ်များကို ပယ်နိုင်အောင် အားထုတ်ခြင်း**"ဟု ခေါ်၏။

**မရသေးလျှင် ရ, ရပြီးလျှင် တည်စေခြင်း**

မရသေးသော ပထမဈာန် အစရှိသော ကုသိုလ်တရားများ ရရှိအောင်၊ ရရှိပြီးသော ပထမဈာန် စသည့် ကုသိုလ်တရားများကိုလည်း ကြာရှည်စွာ **တည်တံ့အောင်**, မပျောက်ပျက်အောင်, **တိုးပွားလာအောင်**, ပွားများမှုကို ဆုံးခန်းတိုင် **ပြည့်စုံအောင်** ပြုလုပ်အားထုတ်ခြင်း ပင်တည်း။

**(ဆောင်) တည်, တိုး, ပြည့်လင့်၊ ဤသုံးဆင့်၊ မှတ်သင့် ကုသလာ။**

**မဂ် သုံးဆင့်**

မဖြစ်သေးသည့် အကုသိုလ်များ မဖြစ်အောင်၊ ဖြစ်ပြီး အကုသိုလ်များ နောက်ထပ် မဖြစ်အောင်၊ မဖြစ်သေးသော ကုသိုလ်များ ဖြစ်အောင်၊ ဖြစ်ပြီးသားကုသိုလ်များ တည်တံ့, တိုးပွားလာအောင် ပြုလုပ်နေခြင်းသည် သမ္မပ္ပဓာန်၏ **မူလမဂ္ဂင်**ပင်တည်း။

ဝိပဿနာပွား၍ ထိုလေးပါး ပြည့်စုံနေခြင်းသည် **ပုဗ္ဗဘာဂ** မဂ္ဂင်ပေတည်း။ အရိယာမဂ်ခဏ၌ ထိုလေးပါးလုံး သမ္မာဝါယာမမဂ္ဂင်ဖြင့် ပြည့်စုံသွားခြင်းသည် **အရိယာမဂ်**ပေတည်း။

*********************

**သမ္မာသတိ= မှန်သော အမှတ်ရမှု**

ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟူသော သတိပဋ္ဌာန်တရား လေးပါးတို့၌ ရှုမှတ်မှုသည် သမ္မာသတိ မဂ္ဂင် မည်၏။

**မိစ္ဆာသတိ-ဟူသည်**

"သမ္မာသတိ"မှာ တရားကိုယ်ရှိသော်လည်း "မိစ္ဆာသတိ"မှာကား တရားကိုယ် သီးခြားမရှိချေ။ "ဒါဆို ဘယ်ဟာလဲ?"ဟု မေးခဲ့သော် **သတိ၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်စိတ်, စေတသိက်များကိုပင် မိစ္ဆာသတိ**-ဟု ခေါ်သည်။ ဤသို့ဆိုလျှင် "ချစ်သူကို လွမ်းဆွတ်သတိရခြင်း၊ မုန်းတီးသူကို အမှတ်ရနေခြင်း"စသော အကုသိုလ်အရာမှာ အမှတ်ရနေတာတွေကို 'သတိ'ဟု မခေါ်နိုင်ဘူးလား?... ဟု မေးခဲ့သော် "မခေါ်နိုင်ပေ"ဟု ဆို၏။ စွဲလန်းမှုကြောင့် ထိုအာရုံဆီသို့ အမြဲတမ်းသွားနေကျ စိတ်က သွားဖန်များ၍ ထိုအာရုံကို အမြဲအမှတ်ရ နေသလို ဖြစ်နေခြင်းသာ ဖြစ်၏။ ထိုအခါမျိုး၌ **အကုသိုလ်စိတ်မှာ ယှဉ်သော 'သညာ'ကိုပဲ အမှတ်ရသောတရား**-ဟု ဆိုပေသည်။

**တနည်း**- တကယ့်တရားကိုယ် မရှိပဲ ထိုထိုသုတ္တန်များ၌ အဘယ်ကြောင့် ဟောရသနည်း? ဟူမူ- သမ္မာမဂ္ဂင်တရား၌ ၈-ပါးရှိသကဲ့သို့, မိစ္ဆာမဂ္ဂင်မှာလည်း ၈-ပါး ပြည့်စုံစေလိုသောကြောင့်၄င်း၊ သမ္မတ္တတရား၌ မဂ္ဂင် ၈-ပါး ရှိသကဲ့သို့ မိစ္ဆတ္တတရားမှာလည်း မိစ္ဆာမဂ္ဂင် ၈-ပါး ပြည့်စေလိုသောကြောင့်၄င်း နားလည်မှု လွယ်ကူစေရန် တကယ်မရှိသော်လည်း ရှိသကဲ့သို့ တင်စားကာ ပရိယာယ်အားဖြင့် ဟောထားခြင်းဖြစ်၏။ (ပဋိသံ၊ဋ္ဌ၊၁၊၁၁၁။ အဋ္ဌသာလိနီ၊ဋ္ဌ၊ ၂၉၂။)

***********************

## သမ္မာသမာဓိ - မှန်သောသမာဓိ

စျာန်လေးပါး၌ရှိသော သမာဓိသည် သမ္မာသမာဓိ မည်၏။

**စျာန်နှစ်မျိုး**

အာရမ္မဏူပနိဇ္ဈာန်= နိဝရဏကိလေသာများ ငြိမ်းစေရန် ပထဝီစသော ကသိုဏ်းတို့ကို ပွားများသော သမထစျာန်။

လက္ခဏူပနိဇ္ဈာန်= ရုပ်နာမ်တရားတို့၌ အနိစ္စစသော လက္ခဏာသုံးပါး ထင်လာစေရန် ပွားများသော ဝိပဿနာစျာန်။

စျာနန္တိ ဒုဝိဓံ စျာနံ အာရမ္မဏူနိဇ္ဈာနဥ္စ လက္ခဏူပနိဇ္ဈာနဥ္စ။ (ပဋိသမ္ဘိဒါမဂ်၊ ဋ၊ ၁၊ နှာ-၁၇၀။)

**သမာဓိလေးမျိုး**

၁။ ခဏိက သမာဓိ = တခဏမျှသာ တည်ကြည်သော သမာဓိ၊
၂။ ဝိပဿနာ သမာဓိ = ဝိပဿနာ ရှုဆဲ၌ဖြစ်သော သမာဓိ၊
၃။ ဥပစာရ သမာဓိ = စျာန်၏ရှေ့ အနီးတွင်ဖြစ်သော သမာဓိ၊
၄။ အပ္ပနာ သမာဓိ = စျာန်သမာဓိ

သော ခဏိကသမာဓိ ဝိပဿနာသမာဓိ ဥပစာရသမာဓိ ပဌမဇ္ဈာနသမာဓိ။ (ပဋိသံ၊ဋ္ဌ၊၁၊၁၁၇။) (အဘိ၊ဋ္ဌ၊၁၊၁၆၀။ ဝိသုဒ္ဓိ၊ဋ္ဌ၊၁၊၁၄၀။ မဟာနိ၊ဋ္ဌ၊၁၁၁- တို့၌ ဝိပဿနာသမာဓိ မပါဘဲ ၃-ပါး ပြထား၏။)

**မဂ္ဂင် ၈-ပါးကို သီလ, သမာဓိ, ပညာ ခွဲပုံနှင့် သမထ-ဝိပဿနာ ခွဲပုံ**

| သီလ | သမာဓိ | ပညာ |
|---|---|---|
| သမ္မာဝါစာ<br>သမ္မာကမ္မန္တ<br>သမ္မာအာဇီဝ | သမ္မာဝါယာမ<br>သမ္မာသတိ<br>သမ္မာသမာဓိ | သမ္မာဒိဋ္ဌိ<br>သမ္မာသင်္ကပ္ပ |
| **သမထ** | | **ဝိပဿနာ** |
| **စရဏ** | | **ဝိဇ္ဇာ** |

သော ခေါ ပနေသ မဂ္ဂေါ သမ္မာဒိဋ္ဌိသင်္ကပ္ပါနံ ဝိဇ္ဇာယ သေသဓမ္မာနံ စရဏေန သင်္ဂဟိတတ္တာ ဝိဇ္ဇာစေဝ စရဏဉ္စ။ တထာ တေသံ ဒွိန္နံ ဝိပဿနာဘာနေန, ဣတရေသံ သမထယာနေန သင်္ဂဟိတတ္တာ သမထော စေဝ ဝိပဿနာ စ။  (ပဋိသံ၊ဋ္ဌ၊၁၊၁၈၂။)

မှတ်ချက်။

က။ သမထအကျင့်သည် ခြေထောက်နှင့် တူ၏။ ဝိပဿနာ အကျင့်သည် မျက်စိနှင့် တူ၏။

ခ။ သမထယာနိက အကျင့်ဖြင့် အတ္တကိလမထာနုယောဂ အကျင့်ကို ပယ်၏။ ဝိပဿနာ အကျင့်ဖြင့် ကာမသုခလ္လိကာနုယောဂ အကျင့်ကို ပယ်၏။

ဂ။ သီလဖြင့် ဒေါသကို ပယ်၊ သမာဓိဖြင့် လောဘကို ပယ်၊ ပညာဖြင့် မောဟကို ပယ်။

(ပဋိသံ၊ဋ္ဌ၊၁၊၁၈၂။)

**ကာရက(အလုပ်သမား)မဂ္ဂင် ၅-ပါး**

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ... ဤငါးပါးသည် ဝိပဿနာ တရားအားထုတ်စဉ် ကာလ၌ အမြဲတမ်း အလုပ်,လုပ်နေကြသည့် မဂ္ဂင်များဖြစ်၍ ကာရကမဂ္ဂင် (ဝါ) အလုပ်သမား မဂ္ဂင်ဟု ခေါ်၏။

အရိယာမဂ်၏ ရှေးအဖို့၌ ဖြစ်သောကြောင့် ပုဗ္ဗဘာဂမဂ္ဂင်ဟုလည်း ခေါ်၏။ လောကီမဂ္ဂင် ဟုလည်း ခေါ်၏။

**ဝိပဿနာ ပွားခိုက်လည်း မဂ္ဂင်ရှစ်ပါး ဖြစ်...**

မျက်စိကို- အဆင်းကို- မြင်တွေ့မှုကို- မြင်ခံစားမှုကို- ဟုတ်တိုင်းမှန်စွာသိလျှင် ယင်းမျက်စိ စသည်တို့၌ မတပ်မက်တော့ပေ။ ထိုသို့ မတပ်မက်, မှန်စွာသိလျက် အပြစ်မြင်နေသောသူအား နောင်ဖြစ် မည့် ဥပါဒါနက္ခန္ဓာတို့ မဖြစ်တော့ပေ။ ပျက်စီးကုန်တော့၏။ ထိုသိမြင်သူ၏ သိမြင်မှုသည် သမ္မာဒိဋ္ဌိပင်။ ထိုသိမြင်သူ၏ သင်္ကပ္ပသည် သမ္မာသင်္ကပ္ပပင်။ ထိုသိမြင်သူ၏ အားထုတ်မှုသည် သမ္မာဝါယာမပင်။ ထိုသိမြင်သည်၏ သမာဓိသည် သမ္မာသမာဓိပင်။

ထိုယောဂီ၏ ကိုယ်မှု, နှုတ်မှု, အသက်မွေးမှုသည် တရားအားမထုတ်မီ ရှေးအဖို့ကပင် ကောင်းစွာ စင်ကြယ်ခဲ့၏။ ဤဆိုအပ်ခဲ့သည့်အတိုင်း ထိုယောဂီမှာ အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်သည် ဖြစ်ပွားမှု ပြည့်စုံခြင်းသို့ ရောက်လေတော့၏။ (မဟာသဠာယတနိကသုတ်၊ မ၊ ၃၊ နှာ-၃၃၇။)

**ဝိပဿနာမဂ်ကို အရိယာမဂ်ထဲ ထည့်သင့်ပုံ**

ဝိပဿနာမဂ်သည် အရိယာမဂ် မဖြစ်မီရှေ့တွင် ဖြစ်သောကြောင့် ပုဗ္ဗဘာဂမဂ်ဟု ခေါ်၏။ ထို ဝိပဿနာမဂ် ရင့်သောအခါမှ အရိယာမဂ်ဖြစ်လာ၍ အရိယာမဂ်သည် ပန်းတိုင်သဖွယ် ဖြစ်၏။ ထို့ကြောင့် ဝိပဿနာမဂ်နှင့် အရိယာမဂ်သည် ရှေ့ပိုင်း,နောက်ပိုင်းမျှသာ ထူးခြားသဖြင့် ဒုက္ခနိရောဓ- ဂါမိနိ ပဋိပဒါ ဟူသော အကျင့်လမ်းမှန်ထဲသို့ အခြေခံအားဖြင့် ထည့်သွင်းယူအပ်ကြောင်း သမ္မော- အဋ္ဌကထာ၌ ပြဆိုထား၏။

(သေ လောကုတ္တရော အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ယော သဟ လောကိယေန မဂ္ဂေန **ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ** သင်္ခံ ဂတော။ ဝိဘင်၊ ဋ္ဌ၊ ၁၁၄။)

အလုပ် လုပ်ပုံ

သမ္မာသင်္ကပ္ပသည် စိတ်ကို အာရုံပေါ်သို့ ပို့ဆောင်ပေး၏။ သမ္မာဝါယာမသည် သမ္မာသင်္ကပ္ပနှင့် အတူ အခြားမဂ္ဂင်များကို ပံ့ပိုးကူညီပေးသည်။ သမ္မာသတိသည် စိတ်ကို အာရုံထဲသို့ နစ်ဝင်သွားစေ၏။ သမ္မာသမာဓိသည် စိတ်ကို တစ်ခုတည်းသော အာရုံပေါ်၌ ကြာရှည်စွာ တည်နေစေ၏။ သမ္မာဒိဋ္ဌိသည် စိတ်ကို ပရမတ်တရားတို့၏ လက္ခဏာသဘောတရားများကို မှန်ကန်စွာ သိစေ၏။

သမ္မာသင်္ကပ္ပမရှိဘဲ ယောဂီသည် စိတ်ကို ကမ္မဋ္ဌာန်းအာရုံပေါ်သို့ ရောက်အောင် မပို့နိုင်။ သမ္မာဝါယာမ၏ အကူအညီမရဘဲ သမ္မာသင်္ကပ္ပသည် အလုပ် မလုပ်နိုင်။ သမ္မာသတိမရှိလျှင် စိတ်သည် အာရုံကို မထိုးဖေါက်နိုင်။ သမ္မာသမာဓိမရှိလျှင် စိတ်သည် အာရုံပေါ်၌ မတည်နိုင်။ သမ္မာဒိဋ္ဌိမပါဘဲ လက္ခဏာသုံးပါးကို ထိုးဖေါက်မသိနိုင်။

**လောကီမဂ္ဂင်အခိုက် အာရုံမတူ။ လောကုတ္တရာမဂ်ရောက်မှ အာရုံတူ...**

လောကီမဂ္ဂင်အခိုက်၌ သီလမဂ္ဂင်၃-ပါးသည် ရှောင်ကြဉ်အပ်သော သတ္တဝါပညတ်ကို အာရုံပြု၏။ ကာရကမဂ္ဂင် ၅-ပါးသည်ကား ဝိပဿနာအခိုက် ရုပ်နာမ်ပရမတ်ကို အာရုံပြု၏။ ဤသို့ အာရုံကွဲနေသောကြောင့် လောကီမဂ္ဂင်အခိုက်၌ စိတ္တက္ခဏတစ်ခုအတွင်း တပြိုင်တည်း မဖြစ်နိုင်ပေ။ (စိတ်သည် ဖြစ်တူ, ချုပ်တူ, အာရုံတူ, မှီရာတူ... ဤ တူလေးတူ ကိုက်ညီမှ ဖြစ်၏။)

လောကုတ္တရာ အခိုက်တွင်ကား မဂ္ဂင်အားလုံး နိဗ္ဗာန်ကိုသာ အာရုံပြုသဖြင့် အာရုံတူနေသောကြောင့် မဂ္ဂင်ရှစ်ပါးလုံး တပြိုင်နက် ဖြစ်နိုင်၏။

**မဂ္ဂင်ရှစ်ပါး စဉ်းစားဖွယ်...**

ဤဓမ္မစကြာသုတ်၌ မဂ္ဂင်ရှစ်ပါး၏ သမ္မာဒိဋ္ဌိစသည့် အမည်မျှသာပါပြီး အကျယ်ဖွင့်ပြထားကြောင်း မတွေ့ရ။ ထိုမျှဖြင့် ပဉ္စဝဂ္ဂီငါးဦးတို့ နားလည်နိုင်ပါမည်လော? ဟု စဉ်းစားဖွယ်ရှိ၏။

**မဟာစည်ဆရာတော်၏ ရှင်းလင်းချက် ၂-ခု**

ပဉ္စဝဂ္ဂီငါးဦးတို့သည် တရားဦးနာပြီး ကျွတ်တမ်းဝင်မည့် ပါရမီထူးများ ရှိကြ၏။ ထို့ကြောင့် သမ္မာဒိဋ္ဌိစသော အမည်များကို ကြားနာရုံဖြင့်ပင် နားလည်သဘောပေါက်သွားကြ၏။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါး အမည်မျှကိုသာ ဤဒေသနာတော်၌ ဟောတော်မူခြင်း ဖြစ်၏။ ဤကား ပထမနည်း။

ဒုတိယနည်းကား... မြတ်စွာဘုရားသည် ဤဒေသနာဟောစဉ်က မဂ္ဂင်ရှစ်ပါးကို အများနားလည်အောင် အကျယ်ဟောတော်မူခဲ့မည် ဖြစ်၏။ သို့သော် ထိုဖွင့်ပြချက်များမှာ အခြားသောသုတ္တန်များ၌ သီးခြားပါရှိနေသည့်အတွက် ပထမသင်္ဂါယနာ တင်သောအခါ ဤဓမ္မစကြာသုတ်၌ မဂ္ဂင်ရှစ်ပါးကို အကျဉ်းချုံး၍ ခေါင်းစဉ်မျှသာ သင်္ဂါယနာတင်ခဲ့ခြင်း ဖြစ်ဖွယ်ရှိ၏။

အထောက်အထားအားဖြင့်... မဇ္ဈိမနိကာယ်လာ သတိပဋ္ဌာန်သုတ်သည် ဒီဃနိကာယ်လာ သတိပဋ္ဌာန်သုတ်နှင့် အတူတူပင် ဖြစ်၏။ ထို့ကြောင့် သင်္ဂါယနာတင် မထေရ်များက ဒီဃနိကာယ်လာ သတိပဋ္ဌာန်သုတ်ကို အပြည့်အစုံ တင်ပြီး၊ မဇ္ဈိမနိကာယ်လာ သတိပဋ္ဌာန်သုတ်ကို နှုတ်ငုံဆောင်ယူ၍ လွယ်ကူစေရန် အကျဉ်းချုပ်ကာ ပထမပိုင်းသာ တင်ခဲ့ကြ၏။

သို့သော် ဆဋ္ဌသင်္ဂါယနာ တင်သောအခါ မဇ္ဈိမနိကာယ်လာ သတိပဋ္ဌာန်သုတ်ကိုလည်း ဒီဃ-နိကာယ်လာ သတိပဋ္ဌာန်သုတ်ကြီးနှင့် ညှိကာ အပြည့်အစုံ တင်ခဲ့ကြ၏။ အလားတူပင် အခြားနိကာယ်များမှ ရှည်လျားသည့် သုတ္တန်အချို့ကို ခုဒ္ဒကနိကာယ်၌ အကျဉ်းချုပ်၍ သင်္ဂါယနာ တင်ထားသည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။ ဤအဖြေနှစ်ခုတွင် ဒုတိယအဖြေက ပို၍ သဘာဝကျ၏။

(ဓမ္မာစရိယ ဦးမောင်မောင်လေး၏ တရားဦး၊ ၁၀၆-၁၀၈။)

*******************************

# ဒုက္ခသစ္စာ၌ ဉာဏ်သုံးပါး

**သစ္စဉာဏ်**

**"ဣဒံ ဒုက္ခံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ရဟန်းတို့ ... "ဤတရားသည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ' မည်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့်သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။**

**သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်**

၁။ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဟူသော သစ္စာလေးပါးတို့၌ ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည် သစ္စဉာဏ်မည်၏။

၂။ ပိုင်းခြားသိရမည့်တရား၊ ပယ်ရမည့်တရား၊ မျက်မှောက်ပြုရမည့်တရား၊ ပွားရမည့်တရားဟူ၍ ပြုအပ်သော ကိစ္စကို သိသောဉာဏ်သည် ကိစ္စဉာဏ်မည်၏။

၃။ ထိုပြုလုပ်ရမည့် ကိစ္စကို ပြုလုပ်ပြီးပြီဟု သိသောဉာဏ်သည် ကတဉာဏ်မည်၏။

(ပဋိသံ၊ဋ္ဌ၊၃၊၂၁၇။)

**ဣဒံ = ဤသည်ကား...**

ဤနေရာ၌ "**ဣဒံ = ဤသည်ကား**"ဟူသော စကားသည် ရှေးက ပြောခဲ့ပြီးသော 'ဇာတိ'အစ, ဥပါဒါနက္ခန္ဓာ အဆုံးရှိသော သဘောတရားများကို ညွှန်းဆိုခြင်း ဖြစ်သည်။

**ဥပါဒါနက္ခန္ဓာကို ဒုက္ခသစ္စာဟု သိ**

မြတ်စွာဘုရားသည် အရဟတ္တမဂ်ဉာဏ်ကို ရသောအခါ၌ အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကို တွေ့တော်မူ၏။ ထိုသို့တွေ့တော်မူသောအခါ ခဏမစဲ ဖြစ်-ပျက်နေသော ဤဥပါဒါနက္ခန္ဓာငါးပါးသည် ဆင်းရဲအမှန်တရား-ဒုက္ခသစ္စာဖြစ်ကြောင်း သိတော်မူ၏။

**ပုဗ္ဗေ အနနုဿုတေသု= ရှေးက ကြားပင် မကြားဖူးသေးသော တရား**

ထိုသို့ ဒုက္ခသစ္စာကို တွေ့ရာ၌ သူတစ်ပါးထံမှ ကြားဖူး၍ မဟုတ်ပေ။ အာဠာရနှင့်ဥဒကဟူသော ရသေ့ဆရာကြီးတို့ထံမှ ရခဲ့သောနည်းဖြင့် သိသည်လည်း မဟုတ်ပေ။

(မှတ်ချက်။ ။ဤစကားရပ်ဖြင့် သူတပါးထံမှ ခံယူခဲ့သောနည်း၊ ကြားဖူးသောနည်းတို့ဖြင့် မှန်းဆဆင်ခြင်ပြီး သိလာသည်မဟုတ်။ "သမ္မာသမ္ဗုဒ္ဓေါ" သူတပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်

စွာ သိတော်မူသော ဘုရားဖြစ်ကြောင်းလည်း ဝန်ခံခြင်းဖြစ်၏။ ဤကဲ့သို့ "မကြားဖူးသေးသော အသိဉာဏ်များ ဖြစ်ခြင်း"ဟူသော စကားသည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်များ, ပစ္စေကဗုဒ္ဓါများနှင့်သာ ဆိုင်ပါသည်။ ကျန်သော တပည့်သာဝကအားလုံး ဘုရားထံမှ တရားကို ကြားနာရမှသာလျှင် အသိဉာဏ် ဖြစ်ပေါ်ရ၏။)

## "စက္ခုံ ဥဒပါဒိ" စသည့် အသိဉာဏ်ကိစ္စဖြစ်ပုံ ၅-မျိုး

"စက္ခုံ ဥဒပါဒိ" စသော ငါးမျိုးသည် မြတ်စွာဘုရား အသိညာဏ်ထူးများ ဖြစ်ပေါ်လာပုံကို ဖော်ပြခြင်း ဖြစ်၏။ **ပဋိဝေဓဉာဏ်တစ်ခုတည်းကိုပင်** ကိစ္စငါးမျိုးရှိသောကြောင့် ငါးမျိုးခွဲပြီး-

၁။ မြင်တတ်သော အနက်သဘောကြောင့် "စက္ခုံ-မျက်စိ"ဟုလည်း ခေါ်၏။

၂။ သိတတ်သော အနက်သဘောကြောင့်လည်း "ဉာဏံ-ဉာဏ်"ဟုလည်း ခေါ်၏။

၃။ အသေးစိပ် နှံ့စပ်အောင် သေသေချာချာ သိတတ်သောကြောင့်"ပညာ"ဟုလည်း ခေါ်၏။

၄။ အကြွင်းမဲ့ ထိုးထွင်း၍ သိခြင်းကို ပြုတတ်သောကြောင့် "ဝိဇ္ဇာ"ဟုလည်း ခေါ်၏။

၅။ လင်းစေတတ်သော အနက်သဘောကြောင့် "အာလောကော-အလင်းရောင်"ဟုလည်း ခေါ်၏။

(ဇော်ယေဝ ဉာဏံ ကိစ္စနာနတ္တေန ပဉ္စဝိဓာ ဝဏ္ဏိတံ၊ ပဋိသံ၊ဋ္ဌ၊ဒု၊ စာ-၂၁၉။)

## ဉာဏ်ကား တစ်ခုတည်းသာ...

ဤသို့ ကိစ္စငါးမျိုးပြားသော်လည်း ထိုးထွင်းသိစဉ်ခဏ၌ကား တရားကိုယ်အားဖြင့် တစ်ခုတည်းသော **ပဋိဝေဓဉာဏ် (အရဟတ္တမဂ်ဉာဏ်)**သာ ဖြစ်၏။

ပဋိဝေဓိက္ခဏေ ပန ဧကမေဝ တံ ဉာဏံ ဟောတိ။ (မဟာဝဂ္ဂ၊ဋ္ဌ၊၁၆၁။)

[မှတ်ချက်။ ။ဤသစ္စဉာဏ်၌ "**အာလောကော ဥဒပါဒိ**"ဟု ပါနေသဖြင့် **သစ္စာသိလျှင် မလုပ်မပါသော်လည်း နိဗ္ဗာန်ကို သိနိုင်ကြောင်း** ယနေ့ခေတ် အယူမှားများ ပေါ်နေ၏။

ဤဓမ္မစကြာ၌ ဘုရားရှင်က သူ၏ ပဋိဝေဓဉာဏ်စဉ် ဖြစ်ခဲ့ပုံကိုသာ ပြန်ပြောနေခြင်းသာ ဖြစ်၏။ သာဝကများအတွက်ဆိုရလျှင် နိဗ္ဗာန်မြင်ရန် ထိုသစ္စဉာဏ်လေးပါးမျှဖြင့် မပြီးဆုံးသေးပေ။ ကိစ္စဉာဏ်လေးပါး၊ ကတဉာဏ်လေးပါးတို့နှင့် တွဲစပ်လျက် ပဋိဝေဓဉာဏ်၏ အရည်အသွေး ပြည့်စုံမှသာလျှင် နိဗ္ဗာန်ကို မြင်နိုင်၏။

အကြောင်းမှာ ဤဓမ္မစကြာ၌ပင် "တိပရိဝဋ္ဋံ, ဒွါဒသာကာရံ = အပြန်သုံးပါး၊ အခြင်းအရာ ၁၂-ပါး ပြည့်စုံမှသာ မြင်နိုင်၏- ဟု ဆိုထားသောကြောင့်တည်း။ မပြည့်စုံလျှင် ထိုတိပရိဝဋ္ဋနှင့် ဒွါဒသာကာရ အစဉ်ပျက်သောကြောင့် နိဗ္ဗာန်ကို မမြင်နိုင်ပေ။

အနက်ပေး။ ။**အာလောကော= နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်၊ ဥဒပါဒိ=ထင်ရှားဖြစ်၏။** (ဆရာတော်ဦးဗုဒ် နိဿယ)]

## ကိစ္စဉာဏ်

**"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ။ရဟန်းတို့…ငါဘုရားသည် "ထိုဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား ဒုက္ခအရိယသစ္စာကို စင်စစ် ပိုင်းခြား၍ သိထိုက်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။**

## ကိစ္စဉာဏ်ဖြစ်ပေါ်လာပုံ

"ဒုက္ခသစ္စာမည်သော ဥပါဒါနက္ခန္ဓာများကို ရှုပြီး ပိုင်းခြားသိအပ်၏"ဟု ပေါ်လာသောဉာဏ်ကို ကိစ္စဉာဏ်ဟု ခေါ်၏။ ဤဉာဏ်ဖြင့် ဒုက္ခသစ္စာ၌ ပြုလုပ်ရမည့်ကိစ္စကို သိ၏။ ဤဉာဏ်သည် အရိယာမဂ် မရောက်မီကတည်းက ဖြစ်ပေါ်လာ၏။ ဤဉာဏ်ဖြစ်ပေါ်လာခြင်းသည် မြတ်စွာဘုရား၌ ရှေးက မည်သူ့ ထံကမှ မကြားခဲ့ဘူးဘဲနှင့် ပေါ်လာခြင်းဖြစ်၏။

အရှင်ကောဏ္ဍညစသော တပည့်များမှာကား ဘုရားထံမှဖြစ်စေ၊ အခြားသော သာဝကတစ်ပါးပါး ထံမှဖြစ်စေ ကြားနာရမှသာလျှင် ဖြစ်၏။

**မှတ်ချက်။** "ဒုက္ခသစ္စာမည်သော ဥပါဒါနက္ခန္ဓာများကို ရှုပြီး ပိုင်းခြားသိအပ်၏"ဟု ဆိုထားသော ကြောင့် **ရှုမှတ်ပြီး သိမှသာလျှင် တကယ့်သိခြင်းကိစ္စ ပြီးမည်။ သို့သော် အချို့က ရုပ်တရား နာမ်တရား အနိစ္စ, ဒုက္ခ, အနတ္တတရားများကို ကြားဖူးရုံလောက်နဲ့ ကိစ္စပြီးတယ်ဟု မှားယွင်းစွာ ယူဆတတ်ကြ၏။**

နောက်ပြီး ဒုက္ခသစ္စာမည်သော ဥပါဒါနက္ခန္ဓာ တရားများသည် ပယ်ရမည့်တရား မဟုတ်။ ပိုင်းခြားသိရမည့် တရားသာဖြစ်၏။ သို့ဖြစ်၍ ကိလေသာမဖြစ်အောင် ဥပါဒါနက္ခန္ဓာများကို ဖြတ်ထုတ် ပယ်ရုံနဲ့ မရ။

## ကတဉာဏ်

**"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ရဟန်းတို့… ငါဘုရားသည် "ထိုဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား ဒုက္ခအရိယ-သစ္စာကို ပိုင်းခြား၍ သိခဲ့ပြီးပြီ"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။**

## ဖြစ်ရာအချိန်

၁။ သစ္စဉာဏ်သည် မဂ်သို့ မရောက်မီ ရှေးကာလမှာလည်း ဖြစ်၏။ မဂ်အခိုက်မှာလည်း ဖြစ်၏။ မဂ်ခဏ၏ နောက်ကာလမှာလည်း ဖြစ်၏။

၂။ ကိစ္စဉာဏ်သည် မဂ်သို့ မရောက်မီ စောစောကတည်းက ဖြစ်နိုင်ရ၏။

၃။ ကတဉာဏ်သည်ကား အရဟတ္တဖိုလ်သို့ ရောက်ပြီးမှသာ ဖြစ်၏။

ပရိညေယျန္တိ ပုဗ္ဗဘာဂေါ်, ပရိညာတန္တိ အပရဘာဂေါ်, သစ္စဉာဏံ ပန မဂ္ဂခဏေပိ ပရိဇာနနာဒိ- ကိစ္စသာဓနဝသေန ဟောတီတိ အာဟ။ (မူလဋီကာ၊ ၁၁၂။)

**ကတဉာဏ်ဟူသည်-**

ကိစ္စလေးပါး ပြီးစီးသွားပြီလို့ သိတဲ့ ကတဉာဏ်ကတော့ အရဟတ္တမဂ်ဖိုလ် ရောက်ပြီးတဲ့နောက် **"ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်တဲ့အခါကျမှ (ဝုသိတံ ဗြဟ္မစရိယံ) အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ။ (ကတံ ကရဏီယံ) ပြုသင့်တဲ့ကိစ္စကို ပြုပြီးပြီ"**လို့ ဆင်ခြင်ပြီး ဖြစ်တဲ့ဉာဏ်ပဲ။

(မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်၊ ၃၇၀)

(ဆောင်) ၁။ ရှေ့-နောက် ကာလ၊ မဂ်ခဏမှာ၊ လေးသစ္စာ၊ သိတာ သစ္စဉာဏ်။

၂။ သိသင့်, ပယ်သင့်၊ ဆိုက်, ပွားသင့်၊ သိနှင့် ကိစ္စဉာဏ်။

၃။ ကိစ္စ ပြီးလျှင်၊ ပြီးကြောင်း မြင်၊ ခေါ်တွင် ကတဉာဏ်။

(မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်၊ ၃၆၈-၃၇၀)

**ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ဒုတိယအုပ်၊ စာ-၂၁၆-၌ ဖွင့်ဆိုချက်...**

သေက္ခဘူမိ၌ တည်လျက် သစ္စာလေးပါးတို့ကို မြင်ခြင်း, ထိုးထွင်း၍ သိခြင်းသည် သစ္စဉာဏ် မည်၏။

သေက္ခဘူမိ၌ပင် တည်လျက် သစ္စာလေးပါးတို့ကို ပွားများခြင်း, ထိုးထွင်း၍သိခြင်းသည် ကိစ္စဉာဏ် မည်၏။

(**သေက္ခဘူမိ၌ပင် တည်လျက် သစ္စာလေးပါးတို့ကို ပွားများခြင်း, ထိုးထွင်း၍ သိခြင်းသည် ကတဉာဏ် မည်၏။**) **အသေက္ခဘူမိ၌ တည်လျက်** သစ္စာလေးပါးတို့ကို ဆင်ခြင်ခြင်းသည် ကတဉာဏ် မည်၏။

ဣဒံ ဒုက္ခံ- ဒုက္ခသမုဒယံ- ဒုက္ခနိရောဓံ- ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စန္တိ စတုန္နံ သစ္စာနံ ဒဿနပဋိဝေဓော **သေခဘူမိယံ**။ ပရိညေယျံ ပဟာတဗ္ဗံ သစ္ဆိကာတဗ္ဗံ ဘာဝေတဗ္ဗန္တိ စတုန္နံ သစ္စာနံ ဘာဝနာပဋိဝေဓော သေခဘူမိယံယေဝ။ ပရိညာတံ ပဟီနံ သစ္ဆိကတံ ဘာဝိတန္တိ စတုန္နံ သစ္စာနံ ပစ္စဝေက္ခဏာ **အသေခဘူမိယံ**။ ပဋိသံ၊ဋ္ဌ၊၂၊၂၁၆။)

အရကောက်။ ။ထိုအဋ္ဌကထာ၌ **သေက္ခဘူမိဟူသည်ကား** သောတာပတ္တိ မဂ္ဂဋ္ဌာန်၊ သောတာပတ္တိ ဖလဋ္ဌာန်၊ သကဒါဂါမိ မဂ္ဂဋ္ဌာန်၊ သကဒါဂါမိ ဖလဋ္ဌာန်၊ အနာဂါမိ မဂ္ဂဋ္ဌာန်၊ အနာဂါမိ ဖလဋ္ဌာန်၊ အရဟတ္တ မဂ္ဂဋ္ဌာန် တို့ကို ဆိုလိုသည်။ **အသေက္ခဘူမိကား** အရဟတ္တဖလဋ္ဌာန်-**ရဟန္တာကို** ဆိုလိုသည်။

**ကတဉာဏ် ဖြစ်ခွင့်ရှိသော ပုဂ္ဂိုလ်များ**
အထက်ပါ အဋ္ဌကထာ စကားရပ်ကို ထောက်ဆ၍ ကတဉာဏ်သည် အောက်ပါ ပုဂ္ဂိုလ် ၈-မျိုးတို့၌သာ ဖြစ်ခွင့်ရှိ၏။

၁။ သောတာပတ္တိမဂ္ဂဋ္ဌာန်
၂။ သောတာပတ္တိဖလဋ္ဌာန်
၃။ သကဒါဂါမိ မဂ္ဂဋ္ဌာန်
၄။ သကဒါဂါမိ ဖလဋ္ဌာန်
၅။ အနာဂါမိမဂ္ဂဋ္ဌာန်
၆။ အနာဂါမိ ဖလဋ္ဌာန်
၇။ အရဟတ္တမဂ္ဂဋ္ဌာန် (ဤအထိ ကျင့်ဆဲဖြစ်သော သေက္ခပုဂ္ဂိုလ် ၇-ယောက်)
၈။ **အရဟတ္တဖလဋ္ဌာန်** (ကျင့်ပြီးသော အသေက္ခပုဂ္ဂိုလ် ၁-ယောက်)

ဤပုဂ္ဂိုလ်များသာ ကတဉာဏ် ဖြစ်ခွင့်ရှိ၏။ ထို သေက္ခပုဂ္ဂိုလ် ၇-ယောက်နှင့် အသေက္ခပုဂ္ဂိုလ် ၁-ယောက်တွင် မပါဝင်သော ပုဂ္ဂိုလ်အားလုံးသည် သစ္စာလေးပါး၌ သစ္စဉာဏ်လည်း ဖြစ်ခွင့်မရှိ၊ ကိစ္စဉာဏ်လည်း ဖြစ်ခွင့်မရှိ၊ ကတဉာဏ်လည်း ဖြစ်ခွင့်မရှိဟု တားမြစ် ကန့်သတ်ထားသည်။ ဤအချက်ကို သတိပြုရမည်။

## တကဉာဏ်အရ ကျမ်းညှိချက်...

စာရေးဆရာ အောင်မြိုင်(မစိုးရိမ်စာသင်သား)ကလည်း ကတဉာဏ်အယူအဆနှင့် ပတ်သက်ပြီး သူ၏ ဝိမုတ္တိထဲမှာ အမှားကြီးများ၊ (ဒု-တွဲ) ၌ အောက်ပါအတိုင်း ဖေါ်ပြထား၏။ လိုရင်းမျှ ပြအံ့-

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ, ဒုတိယအုပ်(စာ-၂၀၆)၌ **သေက္ခဘူမိ၌** တည်လျက် သစ္စာလေးပါးတို့ကို မြင်ခြင်း, ထိုးထွင်း၍ သိခြင်းသည် **သစ္စဉာဏ်** မည်၏။ **သေက္ခဘူမိ၌ပင်** တည်လျက် သစ္စာလေးပါးတို့ကို ပွားများခြင်း, ထိုးထွင်း၍ သိခြင်းသည် **ကိစ္စဉာဏ်** မည်၏။

**(သေက္ခဘူမိ၌ပင်လျှင် တည်လျက် သစ္စာလေးပါးတို့ကို ပွားများခြင်း, ထိုးထွင်း၍ သိခြင်းသည် ကတဉာဏ် မည်၏။) အသေက္ခဘူမိ၌ တည်လျက် သစ္စာလေးပါးတို့ကို** <u>ဆင်ခြင်ခြင်းသည်</u> **ကတဉာဏ် မည်၏**"ဟု ဖွင့်ပြထားပါသည်။

အဋ္ဌကထာတို့၌ **သေက္ခဘူမိ(ကျင့်ဆဲအပိုင်း)ဟူသည်ကား...**
၁။ သောတာပတ္တိမဂ္ဂဋ္ဌာန်၊ သောတာပတ္တိ ဖလဋ္ဌာန်၊
၂။ သက-ဒါဂါမိ မဂ္ဂဋ္ဌာန်၊ သကဒါဂါမိ ဖလဋ္ဌာန်၊
၃။ အနာဂါမိ မဂ္ဂဋ္ဌာန်၊ အနာဂါမိ ဖလဋ္ဌာန်၊
၄။ **အရဟတ္တမဂ္ဂဋ္ဌာန်...** တို့ကို ဆိုလိုသည်။

**အသေက္ခဘူမိ(ကျင့်ပြီးအပိုင်း)ဟူသည်ကား...**
၅။ အရဟတ္တဖလဋ္ဌာန်- **ရဟန္တာကိုသာ** ဆိုလိုသည်။

ထိုအဋ္ဌကထာ၌ မူလဓမ္မစက္ကပဝတ္တနသုတ်နှင့် ညီအောင် ကျမ်းညှိဖို့ လိုအပ်နေသည်။ အဘယ့်ကြောင့်ဆိုသော် "**အသေက္ခဘူမိ၌ တည်လျက် သစ္စာလေးပါးတို့ကို ဆင်ခြင်ခြင်းသည် ကတဉာဏ် မည်၏**"ဟူ၍ ဖွင့်ပြထားခြင်းကြောင့် ဖြစ်သည်။

**အမှန်မှာ "(သေက္ခဘူမိ၌ပင်လျှင် တည်လျက် သစ္စာလေးပါးတို့ကို ပွားများခြင်း၊ ထိုးထွင်း၍ သိခြင်းသည် ကတဉာဏ် မည်၏။)"ဟူ၍ ဖွင့်ဆိုရမည်ကို ကျော်ခဲ့ခြင်း, ချန်ခဲ့ခြင်းကြောင့် ဖြစ်သည်။**

**ထိုအချက်ကို သိစေသည့် အထောက်အထားမှာ "ယတော စ ခေါ မေ ဘိက္ခဝေ ...ပ... သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"**ဟူသော ပါဠိတော်ပေတည်း။ ထိုပါဠိတော်၌ "**ဒွါဒသာကာရံ**"ဟု ပါရှိသည်။ **ဒွါဒသာကာရံ-သုံးပါး လေးလီဖြစ်၍ တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော**-ဟု အနက်ပေးရသည်။ ထို ဒွါဒသာကာရံ-အရ ဘုရားဖြစ်ပုံကို ဝန်ခံသောနေရာဖြစ်၍ **အရဟတ္တမဂ်ဉာဏ်**ကို အရကောက်ရသည်။ ထို**အရဟတ္တမဂ်ဉာဏ်**ကို **"ပဋိဝေဓဉာဏ်"**ဟု ခေါ်သည်။

ထို့ကြောင့်ပင် ထိုအဋ္ဌကထာ(စာ-၂၁၇)၌ပင် "ဒွါဒသာကာရန္တိ တေသံယေဝ ဧကေကသ္မိံ သစ္စေ တိဏ္ဏံ တိဏ္ဏံ အာကာရာနံ ဝသေန ဒွါဒသ အာကာရာ အဿာတိ ဒွါဒသာကာရံ"ဟူ၍ ဖွင့်ပြထားသည်။ "အဿ"ပုဒ် အရ တစ်နည်းအားဖြင့် "ဒွါဒသာကာရ"ပုဒ်အရ ထိုသစ္စာလေးပါးတို့၌ပင်လျှင် တစ်ခုတစ်ခုသော သစ္စာ၌ သုံးပါးသုံးပါးကုန်သော အခြင်းအရာတို့၏ အစွမ်းဖြင့် တစ်ဆယ့်နှစ်ပါးကုန်သော အခြင်းအရာတို့ ရှိသောဉာဏ်ကို အရကောက်ရသည်။

**ထိုဒွါဒသာကာရဉာဏ်ဟူသည် အဘယ်ဉာဏ် ဖြစ်သနည်း?**...ဆိုလျှင်ကား

သာရတ္ထဒီပနီဋီကာ၊ တတိယအုပ်(စာ-၁၈၀) "ဖောဓိတိ စ ဘဂဝတော အရဟတ္တမဂ္ဂေါ ဣဓာ-ဓိပ္ပေတာ"ဟု ဖွင့်ပြထားသောကြောင့် **မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်ကို** ယူရသည်။ ဤကဲ့သို့ အဋ္ဌကထာ, ဋီကာဆရာများက "ပဋိဝေဓဉာဏ်"ဟု ဆိုအပ်သော အရဟတ္တမဂ်ဉာဏ် တစ်ပါးတည်းသည်ပင်လျှင်-

၁။ သစ္စာလေးပါးတို့ကို သိခြင်းဟူသော အကြောင်းကြောင့် သစ္စဉာဏ် မည်သည်။

၂။ သစ္စာလေးပါးတို့၌ ပြုအပ်သောကိစ္စတို့ကို သိခြင်းဟူသော အကြောင်းကြောင့် ကိစ္စဉာဏ် မည်သည်။

၃။ သစ္စာလေးပါးတို့၌ ပြုအပ်သောကိစ္စအားလုံး ပြုပြီးသည်၏အဖြစ်ကို သိခြင်းဟူသော အကြောင်းကြောင့် ကတဉာဏ် မည်သည်ဟု ဖွင့်ပြတော်မူကြသည်။

ထိုအနက်အဓိပ္ပါယ်သာလျှင် ဓမ္မစကြာသုတ် မူရင်း၌ လာရှိသော ဘုရားဖြစ်ပုံဝန်ခံချက် ပါဠိပုဒ်များနှင့် အနက်အဓိပ္ပါယ်ချင်း ညီညွတ်သည်။

[အောင်မြိုင်(မစိုးရိမ်စာသင်သား)၏ ပညာဝိမုတ္တိထဲမှ အမှားကြီးများ၊ ဒု၊ ၂၅၃-၂၅၇-မှ ကောက်နှုတ်ချက်။]

&&&&&&&&&

## သမုဒယသစ္စာ၌ ဉာဏ်သုံးပါး

**သစ္စဉာဏ်**

**"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ။ရဟန်းတို့ ... "ဤတရားသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား 'သမုဒယ အရိယသစ္စာ' မည်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယ-သစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ် သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိမြင်သော 'ဉာဏ်ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။**

**"ဣဒံ" ဟူသည်-**

"ဣဒံ=ဤသည်ကား"ဟူသောပုဒ်ဖြင့် ရှေးက ထုတ်ပြခဲ့ပြီးသော ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ တည်းဟူသော တဏှာသုံးပါးကို ညွှန်းဆိုခြင်းဖြစ်၏။

ကာမဂုဏ်အာရုံတွေကို ခံစားလိုသော ကာမတဏှာ၊ ဘဝသစ်ကို လိုချင်တောင့်တသည့် ဘဝတဏှာ၊ သေပြီးလျှင်ပြတ်သည်ဟူသော စွဲလန်းမှု ဝိဘဝတဏှာ၊ ဤသုံးပါးလုံးသည် ဆင်းရဲဖြစ်ကြောင်း အမှန်တရားဟု သိသောဉာဏ်သည် သစ္စဉာဏ်မည်၏။

**ကိစ္စဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခသမုယံ အရိယသစ္စံ ပဟာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ။ရဟန်းတို့... ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား သမုဒယ အရိယသစ္စာကို ပယ်အပ်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှား ဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှား ဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။**

ဒုက္ခ၏ အကြောင်းမှန်ဖြစ်သော တဏှာကို ရှာဖွေသိမြင်ရုံမျှ မပြီးသေး။ ၎င်းနှင့်ပတ်သက်၍ "ဘာလုပ်ရမည်"ဟု လုပ်ရမည့်ကိစ္စကိုလည်း သိဖို့ လိုသေး၏။ ဤနေရာ၌ မြတ်စွာဘုရားသည် "ထိုတဏှာကို ပယ်ရမည်"ဟူသော လုပ်ဆောင်ရမည့် ကိစ္စကိုသိသော ကိစ္စဉာဏ် ဖြစ်ပေါ်လာ၏။

**တဏှာသုံးမျိုး**

၁။ ဝီတိက္ကမ တဏှာ = ကိုယ်နှုတ်ဖြင့် ကျူးလွန်သော တဏှာ၊

၂။ ပရိယုဋ္ဌာန တဏှာ = စိတ်ထဲတွင် ဖြစ်ပေါ်ထကြွနေသော တဏှာ၊

၃။ အနုသယ တဏှာ = အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်နိုင်သော တဏှာ၊

**ပယ်ပုံ။**

၁။ ကိုယ်နှုတ်ဖြင့် လွန်ကျူးသော ဝီတိက္ကမတဏှာကို သီလဖြင့် ပယ်ရမည်။

၂။စိတ်ထဲတွင် ထကြွဖြစ်ပေါ်နေသော ပရိယုဋ္ဌာနတဏှာကို သမထကမ္မဋ္ဌာန်းတစ်ခုခုကို နှလုံးသွင်းလျက် သမာဓိဖြင့် ပယ်ရမည်။

၃။အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်လာနိုင်သော အနုသယတဏှာကို မဂ်ဖြင့်သာ ပယ်နိုင်၏။

| သိက္ခာ ၃-ပါး | တဏှာ ၃-ပါး |
|---|---|
| သီလ | ဝီတိက္ကမ တဏှာ |
| သမာဓိ | ပရိယုဋ္ဌာန တဏှာ |
| ပညာ | အနုသယ တဏှာ |

**အနုသယ ကိလေသာ ၂-မျိုး**

၁။ **အာရမ္မဏာနုသယ** = မြင်ခိုက်,ကြားခိုက် စသည်၌ အနိစ္စစသည်ဖြင့် မရှုမှတ်မိလျှင် နောင်သောအခါ ပြန်လည်စဉ်းစားပြီး ဖြစ်ပေါ်လာသော အနုသယကိလေသာမျိုး။

၂။ **သန္တာနာနုသယ** = အရိယာမဂ်ဖြင့် မပယ်ရသေးသော ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်နိုင်သော အနုသယ ကိလေသာမျိုး။

အာရုံ၌ဖြစ်သော အနုသယကိလေသာကို ဝိပဿနာရှုမှတ်မှုဖြင့် ပယ်နိုင်၏။ အရိယာမဂ် မဖြစ်သေးသော ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သည့် ကိလေသာကိုတော့ အရိယာအဖြစ်သို့ ရောက်မှ ပယ်နိုင်၏။

**နေရာတိုင်းမှာ သူရှိပါ**

<u>**ကာမ ၁၁-ဘုံဟူသော အောက်သံသရာ၌ ကျင်လည်သော သံယောဇဉ်ငါးပါး။**</u>

**၁။ ကာမရာဂ သံယောဇဉ် (အောက် တဏှာ)**

၂။ ပဋိဃ သံယောဇဉ်

၃။ သီလဗ္ဗတ ပရာမာသ သံယောဇဉ်

၄။ ဒိဋ္ဌိ သံယောဇဉ်

၅။ ဝိစိကိစ္ဆာ သံယောဇဉ်

<u>**ဗြဟ္မာဘုံ ၂၀-ဟူသော အထက်သံသရာ၌ ကျင်လည်သော သံယောဇဉ်ငါးပါး**</u>

**၁။ ရူပရာဂ သံယောဇဉ်**

**၂။ အရူပရာဂ သံယောဇဉ် (အထက်တဏှာ ၂-ပါး)**

၃။ မာန သံယောဇဉ်

၄။ ဥဒ္ဓစ္စ သံယောဇဉ်

၅။ အဝိဇ္ဇာ သံယောဇဉ်

**တဏှာပယ်ပုံ**

၁။ သောတာပတ္တိမဂ် = အပါယ်လေးဘုံ၌ဖြစ်သော တဏှာကို အကြွင်းမဲ့ ပယ်၏။ လူ့ဘုံ၌ ၇-ဘဝထက် အလွန်ဖြစ်သော တဏှာကိုလည်း ပယ်၏။

၂။ သကဒါဂါမိမဂ် = ၂-ဘဝထက် အလွန်ဖြစ်သော တဏှာကို ပယ်သတ်၏။ ကြမ်းတမ်းသော တဏှာများကိုလည်း **ခေါင်းပါးစေ၏။**

မှတ်ချက်။ သောတာပန်၌ဖြစ်သော တဏှာသည် တရားသဖြင့် ရအပ်သော ကာမဝတ္ထုတို့၌ အားကြီးသော တပ်မက်မှု ဖြစ်သေး၏။ သကဒါဂါမ်၌ကား ထိုတဏှာ၏ ဖြစ်မှုအကြိမ်လည်း ကျဲလာ၏။ အချိန်လည်း တိုလာ၏။ အရှိန်လည်း နည်းလာ၏။ ဤသည်ကို "တနုကရ-ခေါင်းပါးလာသည်"ဟု ဆို၏။

၃။ အနာဂါမိမဂ် = ကာမ ၁၁-ဘုံ၌ဖြစ်သော တဏှာကို အကြွင်းမဲ့ ပယ်၏။ သိမ်မွေ့သော ကာမတဏှာ ကင်းသွား၏။

၄။ အရဟတ္တမဂ် = ရူပရာဂ, အရူပရာဂတို့ကို အကြွင်းမဲ့ ပယ်၏။

**ကတဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

ရဟန်းတို့… ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား သမုဒယ အရိယသစ္စာကို ပယ်ပြီးပြီ"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှား ဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

**ကတဉာဏ်ဖြစ်ပုံ**

ဤသည်ကား **အရဟတ္တမဂ်ဖြင့်** တဏှာကို ပယ်ခြင်းကိစ္စ ပြီးသွားသောအခါ ပြန်လည်၍ ဆင်ခြင်သော **ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ** ဝန်ခံမိန့်ကြားတော် မူခြင်းဖြစ်၏။ လုပ်သင့်သောကိစ္စကို လုပ်ပြီးသွားကြောင်း သိခြင်းဖြစ်၍ ဤဉာဏ်ကို ကတဉာဏ်ဟု ခေါ်၏။

++++++++++++++++

## နိရောဓသစ္စာ၌ ဉာဏ်သုံးပါး

**သစ္စဉာဏ်**

**"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ။ရဟန်းတို့…"ဤနိဗ္ဗာန်သည် ဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ'မည်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော နိရောဓသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။**

## "ဣဒံ-ဤသည်ကား" ဟူသော အညွှန်း

"ဣဒံ-ဤသည်ကား"ဟူသည်မှာ ရှေးကပြောဆိုခဲ့သော "တဏှာ၏ အကြွင်းမဲ့ချုပ်ငြိမ်းရာ အငြိမ်းဓာတ်သဘောကို နိရောဓသစ္စာမည်၏"ဟု သိသော သစ္စဉာဏ် ဖြစ်ပေါ်လာ၏။

## ဒုက္ခနိရောဓ = ဒုက္ခချုပ်ရာ

ဤနေရာ၌ "ဒုက္ခချုပ်ရာ"ဟု ဆိုသော်လည်း ဒုက္ခချုပ်ရာကို နိဗ္ဗာန်ဟု မဟော။ ၎င်းကို စွဲလမ်းတတ်သော အကြောင်းဖြစ်သည့် တဏှာချုပ်ရာကိုသာ နိဗ္ဗာန်ဟု ဟော၏။ တဏှာရှိနေသ၍ ဒုက္ခရှိနေမည်သာ။ အကြောင်းဖြစ်သော တဏှာသမုဒယသစ္စာချုပ်မှ အကျိုးဖြစ်သော ဒုက္ခသစ္စာလည်း ချုပ်ငြိမ်းပေမည်။

## ဤ၌ သစ္စဉာဏ်ဟူသည်…

တဏှာချုပ်ငြိမ်းသဖြင့် ရုပ်နာမ်သင်္ခါရ ဆင်းရဲအားလုံး ချုပ်ငြိမ်းသည့် အငြိမ်းဓာတ်သဘောကို နိရောဓသစ္စာပဲဟု သိသောဉာဏ်ကို သစ္စဉာဏ်ဟု ခေါ်၏။ ထိုသစ္စဉာဏ်က အရိယာမဂ်ရှေး၌လည်း ဖြစ်၏။ နောက်၌လည်း ဖြစ်၏။ အရိယာမဂ်ခဏမှာလည်း မျက်မှောက်အာရုံပြုပြီး ဖြစ်၏။ ထိုသစ္စဉာဏ်သည် အရိယာမဂ်ဖြစ်ခိုက်၌ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသိသော အရိယမဂ်ဉာဏ်ပင်တည်း။

## ကိစ္စဉာဏ်

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ။ရဟန်းတို့… ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ'ကို မျက်မှောက်ပြုအပ်၏"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော နိရောဓသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။**

**မျက်မှောက်ပြု၍ သိခြင်းဟူသည်။** ။နိရောဓသစ္စာကို မဂ်ဉာဏ်က တိုက်ရိုက် အာရုံပြုသောအားဖြင့် သိခြင်းပေတည်း။ ထိုသို့သိခြင်းကို "သစ္ဆိကိရိယ ပဋိဝေဓ"ဟု ခေါ်၏။ မျက်မှောက်ပြုခြင်းဟူသော

ထိုးထွင်း၍ သိခြင်းဟု အဓိပ္ပါယ်ရှိ၏။ ထိုမျက်မှောက်သိခြင်းဟူသည်... မသွယ်မဝိုက်ပဲ တည့်တည့် သိခြင်းပေတည်း။ (မဟာစည်ဆရာတော်၏ ဓမ္မစကြာ တရားတော်၊ ၃၈၆။)

**ကတဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ။ရဟန်းတို့... ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ'ကို မျက်မှောက်ပြုပြီးပြီ"ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော နိရောဓ သစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။**

ဤသည်ကား ဘုရားရှင် ဗောဓိပင်ရင်း၌ နိရောဓသစ္စာကို အရဟတ္တမဂ်ဖိုလ် ဉာဏ်ဖြင့် မျက်မှောက်ပြု၍ သိပြီးပြီဟု ပြန်လည်ဆင်ခြင်သော ကတဉာဏ်ဖြစ်ပုံကို မိန့်ဆိုချက် ဖြစ်၏။

&&&&&&&&&&

## မဂ္ဂသစ္စာ၌ ဉာဏ်သုံးပါး

**သစ္စဉာဏ်**

**"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ။ရဟန်းတို့... "ဤတရားသည် ဆင်းရဲခြင်း၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ'မည်၏"ဟု ရှေးက မကြားဖူးကုန်သော မဂ္ဂသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။**

**"ဣဒံ=ဤသည်ကား" အညွှန်း**

"ဣဒံ=ဤသည်ကား"ဟူသော စကားသည် ရှေး၌ဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ပြန်၍ ညွှန်းဆိုခြင်း ဖြစ်၏။

**နိရောဓနှင့် မဂ္ဂ၌ သစ္စဉာဏ်ဖြစ်ပုံ**

မြတ်စွာဘုရား၌ နိရောဓနှင့် မဂ္ဂသစ္စာများကို အရိယာမဂ်သို့ မရောက်မီ ရှေးဦးစွာကပင် သိနှင့်နေ၏။ ထို့ကြောင့် "ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု"ဟု ဆိုထားပေသည်။ သို့သော် ဘုရား၏ တပည့်

သာဝကများမှာကား ၎င်းသစ္စာနှစ်ပါးကို တိုက်ရိုက်မသိရသေးသဖြင့် သုတမယဉာဏ်ဖြင့်သာ သိနိုင်၏။ ထို့ကြောင့် ထိုသစ္စာနှစ်ပါးကို ဆင်ခြင်တွေးဆ၍ နေဖို့မလို။ ဝိပဿနာရှုခိုက်၌ ထိုသစ္စာနှစ်ပါးသည် "ဣဋ္ဌံ = အလိုရှိအပ်သောတရား၊ ကန္တံ = နှစ်သက်အပ်သောတရား၊ မနာပံ = မြတ်နိုးအပ်သောတရား"ဟု စိတ်ညွတ်ရုံမျှဖြင့် လိုအပ်သော သုတမယဉာဏ် ပြီးစီးကြောင်း အဋ္ဌကထာ၌ ပြဆိုထား၏။

**ကိစ္စဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ။ရဟန်းတို့… ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ'ကို ပွားများအပ်၏"ဟု ရှေးက မကြားဖူးကုန်သော မဂ္ဂသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။**

**အဓိပ္ပါယ်ကား။** ။အရိယာမဂ် ဖြစ်ဆဲခဏ၌ နိရောဓသစ္စာဟူသော နိဗ္ဗာန်အငြိမ်းဓာတ်ကိုသာ မျက်မှောက်တွေ့ပြီး သိ၏။ ဤကဲ့သို့ အာရုံပြုသိသော မဂ္ဂင်တရားများသည် ဘုရားရှင်သန္တာန်၌ ဖြစ်ပေါ်သွား၏။ ထိုကဲ့သို့ ဖြစ်ပေါ်သွားခြင်းသည်ပင် ဘာဝနာကိစ္စ ပြီးတော့၏။ ၎င်းကို ဖြစ်ပွားစေခြင်းဟူသော သိခြင်း "ဘာဝနာပဋိဝေဓ"ဟု ခေါ်၏။

ဆိုလိုရင်းမှာ မိမိသန္တာန်၌ အရိယာမဂ်ဖြစ်လျှင် ထိုအရိယာမဂ်ကို သိသည် မည်၏။ သိခြင်းကိစ္စ ပြီးသည်ဟု ဆိုရ၏။ မိမိသန္တာန်၌ ဖြစ်သောတရားဖြစ်၍ ပြန်လည်ဆင်ခြင်ကြည့်လျှင်လည်း ထင်ရှား သိနိုင်၏။ (မဟာစည်ဆရာတော်၊ ဓမ္မစကြာတရား၊ ၃၉၀-၁။)

**ကတဉာဏ်**

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ။ရဟန်းတို့… ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ'ကို ပွားများပြီးပြီ"ဟု ရှေးက မကြားဖူးကုန်သော မဂ္ဂသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော 'ဉာဏ်ပညာ'သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိမြင်သော 'ဉာဏ်ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။**

*********************

# မဂ္ဂသစ္စာ၌ အသိဉာဏ် ၃-ပါး

**သစ္စဉာဏ်**

**“ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အန¬နု¬ဿု¬တေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ။ရဟန်းတို့….. “ဤသည်ကား ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား ‘မဂ္ဂသစ္စာ’မည်၏”ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့် သိသောပညာ ဖြစ်ပေါ် ခဲ့ပြီ။ ထိုးထွင်း၍ သိမြင်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိ ဉာဏ်ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

**ဣဒံ = ဤသည်ကား**

“ဣဒံ = ဤသည်ကား”ဟူသော စကားသည် ရှေး၌ဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ပြန်၍ ညွှန်းဆိုခြင်း ဖြစ်၏။

**နိရောဓနှင့် မဂ္ဂ၌ သစ္စဉာဏ်ဖြစ်လာပုံ**

မြတ်စွာဘုရား၌ နိရောဓနှင့် မဂ္ဂသစ္စာများကို အရိယာမင်္ဂသို့ မရောက်မီ ရှေးဦးစွာကပင် သိနှင့်နေ၏။ ထို့ကြောင့် “ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု”ဟု ဆိုထားပေသည်။ သို့သော် ဘုရား၏ တပည့်သာဝကများမှာကား ၎င်းသစ္စာနှစ်ပါးကို တိုက်ရိုက်မသိရသေးသဖြင့် သုတမယဉာဏ်ဖြင့်သာ သိနိုင်၏။ ထို့ကြောင့် ထိုသစ္စာနှစ်ပါးကို ဆင်ခြင်တွေးဆ၍ ရှုနေဖို့မလို။ ဝိပဿနာရှုခိုက်၌ ထိုသစ္စာ နှစ်ပါးသည် “ဣဋ္ဌံ = အလိုရှိအပ်သော တရား၊ ကန္တံ = နှစ်သက်အပ်သောတရား၊ မနာပံ = မြတ်နိုးအပ် သောတရား”ဟု စိတ်ညွတ်ရုံမျှဖြင့် လိုအပ်သော သုတမယဉာဏ်ပြီးစီးကြောင်း အဋ္ဌကထာ၌ ပြဆိုထား၏။ (မဟာစည်ဆရာတော်။ တရားဦးဓမ္မစကြာ။)

**ကိစ္စဉာဏ်**

**“တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အန¬နု¬ဿု¬တေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ။ရဟန်းတို့…. “ထိုဆင်းရဲခြင်း၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော ဤအရိယာ တို့၏ အမှန်တရား ‘မဂ္ဂအရိယသစ္စာ’ကို ပွားများအပ်၏”ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့် သိသောပညာ ဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိမြင်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိ ဉာဏ်ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

ပွားရမည့်တရား

**မဂ္ဂသစ္စာကို ပွားရမည်ဟု ဆိုထားသောကြောင့် နာကြားရုံမျှ၊ စာသိရုံမျှ၊ အနက်အဓိပ္ပါယ်ကို ဆင်ခြင်နေရုံမျှဖြင့် မဂ္ဂသစ္စာ၏ လိုအပ်သည့် ပွားများခြင်းကိစ္စ မပြီးနိုင်ပေ။** ရုပ်နာမ်ဖြစ်ပျက်ကို သိမြင်လာသည်အထိ ပွားများအားထုတ်မည်ဟု ဆိုလိုပေသည်။

ဝိပဿနာမဂ်နှင့် အရိယာမဂ်

မဂ္ဂသစ္စာသည် ပွားများအပ်သောတရားဟု ဆိုသော်လည်း သူ့ကို စ,စချင်း ပွားများ၍ မရပေ။ အရိယာ မဂ်ဖြစ်စေလိုလျှင် ဝိပဿနာမဂ်ကို ပွားရသည်။ ဝိပဿနာမဂ်ဖြစ်ရန် ဒုက္ခသစ္စာဖြစ်သော ဥပါဒါနက္ခန္ဓာကို ရှုရမည်။ ဝိပဿနာမဂ် ရင့်သန်လာသောအခါမှ အကျိုးဆက်အနေအားဖြင့် အရိယာမဂ် ပေါ်လာခြင်းဖြစ်၏။

ကတဉာဏ်

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။**

**မြန်မာပြန်။ ။ရဟန်းတို့.... "ထိုဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာ တို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ'ကို ပွားများပြီးပြီ"ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဖူးသေး သော တရားတို့၌ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ။ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အပြားအားဖြင့် သိသောပညာ ဖြစ်ပေါ်ခဲ့ပြီ။ ထိုးထွင်း၍ သိမြင်သော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။ အသိ ဉာဏ်ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။**

ဤကား ပွားများခြင်းကိစ္စ ပြီးဆုံးသွားသောအခါ ပြီးသွားကြောင်း ပြန်လှည့်၍ ဆင်ခြင်၏။ ထိုသို့ ဆင်ခြင်ခြင်းကို **ပစ္စဝေက္ခဏာဉာဏ်ဟု** ခေါ်၏။ **ထိုဉာဏ်ကိုပင် ဤနေရာ၌ ကတဉာဏ်ဟု ခေါ်ခြင်း ဖြစ်၏။**

*************************************

ဘုရားအဖြစ် ဝန်မခံသေးချိန်

**ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"တိ ပစ္စညာသိံ။**

ရဟန်းတို့...ဤလေးပါးသော အရိယသစ္စာတို့၌ ဤသို့ ဝန်ခံဟောကြားခဲ့သည့်အတိုင်း သုံးပါးသော အပြန်, တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သောဉာဏ်အမြင် မစင်ကြယ်သေးသမျှ ကာလပတ်လုံး ငါဘုရားသည် နတ်,မာနတ်, ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ "အတုမရှိသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာသိသော အရဟတ္တမဂ်ဉာဏ်ကို သိပြီ"ဟူ၍ ဝန်မခံခဲ့ချေ။

ဘုရားအဖြစ် ဝန်ခံချိန်

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"တိ ပစ္စညာသိံ။

ရဟန်းတို့...ဤအရိယာတို့၏ အမှန်တရားလေးပါးတို့၌ ဤသို့ သုံးပါးသောအပြန်, တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သောဉာဏ်အမြင်သည် စင်ကြယ်သောအခါ၌သာလျှင် ငါဘုရားသည် နတ်,မာနတ်, ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ "အတုမရှိသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိသော အရဟတ္တမဂ်ဉာဏ်ကို သိပြီ"ဟူ၍ ဝန်ခံခဲ့၏။

တိပရိဝဋ္ဋ-အပြန်သုံးပါး၊ ဒွါဒသာကာရ-အခြင်းအရာ ၁၂-ပါး

| | အပြန်သုံးပါး | | | အခြင်းအရာ | ဉာဏ် | ဖြစ်ရာဘုံ |
|---|---|---|---|---|---|---|
| သစ္စာ၄-ပါး | သစ္စဉာဏ် | ကိစ္စဉာဏ် | ကတဉာဏ် | ပေါင်း | | |
| ဒုက္ခ | ၁ | ၁ | ၁ | ၃ | ပဋိဝေဓဉာဏ် | သေက္ခဘူမိ-ကျင်ဆဲဘုံ (အရဟတ္တမဂ်ဉာဏ်အခိုက်) |
| သမုဒယ | ၁ | ၁ | ၁ | ၃ | | |
| နိရောဓ | ၁ | ၁ | ၁ | ၃ | | |
| မဂ္ဂ | ၁ | ၁ | ၁ | ၃ | | |
| | ၄ | ၄ | ၄ | ၁၂ | | |
| | | | | | ပစ္စဝေက္ခဏာဉာဏ် | အသေက္ခဘူမိ |

မှတ်ချက်။ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် ဟူသော အမည်များသည် နာမည်သာကွဲ၍, **အရဟတ္တမဂ်ဉာဏ် တစ်ခုတည်းကိုသာ** ဆိုလိုခြင်းဖြစ်၏။

(**တိပရိဝဋ္ဋန္တိ** သစ္စဉာဏ,ကိစ္စဉာဏ,ကတဉာဏသင်္ခါတာနံ တိဏ္ဏံ ပရိဝဋ္ဋာနံ ဝသေန တယော ပရိဝဋ္ဋာ အဿာတိ တိပရိဝဋ္ဋံ။ **ဒွါဒသာကာရန္တိ** တေသံယေဝ ဧကေကသ္မိံ သစ္စေ တိဏ္ဏံ တိဏ္ဏံ အာကာရာနံ ဝသေန ဒွါဒသ အာကာရာ အဿာတိ ဒွါဒသာကာရံ။ ပဋိသံ၊ဋ္ဌ၊ဒု၊၂၁၆-၇။)

## သမ္မာသမ္ဗောဓိ ဟု ဝန်ခံပြီ

သမ္မာသမ္ဗောဓိဟူသည် ဘုရားများမှာသာဖြစ်သော အရဟတ္တမဂ်ဉာဏ်တည်း။ ထိုအရဟတ္တမဂ်ကို မည်သူ့ထံမှ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် ကျင့်ကြံ၍ ရတော်မူခဲ့၏။ မြတ်စွာဘုရားသည် သစ္စာလေးပါးကို အပြန်သုံးပါး၊ အခြင်းအရာ ၁၂ တို့ဖြင့် ကြည်လင်ပြတ်သားစွာ သိရှိပြီး ၎င်းဉာဏ်ရသည့်နှင့် တပြိုင်နက် တရားအလုံးစုံ အကုန်သိမြင်နိုင်သည့် သဗ္ဗညုတဉာဏ်ကို ရတော်မူခဲ့၏။ ထိုဉာဏ်ရပြီးမှ ဘုရားအဖြစ်ကို ဝန်ခံတော်မူခဲ့၏။

## ဘာ့ကြောင့် ဝန်ခံရသနည်း?

အကြောင်းမှာ ထိုအချိန်က လွန်ခဲ့သောနှစ်ပေါင်း တစ်ထောင်လောက်ကပင် ဘုရားပွင့်လိမ့်မည်ဟု ဗုဒ္ဓကောလာဟလ ဖြစ်ပေါ်နေခဲ့၏။ ထို့ကြောင့် ခါတော်မီဘုရားများ ဟိုနား ဒီနားတွင် များစွာ ပေါ်ပေါက်ခဲ့၏။ သို့သော် မင်းစိုးရာဇာများ၊ ပညာရှိသူများက ပြဿနာမေးမြန်းကြသောအခါ ပြေလည်အောင် မဖြေရှင်းနိုင်တော့ပေ။ ထို့ကြောင့် အရှက်တကွဲဖြင့် ကြေငြာပြီးသား ဘုရားအဖြစ်က ပြန်လည်ရုပ်သိမ်းခဲ့ရ၏။ ဗုဒ္ဓကား တလောကလုံး ရှိသမျှ သတ္တဝါအားလုံးတို့အား မိမိသည် စစ်မှန်သော သမ္မာ-သမ္ဗုဒ္ဓတစ်ဆူ ဖြစ်ကြောင်း ရဲဝံ့ပြတ်သားစွာ ကြေငြာလိုက်ခြင်း ဖြစ်၏။

## ဘုရားစစ်-တရားစစ် ဟုတ်-မဟုတ် စစ်ဆေးနည်း

မည်သူပင်ဖြစ်စေ ဘုရားဟုဝန်ခံလာလျှင်, ချမ်းသာကြောင်းတရားဟု ပြောလာလျှင် ထိုသူ့ကို မေးမြန်းစစ်ဆေး နိုင်၏။ သစ္စာလေးပါး မသိလျှင် ဘုရားစစ်မဟုတ်။ သစ္စာလေးပါးသိမှ ဘုရားစစ်။ သစ္စာလေးပါး ရှိမှသာ တရားစစ်။ သစ္စာလေးပါး မပါလျှင် တရားစစ်မဟုတ်။

(ဆရာတော်ဦးသီလာနန္ဒ၏ တရားဦးမှ)

## ဗောဓိ သုံးမျိုး

၁။ **သမ္မာသမ္ဗောဓိ** = ဘုရားရှင်များ၌သာဖြစ်သော အရဟတ္တမဂ်ကို သမ္မာသမ္ဗောဓိဟု ခေါ်၏။

(သမ္မာ=မှန်ကန်ပြည့်စုံစွာ+သံ=ကိုယ်တော်တိုင်+ဗောဓိ=သိသောဉာဏ်။ သမ္မာသမ္ဗောဓိ=မှန်စွာ ကိုယ်တော်တိုင် သိသောဉာဏ်)

၂။ **သမ္ဗောဓိ** = ပစ္စေကဗုဒ္ဓါအရှင်များ၌ဖြစ်သော အရဟတ္တမဂ်ဉာဏ်ကို သမ္ဗောဓိ= ကိုယ်တိုင်သိသော ဉာဏ်ဟု ခေါ်၏။

(သူတပါးထံ နည်းမခံဘဲ ကိုယ်တိုင်သိသော်လည်း သူတပါးကို နားလည်အောင် မဟောပြနိုင်သဖြင့် "သမ္မာ-မှန်ကန်ပြည့်စုံစွာ သိတယ်" ဟူသောဂုဏ်ပုဒ် မပါတော့ပေ။)

၃။ **ဗောဓိ** = ဘုရား၏တပည့် သာဝကများမှာဖြစ်သော အရဟတ္တမဂ်ဉာဏ်ကို ဗောဓိဟု ခေါ်၏။

(အရှင်သာရိပုတြာစသော တပည့်ရဟန္တာများမှာ မိမိဘာသာ ကြံစည်အားထုတ်၍ မရနိုင်၊ သူတပါးထံမှ သစ္စာတရားကို ကြားနာရမှသာလျှင် အသိဉာဏ်ရနိုင်၏။ ရသော အရဟတ္တမဂ်ဉာဏ်သည်လည်း လောကကုန်စင် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်ကို မရနိုင်။ ထို့ကြောင့် သမ္မာ=မှန်စွာပြည့်စုံစွာ၊ သံ=ကိုယ်တိုင်၊ ဟူသော ဂုဏ်ပုဒ်များ မပါတော့ဘဲ ရိုးရိုး ဗောဓိဉာဏ်ဟု ခေါ်အပ်၏။)

### ဘုရားဟု ဝန်ခံချိန်အတိအကျ

မြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓဖြစ်ကြောင်း မဟာသက္ကရာဇ် ၁ဝ၃-ခု၊ ကဆုန်လပြည့်နေ့ည၊ နံနက် အရုဏ်တက်ခါနီး အရဟတ္တမဂ်ဉာဏ်ကို ရပြီးမှသာ ဝန်ခံ၏။ ဤမှရှေး၌ သမ္မာသမ္ဗုဒ္ဓ အဖြစ် ဝန်မခံခဲ့ပေ။

### လောကကြီးသို့ ရဲဝံ့ပြတ်သားသည့် ကြေငြာချက်

မိမိကိုယ်ကို ကိလေသာငြိမ်းကြောင်း အကျင့်များကို အပြည့်အစုံ ကျင့်ပြီး၍ သမဏဟု ဝန်ခံကြသော ရဟန်းလောက၊ အမျိုးအနွယ်ဇာတ်မြင့်သူ- ပညာရှိများသူများဟု မိမိကိုယ်ကိုယ် မှတ်ယူထားသည့် ဗြာဟ္မဏဟု ခေါ်သော လောက၊ မာရ်နတ်နှင့်တကွ တန်ခိုးကြီးသည့် နတ်ဗြဟ္မာတို့ လောက၊ သမ္မုတိနတ်ဟုဆိုအပ်သော အာဏာရှိကြသည့် မင်းလောက၊ လူပညာရှိများ လောက၊ ဤလောကအားလုံးကို ဘုရားအဖြစ် ရဲဝံ့ပြတ်သားစွာ ကြေငြာတော်မူ၏။ (တစိပ်တဒေသလေးမျှ ကွက်၍ ကြေငြာသည် မဟုတ်။)

| ပုဂ္ဂိုလ် | ကျင်လည်သည့် နယ်ပယ် | ဘုံဌာန |
|---|---|---|
| **သမဏ** | ဘာသာရေးအကျင့် ကျင့်နေသူများ | လူ့ဘုံ |
| **ဗြာဟ္မဏ** | ဇာတ်မြင့်သူ၊ ပညာရှိသူ၊ မာန်ကြီးသူများ | |
| **သမ္မုတိနတ်(မင်း)** | ဇာတ်မြင့်သူ၊ အာဏာရှိသူ၊ မင်းနှင့်မှူးမတ်များ | |
| **လူ(သာမန်အရပ်သား)** | ပညာရှိသူ၊ အကျင့်သိက္ခာရှိသူများ | |
| **မာရ်နတ်*** | တန်ခိုးကြီးသည့် ဆန့်ကျင်ဘက်နတ် | နတ်ဘုံ |
| **နတ်** | နတ်ပြည် ၆-ထပ်မှ ပညာရှိ တန်ခိုးကြီးနတ်များ | |
| **ဗြဟ္မာ** | ဗြဟ္မပြည် ၂ဝ-မှ ပညာရှိတန်ခိုးကြီး ဗြဟ္မာများ | ဗြဟ္မာဘုံ |

*မာနတ်ကြီးကို ဆိုလိုသည်။

### ဒုတိယအကြိမ် ဝန်ခံချက်

ဤဒုတိယအကြိမ် ဝန်ခံချက်သည် ဗုဒ္ဓ၏ အရေးအကြီးဆုံးသော မဇ္ဈိမလမ်းစဉ်နှင့် သစ္စာလေးပါး တရားတို့ကို အပြည့်အစုံ ဟောပြီးမှ ဝန်ခံချက်ဖြစ်၏။ သို့သော် တရားဦးဟောရန် မိဂဒါဝုန်သို့လာစဉ် လမ်း၌ ဥပကပရိဗိုဇ်ကြီးနှင့်တွေ့၍-

ဧကောမှိ **သမ္မာသမ္ဗုဒ္ဓေါ** = ဥပက. . . ငါသည် တရားအလုံးစုံကို မဖေါက်မပြန် အမှန်အတိုင်း ထိုးထွင်းသိမြင်နိုင်သည်ဖြစ်၍ ပြိုင်ဘက်မပြု တစ်ဆူတည်းသာ ဖြစ်၏။

ဟု ပထမဆုံးအကြိမ် ပြောဆိုဝန်ခံခဲ့ဖူး၏။

### ကောသလမင်းကြီး၏ ဘုရား စစ်,မစစ် မေးမြန်းစီစစ်ချက် (ဒဟရသုတ်)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌နေစဉ် ကောသလ မင်းကြီး ပထမဆုံးအကြိမ် ရောက်လာပြီး ရှိခိုးခြင်းမရှိဘဲ ဘုရားကို "အရှင်ဂေါတမလည်း သမ္မာသမ္ဗုဒ္ဓဘုရားလို့ ဝန်ခံပါ သလား"ဟု မေးလျှောက်

၏။ အမြင့်ဆုံးသမ္ဗောဓိဉာဏ်ကို ရပြီးဖြစ်၍ သမ္မာသမ္ဗုဒ္ဓဟု ဝန်ခံကြောင်း၊ "သမ္မာသမ္ဗုဒ္ဓ"ဟူသော စကားလုံးကိုလည်း သူ့အတွက်သာ သုံးသင့်ကြောင်း ဘုရားက ပြောလိုက်၏။

ထိုအခါ မင်းကြီးက "ပူရဏ ကဿပ၊ မက္ခလိဂေါသာလ၊ နိဂဏ္ဌနာဋပုတ္တ စတဲ့ ဆရာကြီး၆-ယောက်လဲ မေးဖူးပါတယ်။ သူတို့ဟာ နုယ်နုယ်ရရ ပုဂ္ဂိုလ်များ မဟုတ်ပါဘူး။ နောက်လိုက်များစွာ ရှိသူများ၊ ဂိုဏ်းဦးစီးများ၊ ထင်ပေါ်ကျော်ကြား သူများ၊ သူတော်ကောင်းလို့ အများက ယုံကြည်ထားကြ သူများဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်ကြီးများတောင် တပည့်တော်မေးမြန်း ခံရသောအခါ **သမ္မာသမ္ဗုဒ္ဓအဖြစ် ဝန်မခံကြပါဘူး။** ဒီသဘာရင့်ဆရာကြီးတွေတောင် ဝန်မခံရဲဘဲ နုနယ်ငယ်ရွယ်ပြီး ရဟန်း ဘဝအခုမှ ရောက်စဖြစ်တဲ့ အရှင်ဘုရားက ဘာ့ကြောင့် ဝန်ခံရဲပါသနည်း"ဟု ခတ္တိယမာန် ရာဇမာန်အတွင်းခံဖြင့် အထင်သေးလျက် အခြားသောဘုရားတုများလို ဝန်မခံရဲဘဲ နောက်လန်ကာ ပြန်သွားလိမ့်မည်ဟု ထင်ကာ ခပ်နှိမ်နှိပ်လေသံဖြင့် မေးလေ၏။ ဤတွင် မြတ်စွာဘုရားက ငယ်ငယ်ကလေးဟု အရေးမစိုက် လျှင် ဘေးဆိုက်တတ်သော အရာလေးမျိုးကို ဟောတော်မူ၏။

၁။ မင်းမျိုးမင်းဇာတ်ရှိသူကို ငယ်ငယ်ကလေးဟု မထီမဲ့မြင် မပြုရာ။
၂။ အဆိပ်ပြင်းသော မြွေကိုလည်း ငယ်ငယ်ကလေးဟု မထီမဲ့မြင် မပြုရာ။
၃။ မီးကိုလည်း ငယ်ငယ်ကလေးဟု မထီမဲ့မြင် မပြုရာ၊
၄။ သီလရှိသော ရဟန်းကိုလည်း ငယ်ငယ်ကလေးဟု မထီမဲ့မြင် မပြုရာ။

**နီတိ။ ။မင်းနှင့် ရဟန်း၊ ထွေဆန်းတသီး၊ မြွေနှင့်မီးကို၊ မကြီး ငယ်ဟု၊ နှလုံးပြု၍၊ ဂရုမထင်၊ မဆန့်ကျင်နှင့်။**

ဤတရားအဆုံး၌ ကောသလမင်းကြီး တရားနားလည်သွားပြီး သရဏဂုံဆောက်တည်ကာ ဥပါသကာအဖြစ် ခံယူသွားလေ၏။ (ဒဟရသုတ်၊ ကောသလသံယုတ်၊ ဗ၈။)

## နိဂုံးချုပ်စကားတော်

**ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယ'မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။**

**"ငါ၏ ကိလေသာတို့မှ လွတ်မြောက်မှုသည် မပျက်စီးနိုင်ပြီ။ ဤကား နောက်ဆုံး ဘဝပေတည်း။ ယခုအခါ တဖန်ဖြစ်မည့် ဘဝသစ် မရှိတော့ပြီ"ဟု ငါ့အား ဉာဏ်အမြင် ပစ္စဝေက္ခဏာဉာဏ် သည်လည်း ထင်ရှားဖြစ်ပေါ်ခဲ့ပြီ ဟု မိန့်တော်မူ၏။**

## အကုပ္ပါ မေ ဝိမုတ္တိ = မပျက်စီးနိုင်သော လွတ်မြောက်မှု

မြတ်စွာဘုရား၏ ကိလေသာမှ လွတ်မြောက်ခြင်းသည် အရဟတ္တမဂ်ဖြင့် ကိလေသာကို အကြွင်း မဲ့ပယ်သတ်ကာ သမုစ္ဆေဒဝိမုတ္တိဖြင့် လွတ်မြောက်ခြင်းဖြစ်၏။ အရဟတ္တဖိုလ်ဖြင့် တဖန်လွတ်မြောက်မှု (ပဋိပဿဒ္ဓိ ဝိမုတ္တိ)ဖြင့် လွတ်မြောက်ခြင်းလည်း ဖြစ်၏။ ရူပဈာန် အရူပဈာန်တို့ဖြင့် လွတ်မြောက်ခြင်း ကဲ့သို့ ကိလေသာမှ ဝေးကွာရုံမျှ (ဝိက္ခမ္ဘန ဝိမုတ္တိ)ဖြင့် လွတ်မြောက်ခြင်းမျိုး မဟုတ်။ ထိုလွတ်မြောက် ခြင်းမျိုးကား နီဝရဏကိလေသာများနှင့် တွေ့သောအခါ ပြန်လည်ပျက်စီးသွားနိုင်၏။ (ဒီ၄၂၊ ၁၉။)

ထိုလွတ်မြောက်မှု အရဟတ္တဖိုလ်စိတ်၏ မဂ်ဟုဆိုအပ်သော အကြောင်းအားဖြင့်၎င်း၊ အာရုံအားဖြင့်၎င်း မပျက်စီးနိုင်တော့သည် အဖြစ်ကို ဆိုလိုသည်။

အကုပ္ပါ မေ ဝိမုတ္တီတိ အရဟတ္တဖလံ တဿ မဂ္ဂသင်္ခါတကာရဏတော စ အာရမ္မဏတော စ အကုပ္ပတာ ဝေဒိတဗ္ဗာ။ (ဝိမတိဋ္ဌိ၊ ဒု၊ ၉၂။)

## အယမန္တိမာ ဇာတိ = ဒါဟာ နောက်ဆုံးဘဝဘဲ

တဏှာကင်း၍ နောက်ထပ်ဘဝ မဖြစ်တော့သော်လည်း တဏှာရှိစဉ်က တည်ဆောက်ပေးခဲ့သည့် လက်ရှိဘဝ ခန္ဓာကတော့ ရှိနေဆဲပင် ဖြစ်၏။ ထို့ကြောင့် "လက်ရှိဘဝသည် နောက်ဆုံးဘဲ" ပြောဆိုခြင်း ဖြစ်၏။

ဤသည်ကား ရဟန္တာတို့၏ တဏှာကို(တနည်း) ကိလေသာကို ခန္ဓာ့စစ်မြေပြင်၌ အနိုင်ရသဖြင့် ကြွေးကြော်လိုက်သော အောင်မြင်မှု ကြွေးကြော်သံပေတည်း။ ရဟန္တာဖြစ်မှသာ ကြွေးကြော်နိုင်ခွင့်ရှိ၏။

**[ကတညာဏ်ဖြင့် ရဟန္တာ မဖြစ်သော်လည်း နောက်ဆုံးဘဝသို့ ရောက်နိုင်--ဟူသော အမှားဝါဒ**

"ကတညာဏ်ကို ပဋိဝေဓအနေဖြင့် နားလည်သဘောပေါက်ကြမယ်ဆိုရင် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ မဖြစ်ပေမဲ့ သေလွန်တဲ့အခါ နောက်ဆုံးဘဝအနေဖြင့် နိဗ္ဗာန်ကို ဝင်နိုင်၏- ဟု ယနေ့ မှားယွင်းစွာ ပြောဆိုနေကြ၏။

ပဋိဝေဓဉာဏ်ဆိုသည်မှာ လောကုတ္တရာ အရဟတ္တမဂ်စိတ်နှင့် ယှဉ်သော လောကုတ္တရာဉာဏ် ဖြစ်၏။ ကတညာဏ်ဟူသည်ကား ပစ္စဝေက္ခဏာဉာဏ်သာဖြစ်၏။ ကာမာဝစရ, မဟာကိရိယာ, ဉာဏ သမ္ပယုတ်စိတ် လေးပါးနှင့်ယှဉ်သော လောကီဉာဏ်တစ်မျိုးသာ ဖြစ်၏။

**"အယမန္တိမာ ဇာတိ- ဤကား နောက်ဆုံးဘဝတည်း"**ဟူသော စကားကိုလည်း ရဟန္တာဖြစ်ပြီးသူများသာ ပြောနိုင်ခွင့် ရှိ၏။ သောတာပန်, သကဒါဂါမ်, အနာဂါမ်များသည်ပင် မပြောနိုင်သေး။ အကြောင်းမှာကား ကိလေသာ မကုန်သေးသောကြောင့်တည်း။ ရဟန္တာဟူသည်မှာလည်း အကြောင်းသမုဒယ တဏှာ(သို့)ကိလေသာ ကုန်၍ အကျိုးဝိပါက် ရုပ်နာမ်ခန္ဓာတို့၏ဖြစ်မှု ငြိမ်းသွားခြင်းပေတည်း။ ကိလေသာမကုန်သေးသူများအဖို့ အကျိုးဝိပါက်ခန္ဓာများက ဆက်၍ ဖြစ်နေဦးမည်သာ။ ထို့ကြောင့် နောက်ဆုံးဘဝဟူ၍ မဆိုနိုင်ပေ။]

## နတ္ထိ ဒါနိ ပုနဗ္ဘဝေါ = နောက်ထပ် ဘဝသစ်မရှိတော့

အရဟတ္တမဂ်ဖြင့် ဘဝကိုတည်ဆောက်တတ်သော တဏှာလက်သမားကို အကြွင်းမဲ့ပယ်သတ်ပြီး ဖြစ်၍ နောက်ထပ် ဘဝသစ်ဖြစ်ဖို့ မရှိတော့။ ထို့ကြောင့် ဘုရားဖြစ်စက ဗောဓိပင်အောက်တွင်-

"သင်တဏှာ ယောက်ျား လက်သမားကို ပယ်သတ်ပြီးဖြစ်၍ နောက်ထပ်ခန္ဓာအိမ် မတည် ဆောက် နိုင်တော့ပြီး"

ဟု ကြုံးဝါးခဲ့၏။ ဤစကားတော်သည် ဓမ္မစကြာတရားတော်၏ နောက်ဆုံးစကားဖြစ်၏။

## သံဂါယနာမှတ်တမ်း

**ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။**

မြန်မာပြန်။ ။မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူလတ်သော ပဉ္စဝဂ္ဂီရဟန်းတို့သည် နှစ်လိုကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်စွာ လက်ခံကြလေကုန်၏။

ဤစကားရပ်သည် ဓမ္မစကြာတရား ဟောပြီးနောက် မည်ကဲ့သို့ထူးခြားမှု အကျိုးသက်ရောက်မှုများ ဖြစ်ခဲ့ကြောင်းကို ဖော်ပြသောစကားများ ဖြစ်၏။

ပထမဆုံးအကျိုးသက်ရောက်မှုကား တရားမဟောမီ "ရဟန်းတို့…ငါသည် ရဟန္တာတည်း။ တရားအားလုံးကို ကိုယ်တိုင်သိမြင် သမ္မာသမ္ဗုဒ္ဓအရှင်တည်း"ဟု မိန့်တော်မူကို မယုံကြည်ခဲ့ကြပေ။ လက်မခံခဲ့ကြပေ။ တရားဆုံးသောအခါ သူတို့အားလုံး ဘုရားဟု ယုံကြည်လက်ခံခဲ့ကြ၏။ တရားကိုလည်း မသေတရား၊ သစ္စာတရားဟု လက်ခံခဲ့ကြ၏။

**အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ**

**ဣမသ္မိဉ္စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ။**

**မြန်မာပြန်။ ။ဤဂါထာမဖက် သက်သက်သော ဒေသနာတော်ကို ဟောကြားစဉ် (ဝါ) ဟောပြီးခါစ၌ အရှင်ကောဏ္ဍည အား "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏"ဟု ကိလေသာ မြူအညစ်အကြေး ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်လာ၏။**

**အရှင်ကောဏ္ဍည သောတာပန်ဖြစ်ချိန်**

"ဘညမာနေ"ပုဒ် အဖွင့်ပြရာ သာရတ္ထဋီကာ၌ "ဘညမာနေ = ဟောနေစဉ်၊ ဟောနေတုန်း" ဟု ဖွင့်ပြ၏။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ ဤပုဒ်သည် ပစ္စုပ္ပန်၏ အနီးဖြစ်သော အတိတ်ကာလကို ဟောသောပုဒ်ဖြစ်ကြောင်း ပြဆိုပြီး "ဘဏိတေ = ဟောအပ်ပြီးလတ်သော် (ဝါ) ဟောပြီးခါစ၌" အနက်ပြန်ဆို၏။

ထို့ကြောင့် အရှင်ကောဏ္ဍညသည် ဓမ္မစကြာတရား **ဟောနေစဉ်မှာပင် (သို့မဟုတ်) ဟောပြီးခါစ၌** သောတာပန်ဖြစ်သွားသည်ဟု မှတ်ရမည်။

ဘညမာနေတိ ဘဏိယမာနေ၊ ဒေသိယမာနေတိ အတ္ထော။ (သာရတ္ထဋီ၊၃၊၁၈၀။)

ဘညမာနေတိ ကထိယမာနေ။ ဝတ္တမာနသမီပေ ဝတ္တမာနဝစနံ ကတံ, ဘဏိတေတိ အတ္ထော။ (ပဋိသံ၊ဋ္ဌ၊၃၊၂၁၇။)

**အရှင်ကောဏ္ဍည သောတာပန်ဖြစ်ချိန် ဖြစ်နိုင်ချေ သုံးနေရာ…**

ဟောပြီးခါစမှာ သောတာပန်ဖြစ်သည်ကား ရှင်း၏။ ဟောနေတုန်း သောတာပန်ဖြစ်သည်ဟု ဆိုလျှင် ဘယ်နေရာ၌ ဖြစ်သနည်းဟု စဉ်းစားဖွယ်ရှိ၏။

၁။ ဓမ္မစကြာဒေသနာတော်၌ ဗုဒ္ဓက မဇ္ဈိမပဋိပဒါဟူသည် အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်တရားတည်းဟု ဆိုပြီး သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကို သရုပ်ထုတ်ပြတော်မူ၏။ အရှင်ကောဏ္ဍညသည် ထိုမဂ္ဂင်ရှစ်ပါးကို ဆင်ခြင်ပွား၍ သောတာပန်ဖြစ်ခြင်း ဖြစ်နိုင်၏။

၂။ သို့မဟုတ် "ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ"စသည်ဖြင့် သစ္စာလေးပါးကို သရုပ်ထုတ်ဖော် ဟောကြားစဉ်မှာလည်း သောတာပန်ဖြစ်နိုင်၏။

၃။ သို့မဟုတ် "ဒုက္ခသည် ပိုင်းခြားသိရမည့်တရား ဖြစ်၏။ သမုဒယသည် ပယ်ရမည့်တရား ဖြစ်၏" စသည်ဖြင့် အပြန်၃-ပါး၊ အခြင်းအရာ ၁၂-ပါး ဟောကြားသောအခါ၌ ဒုက္ခသစ္စာဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးကို ဝိပဿနာရှု၍ အရိယာမဂ်သို့ရောက်စေပြီး သောတာပန်ဖြစ်နိုင်၏။ ဤတွင် ယခုတတိယအချက်သည် ပို၍ ဖြစ်နိုင်ချေရှိ၏။ ဤသို့ မဟာစည်ဆရာတော်ဘုရားကြီးက ဝေဖန်စိစစ်ထားပေသည်။ (မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်ကြီး၊ နှာ ၄၁၈-၄၂၀။)

## ကောဏ္ဍညတရားရတာ လွယ်လိုက်တာ.. တဲ့။

တချို့က ကောဏ္ဍညတရားရတာ လွယ်လိုက်တာတဲ့။ သို့သော် အခုလို သူများထက်ဦးပြီး တရားထူးရဖို့ ပါရမီဖြည့်ခဲ့ရသည့် ကာလကိုတော့ သူတို့က ထည့်မပြောကြပေ။ သူ့မှာ ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီဖြည့်ရ၏။ ဒါနလုပ်ရာ၌လည်း သူများထက်ဦးအောင် အလှူတွေကို လုပ်ခဲ့ရသေး၏။ ဒီဘဝ၌လည်း ဘုရားလောင်းကို လက္ခဏာဖတ်ပြီးနောက် တောထွက်ရသေး၏။ ခြောက်နှစ်ပတ်လုံး ဘုရားလောင်းကို ပြုစုလုပ်ကျွေးခဲ့ရသေး၏။ ဤဖြည့်ကျင့်ခဲ့သော ပါရမီများကြောင့် အခုလို အဦးဆုံး တရားရသွားခြင်း ဖြစ်၏။ ဘာမှ မလုပ်ဘဲ မရနိုင်ပေ။

## မဂ်ဉာဏ်၌ မြူ-အညစ်အကြေးကင်းပုံ

သောတာပတ္တိမဂ်ဉာဏ်ကို "ဝိရဇံ = မြူကင်း၏။ ဝီတမလံ = အညစ်အကြေးကင်း၏"ဟု ဖွင့်ဆိုထား၏။ ဤနေရာ၌ 'ဘယ်လိုကင်းတာကို မြူကင်းတာလဲ။ ဘယ်လို ကင်းတာကို အညစ်အကြေးကင်းတားလဲ'ဟု စဉ်းစားစရာ ရှိ၏။

သာရတ္ထဋီကာ၌ အပါယ်လားကြောင်းဖြစ်သော ရာဂစသည်ကင်းခြင်းကို မြူကင်းသည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ၂-ပါးကင်းသည်ကိုတော့ အညစ်အကြေးကင်းသည်ဟု ဆို၏။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ကား "မြူဆိုတာလည်း ရာဂစသည်ဘဲ။ အညစ်အကြေးဆိုတာလည်း ရာဂ စသည်ဘဲ"ဟု ဖွင့်ပြ၏။

ဝိရဇန္တိ အပါယဂမနီယရာဂရဇာဒီနံ ဝိဂမေန ဝိရဇံ။ ဝီတမလန္တိ အနဝသေသဒိဋ္ဌိဝိစိကိစ္ဆာမလာ-ပဂမေန ဝီတမလံ။ (သာရတ္ထ၊ဋီ၊၃၊ ၁၈၁။)

ဝိရဇန္တိ ဝိဂတရာဂါဒိရဇံ။ ဝီတမလန္တိ ဝိဂတရာဂါဒိမလံ။ (ပဋိသံ၊ဋ္ဌ၊၂၊၂၁၇။)

## ဘယ်လိုကင်းသနည်း?

ဓမ္မစက္ခုခေါ်သော သောတာပတ္တိမဂ်ဉာဏ်၌ ဤမြူအညစ်အကြေးများ မယှဉ်သည်ကို ကင်းတယ်ဟု ဆိုသလော။ သို့မဟုတ် မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမမြင်နိုင်အောင် မနှောင့်ယှက်နိုင်တာကို ဆိုလိုသလော စဉ်းစား စရာဖြစ်၏။

ဤ၌ မဂ်ဉာဏ်သည် ကိလေသာနှင့် လုံးဝမယှဉ်သဖြင့် မယှဉ်သည်ကို မဆိုလိုကြောင်း ထင်ရှား၏။ သို့ဖြစ်ချေသော် ရာဂစသော ကိလေသာများက အရိယာမဂ်ကို နိဗ္ဗာန်ကို မမြင်နိုင်အောင်

မနှောင့်ယှက်နိုင်တာ ကိုပင် "ကိလေသာမြူ-အညစ်အကြေးကင်းသည်"ဟု ယူဆရပေမည်။ (မဟာစည်ဆရာတော်)

**ဝိပဿနာဉာဏ်ကပဲ မဂ်ဉာဏ်ဖြစ်လာ**

မဂ်ဉာဏ်ဟူသည် ရှေးလောကီဝိပဿနာဉာဏ်မှ ကိလေသာများကို အစွမ်းကုန်ပယ်ပြီး ကျန်သော ကိလေသာကိုမှ မဂ်ဉာဏ်က ပယ်၏။ ထို့ကြောင့် ရှေးဝိပဿနာဉာဏ်ကိုပင် ဆက်ခံကာ မဂ်ဉာဏ်ဖြစ်ပေါ် လာ၏။ **ကေတ္တနည်းအားဖြင့်** ဝိပဿနာဉာဏ်ကပင် မဂ်ဉာဏ်ဖြစ်လာသည်ဟု ဆိုနိုင်၏။

ပဌမံ လောကိယဉာဏေန ယထာဗလံ ပဟီနမေဝ လောကုတ္တရဉာဏံ ပဇဟတိ။ (ဝိသုဒ္ဓိမဂ်၊ မဟာဋီ၊ဒု၊၂၅၀၂။)

**ဓမ္မစက္ခု = တရားမျက်စိ**

ဓမ္မစက္ခုခေါ်သည် သောတာပတ္တိမဂ်ဉာဏ်ဖြစ်ခါနီးတွင် လောကီဝိပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့၏ ခဏမစဲ ပျက်ပျက်သွားသည့်ကို ရှုမှတ်နေရင်း ရုပ်နာမ်သင်္ခါရတို့၏ လုံးဝချုပ်ငြိမ်းသော သဘောထဲသို့ သက်ဝင်သွားသလို သိမြင်သွား၏။ နိဗ္ဗာန်၏ အငြိမ်းဓာတ်သဘောကို သိမြင်သွားခြင်းဖြစ်၏။ ထိုအခါ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ ဝတ = ဖြစ်ခြင်းသဘောရှိသော တရားဟူသမျှ ချုပ်ခြင်းသဘောရှိ၏"ဟု သိမြင်သော သောတာပတ္တိမဂ်ဖြစ်ပေါ်လာ၏။

ထိုသောတာပတ္တိမဂ်ဉာဏ်ဟူသော ဓမ္မစက္ခုဖြင့် အရှင်ကောဏ္ဍညသည် ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်ကို ရှင်းရှင်းလင်းလင်း သိမြင်သွားခြင်းကိုပင် "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ ဝတ" ဟု ဆိုခြင်းဖြစ်၏။

**ဓမ္မစက္ခုမျိုးစုံ**

အချို့နေရာ၌ သောတာပတ္တိမဂ်ကို ဓမ္မစက္ခုဟု ခေါ်၏။ အချို့နေရာ၌ အောက်မဂ်သုံးပါးကို ဓမ္မစက္ခုဟု ခေါ်၏။ အချို့နေရာ၌ မဂ်လေးပါးလုံးကို ဓမ္မစက္ခုဟု ခေါ်၏။ **ဤသုတ်၌ သောတာပတ္တိမဂ်ဉာဏ်ကို ယူရမည်။**

ဓမ္မစက္ခုန္တိ ကတ္ထစိ ပဌမမဂ္ဂဉာဏမေဝ၊ ကတ္ထစိ အာဒီနိ တီဏိ မဂ္ဂဉာဏာနိ၊ ကတ္ထစိ စတုတ္ထမဂ္ဂ-ဉာဏမ္ပိ။ ဣဓ ပန ပဌမမဂ္ဂဉာဏမေဝ။ (ပဋိသံ၊ဋ၊၂၊၂၁၇။)

**နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ**

**ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။**

**မြန်မာပြန်။ ။ဓမ္မစကြာတရားတော်ကို ဟောတော်မူပြီးလတ်သော "လောက၌ ရဟန်းဖြစ်စေ, ပုဏ္ဏားဖြစ်စေ, နတ်ဖြစ်စေ, မာရ်နတ်ဖြစ်စေ, ဗြဟ္မာဖြစ်စေ, အခြားတစ်စုံတစ်ယောက်ဖြစ်စေ ပြန်မနစ်စေနိုင် မတားမြစ်နိုင်သော အတုမရှိမြတ်သော ဤဓမ္မစကြာ တရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဗာရာဏသီမြို့အနီး ဣသိပတန မိဂဒါဝုန်တောဝယ် ဟောတော်မူအပ်ပြီ"ဟု ဘုမ္မစိုးနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။**

**ဓမ္မစက္ကံ ပဝတ္တိတံ = တရားစက်ဘီးကို လည်စေအပ်ပြီးလတ်သော်**

ကဿပဘုရားရှင်၏ သာသနာကွယ်သောအချိန်မှစ၍ ဂေါတမဘုရားရှင် ပွင့်ပေါ်သည့်တိုင်အောင် ကြားကာလတွင် တရားစက်ဘီးကြီး ရပ်နေခဲ့၏။ ထိုတရားစက်ဘီးကြီးကို ယခုအခါ ပြန်၍တဖန် လည်ပတ်စေအပ်၏။

**တရားစကြာ ရတနာ**

ဓမ္မဟူသည် သဒ္ဓါပညာ စသော ဣန္ဒြေတရားများကို ဆို၏။ စက္ကဟူသည် အဆက်မပြတ် လည်ပတ်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် ဓမ္မစက္ကဟူသည် သဒ္ဓါပညာစသော တရားစက်ဘီးဟု ဆိုလို၏။

မြတ်စွာဘုရားက "ဒွေ မေ ဘိက္ခဝေ"စသည်ဖြင့် စက်ခလုပ်ကြီးဖွင့်ကာ ဟောကြားပြီး စက်နှိုးလိုက်သောအခါ အရှင်ကောဏ္ဍညစသော တရားနာသူတို့၏ သန္တာန်၌ရှိသော သဒ္ဓါပညာစသော တရားစကြာ ရတနာကြီး မင်ဖိုလ်ရသည့်တိုင်အောင် ဆက်ကာဆက်ကာ လည်ပတ်သွားတော့၏။

**အပ္ပဋိဝတ္တိယံ = မတားမြစ်နိုင်သောတရား**

မြတ်စွာဘုရားလှည့်ပေးလိုက်သော တရားတည်းဟူသော ဘီးကြီးကို လောက၌ မည်ကဲ့သို့သော လူနတ်ဗြဟ္မာ သတ္တဝါ တစ်ဦးတစ်ယောက်ကမျှ အလည်ရပ်သွားအောင်၊ နောက်သို့ ပြန်ဆုတ်သွားအောင် မတတ်နိုင်။ (ဝါ) မှားယွင်းနေကြောင်း မည်သူကမျှ မထောက်ပြနိုင်။

မှန်၏။ ဒုက္ခငြိမ်းကြောင်း မဇ္ဈိမလမ်းစဉ်သည် မှားယွင်းနေကြောင်း မည်သူမျှ မပြောနိုင်၊ သစ္စာ လေးပါးကိုလည်း ၅-ပါး (သို့) ၃-ပါး ဟုငင်း၊ မဂ္ဂင်ရှစ်ပါးကိုလည်း ၇-ပါး၊ (သို့) ၉-ပါးဟုငင်း မည်သူကမျှ မပြင်နိုင်ပါချေ။

ဤသို့ မပြင်နိုင်ခြင်း၊ အမှားမထောက်နိုင်ခြင်းကိုပင် မတားမြစ်နိုင်သောတရား၊ နောက်ပြန် မဆုတ်နစ်သောတရားဟု ခေါ်၏။

**တရားဦးကျွတ်တမ်းဝင်သူ**

လူသားထဲမှ အရှင်ကောဏ္ဍညတစ်ပါးသာ သောတာပန်ဖြစ်၏။ သို့သော် ဗြဟ္မာများမှ ၁၈-ကုဋေ ကျွတ်တမ်းဝင်၏။ နတ်များမှာကား မရေတွက်နိုင်ဟု မိလိန္ဒပဥှ၌ ဆိုထားပေသည်။

**စကြာဝဠာအနှံ့ ချက်ချင်းပြန့်**

**ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။**

**ဤသို့လျှင် ထိုအချိန် ထိုအခါ ထိုကာလတွင် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ကောင်းချီး သံသည် ပျံ့နှံ့၍တက်၏။**

ဤစကားရပ်ဖြင့် နတ်တို့၏ ကောင်းချီးကြွေးကြော်သံသည် တမုဟုတ်အတွင်း ဗြဟ္မပြည်တိုင် အောင် ပျံ့နှံ့တက်သွားကြောင်း ပြဆို၏။

**သက်မဲ့တို့၏ ကောင်းချီးပေးမှု**

**အယဉ္စ ဒသသဟဿိလောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။**

**ဤတစ်သောင်းသော လောကဓာတ်သည်လည်း တုန်လှုပ်၏။ ပြင်းစွာ တုန်လှုပ်၏။ ထက်ဝန်းကျင် တုန်လှုပ်၏။**

ဤစကားဖြင့် တရားပြီးဆုံးသောအခါ၌ သက်ရှိဖြစ်သော နတ်ဗြဟ္မာများသာမက သက်မဲ့ ဖြစ်သော ဤကမ္ဘာမြေကြီးပါ သိမ့်သိမ့်တုန်လှုပ်ခါ ကောင်းချီးသြဘာ ပေး၏။

**လောကဓာတ်တွင်း အရောင်လင်း**

**အပ္ပမာဏော စ ဥဠာရော သြဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။**

**အတိုင်းအရှည်မရှိ ကြီးမားသော အရောင်အလင်းသည်လည်း လောက၌ နတ်တို့၏ အာနုဘော်ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။**

ဤစကားရပ်ဖြင့် ဒေသနာဉာဏ်တော်၏ အစွမ်းအာနုဘော်ကြောင့်ဖြစ်သော အလင်းရောင်သည် တန်ခိုးကြီးသော နတ်ဗြဟ္မာတို့၏အရောင်၊ နေရောင် လရောင် နက္ခတ်ရောင်တို့ကို ဖုံးလွှမ်းကာ ထင်ရှား ဖြစ်ပေါ်လာ၏။

**မြတ်စွာဘုရား ဥဒါန်းကျူးတော်မူပုံ**

**အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော"တိ။ ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ "အညာသိ ကောဏ္ဍညော" တွေဝ နာမံ အဟောသိ။**

**ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့....ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေ ပြီတကား၊ ရဟန်းတို့....ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီတကား"ဟု ဥဒါန်းကို ကျူးရင့်တော်မူ၏။ ဤသို့ ဥဒါန်းကျူးရင့်တော်မူသောကြောင့် အရှင်ကောဏ္ဍညအား "အညာသိ ကောဏ္ဍည" ဟူ၍သာလျှင် အမည်တွင်၏။**

ဤစကားရပ်ဖြင့် မြတ်စွာဘုရားသည် မိမိ၏ ပွဲဦးထွက်တရားပွဲ၌ အရှင်ကောဏ္ဍည သောတာပန် ဖြစ်သွားမှန်းသိ၍ ချီးကျူးသော စကားရပ်ဖြစ်၏။ ဘုရားရှင်သည် လူသားဖြစ်သော အရှင်ကောဏ္ဍည

သောတာပန်ဖြစ်တာကိုသာ ချီးကျူးတော်မူ၏။ နတ်ဗြဟ္မာများ သောတာပန်ဖြစ်တာကိုကား မချီးကျူးပေ။ ဤ၌ လူသားသည် သာသနာပြုရာ၌ မည်မျှအရေးပါသည်ကို သိသာထင်ရှားလှ၏။

**အရှင်ကောဏ္ဍညရဟန်းအဖြစ်တောင်းပန်**

**အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ တေဒဝေါစ “လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ”န္တိ။**

**ထို့နောက် အရှင်ကောဏ္ဍညသည် တရားကို မြင်ပြီးသည်ဖြစ်၍, တရားသို့ ရောက်ပြီးသည်ဖြစ်၍, တရားကို သိပြီးသည်ဖြစ်၍, ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍, သို့လော သို့လော တွေးတောခြင်း ကင်းပြီးသည်ဖြစ်၍, ဘုရားမှတစ်ပါး ကိုးစားထိုက်သူ မရှိကုန်သည်ဖြစ်၍ မြတ်စွာဘုရားကို “အရှင်ဘုရား... အကျွန်ုပ်သည် မြတ်စွာဘုရားအထံ၌ ရှင့်အဖြစ်ကို ရလိုပါ၏။ ရဟန်းအဖြစ်ကို ရလိုပါ၏”ဟု လျှောက်ထား၏။**

**ဘာကြောင့် ရဟန်းအဖြစ်ကိုတောင်းသနည်း**

ဒိဋ္ဌဓမ္မော စသော စကားများသည် အရှင်ကောဏ္ဍည ရဟန်းအဖြစ်ကို တောင်းပန်ခြင်း၏ အကြောင်း ဝိသေသဂုဏ်ထူးများပင်ဖြစ်၏။

**ဒိဋ္ဌဓမ္မော** = နိရောဓသစ္စာဟူသော နိဗ္ဗာန်တရားကို မျက်မှောက်ထင်ထင် ဉာဏ်ဖြင့် သိမြင်ပြီးသောကြောင့်-

**ပတ္တဓမ္မော** = ဉာဏ်ဖြင့် ရောက်အပ်ပြီးသော တရားရှိသောကြောင့်-

**ဝိဒိတဓမ္မော** = ထင်ထင်ရှားရှား သိအပ်ပြီးသော တရားရှိသောကြောင့်-

**ပရိယောဂဠ္ဟဓမ္မော** = ထက်ဝန်းကျင်သက်ဝင်၍ သိအပ်ပြီးသော တရားရှိသောကြောင့်-

**တိဏ္ဏဝိစိကိစ္ဆော** = ယုံမှားမှု(ယုံမှားခြင်း ၁၆-ပါး)ကို လွန်မြောက်ပြီးသောကြောင့်-

**ဝိကတ ကထံကထော** = သို့လော သို့လော တွေးတောမှုကင်းသောကြောင့်-

**သတ္ထုသာသနေ ဝေသာရဇ္ဇပတ္တော** = ဘုရားသာသနာတော်၌ ကေန်ဟုတ်မှန်၏ဟူသော အသိဉာဏ်ဖြင့် ရဲရင့်ခြင်းသို့ ရောက်ပြီးသောကြောင့်-

**အပရပ္ပစ္စယော** = သူတစ်ပါးကိုပုံ၍ ယုံကြည်ရသည်မျိုးမဟုတ်ဘဲ မိမိကိုယ်တိုင်ပင် သိမြင်ပြီးဖြစ်သောကြောင့်- ဘုရားထံ၌ ရဟန်းအဖြစ်ကို တောင်းပန်ခြင်း ဖြစ်၏။

**တနည်းလည်း-**

**ဒိဋ္ဌဓမ္မောဖြင့်** အရိယာသစ္စာတရားကို မြင်ခြင်းဟူသည် မျက်စိဖြင့် မြင်သည်ကို ဆိုလိုသည် မဟုတ်၊ သစ္စာလေးပါးတရားသို့ ဉာဏ်ဖြင့်ရောက်သွားခြင်းကို ဆိုလို၍ ပတ္တဓမ္မောကို ဆက်ဆို။

**ပတ္တဓမ္မောဖြင့်** ဉာဏ်ဖြင့်ရောက်ခြင်းဟူသည် ခြေဖြင့်သွား၍ ရောက်ခြင်းမျိုးကို ဆိုလိုသည် မဟုတ်၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းကို ဆိုလိုကြောင်း ပြလို၍ ဝိဒိတဓမ္မောကို ဆက်ဆို။

**ဝိဒိတဓမ္မော**=ထိုးထွင်းသိခြင်းဟူသည်မှာလည်း တစိပ်တဒေသမျှကို သိသည်မဟုတ်၊ အကြွင်းမကျန် အလုံးစုံကို မွေနှောက်သိခြင်းမျိုးကို ဆိုလိုကြောင်း သိစေလို၍ **ပရိယောဂဠ္ဓမ္မောကို** ဆက်ဆို။

သစ္စာလေးပါးကို သိပြီးသောကြောင့်သာလျှင် ကန္တာရပမာ ကျော်လွှားဖို့ခက်ခဲသော ယုံမှားမှု သံသယ (ဝိစိကစ္ဆာ) ၈-မျိုး၊ ၁၆-မျိုး တို့မှ လွန်မြောက်နိုင်ကြောင်းကို ပြလို၍ **တိဏ္ဏဝိစိကိစ္ဆောကို** ဆက်ဆို။

ထို့ကြောင့် သို့လော သို့လော တွေးတောယုံမှားကင်းသည်ကို ပြလို၍ **ဝိဂတကထံကထောကို** ပြဆို။

ထိုသို့ ပိုင်းခြားသိပြီးသောကြောင့် အကုသိုလ်လုပ်ငန်းများကို ပြတ်သားစွာပယ်ရှားပြီး ကုသိုလ်တရားတို့၌ ရဲတင်းစွာ ထောက်တည်အားထားကာ ပြုလုပ်လာသောကြောင့် **ဝေသာရဇ္ဇပတ္တောကို** ဆက်ဆို။

ထိုသို့ သစ္စာတရားကို ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိမြင်ပြီးဖြစ်သောကြောင့် တပါးသူ၏ ဉာဏ်ကို မှီခိုအားထားစရာ မလိုတော့သည်ကို သိစေလို၍ **အပရပ္ပစ္စယောကို** ပြဆိုသည်။

## စိတ္တသူကြွယ်နှင့် နိဂဏ္ဌ နာဋပုတ္တ

အခါတပါး၌ မစ္ဆိကာသဏ္ဍမြို့သို့ နိဂဏ္ဌဆရာကြီး တပည့်များနှင့် ရောက်လာ၏။ ထိုအခါ အနာဂါမ် စိတ္တသူကြွယ်သည် နိဂဏ္ဌဂိုဏ်းဆရာကြီးထံ သွားတွေ့သောအခါ "ဘယ့်နှယ်လည်း စိတ္တသူကြွယ်၊ သင်တို့ဆရာ ဂေါတမက ဝိတက်,ဝိစာရကင်းတဲ့ ဈာန်သမာဓိရှိတယ်လို့ ဆိုတယ်၊ ယုံသလား"ဟု မေး၏။ "ဒီနေရာမှာ မြတ်စွာဘုရားကို ယုံကြည်လို့ အသိအမှတ်ပြုရတာ မဟုတ်ပါဘူး"ဟု စိတ္တသူကြွယ်က ပြန်ဖြေလိုက်၏။ ဤတွင် နိဂဏ္ဌကြီးက စိတ္တသူကြွယ်ဟာ ဘုရားကို မယုံဘူးဟု ထင်သွား၏။

ထို့ကြောင့် သူက "ဟေ့...တပည့်တို့၊ ကြည့်ကြစမ်း၊ စိတ္တသူကြွယ်ဟာ အင်မတန် ရိုးဖြောင့်တယ်။ သူမယုံတာကို မယုံဘူးဘဲ ပြောတယ်။ ယုံစရာလဲ မကောင်းဘူး။ လေကို ပိုက်နဲ့ဖမ်းရင် မဖြစ်နိုင်တာလို၊ ဂင်္ဂါမြစ်ရေကို လက်နဲ့တားရင် မဖြစ်နိုင်တာလို ဝိတက်,ဝိစာရ ကင်းချုပ်အောင် မလုပ်နိုင်ပါဘူး"ဟု သူ့တပည့်များကို လှည့်ပြောလိုက်၏။

ဤတွင် စိတ္တသူကြွယ်က "ဆရာကြီး၊ သိတာနဲ့ ယုံတာ(**ပညာနှင့် သဒ္ဓါ**)ဘယ်ဟာက သာပြီး မြတ်ပါသလဲ"ဟု မေးလိုက်သောအခါ "**သိတာ(ပညာ)က ယုံတာ(သဒ္ဓါ)ထက် မြတ်တာပေါ့**"ဟု ဆရာကြီးက ဖြေလိုက်၏။ ထိုအခါ စိတ္တသူကြွယ်က "အရှင်ကြီး...ကျွန်ုပ်ဟာ ဘယ်အချိန်မဆို လိုတဲ့ အခါမှာ ဝိတက်ဝိစာရရှိသော ပထမဈာန်ကိုလည်း ဝင်စားနိုင်၏။ ဝိတက်ဝိစာရကင်းသော ဒုတိယ ဈာန်ကိုလည်း ဝင်စားနိုင်၏။ ပီတိကင်းသော တတိယဈာန်ကိုလည်း ဝင်စားနိုင်၏။ သုခကင်းသော စတုတ္ထဈာန်ကိုလည်း ဝင်စားနိုင်၏။ ဒီလို ကိုယ်တိုင်သိနေပါလျက် တခြားသူကို အားကိုးယုံကြည်ဖို့ လိုပါဦးမလား"ဟု ပြန်လည်ချေပလိုက်၏။

ထိုအခါ၌ကား နိဂဏ္ဌကြီးက "စိတ္တသူကြွယ်ဟာ ကောက်ကျစ်စဉ်းလဲသူဘဲ"ဟု ပြောလာပြန်၏။

ဤသုတ္တန်၌ စိတ္တသူကြွယ်သည် အနာဂါမ် ဈာန်ရအရိယာဖြစ်၍ ဝိတက်ဝိစာရကင်းသော ဈာန်-သမာဓိရှိကြောင်း ကိုယ်တိုင်သိပြီးဖြစ်၍ တစ်ပါးသူပြောစကားကို အားကိုးယုံကြည်နေဖို့ မလိုတော့ပေ။

ထိုသို့ သူတပါးအပေါ် မှီခိုအားကိုးဖို့ မလိုတော့သည်ကိုပင် "အပရပ္ပစ္စယော=သူတစ်ပါးကိုပုံ၍ ယုံကြည်ရသည်မျိုးမဟုတ်ဘဲ မိမိကိုယ်တိုင် တရားကို သိမြင်ပြီးသူ ဖြစ်၏"ဟု ဆိုလိုပေသည်။

(နိဂဏ္ဍနာဋ္ဌပုတ္တာသုတ်၊ သဠာယတနသံယုတ်၊ ၄၈၇။)

**ဟေိ ဘိက္ခု ရဟန်းဖြစ်ပုံ**

**"ဟေိ ဘိက္ခူ"တိ ဘဂဝါ အဝေါစ "သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ"တိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။**

**"ရဟန်း...လာလော့" "တရားကို ကောင်းစွာ ဟောအပ်ပြီ၊ ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှာ မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်လော့"ဟု မိန့်တော်မူ၏။ ထိုစကားတော်သည်ပင်လျှင် ထိုအရှင်ကောဏ္ဍည၏ ပဥ္စင်းအဖြစ် ပြီးစီးလေ၏။**

**"ဟေိ ဘိက္ခု" ရဟန်း**

သစ္စာလေးပါးကို ကိုယ်တိုင်သိမြင်ပြီးသောအခါ အရှင်ကောဏ္ဍည ရဟန်းအဖြစ်ကို တောင်းပန်၏။ မြတ်စွာဘုရားသည် "ဟေိ ဘိက္ခု=ချစ်သားရဟန်း. . .လာလော့"ဟု လက်ျာလက်ကို ဆန့်တန်းလျက်ခေါ်တော်မူသောအားဖြင့် လက်ခံလိုက်၏။ သာသနာဝင်ရဟန်းအဖြစ် အသိအမှတ်ပြုလိုက်၏။ ထို့ကြောင့် အရှင်ကောဏ္ဍညသည် သာသနာတော်၌-

**၁။ပထမဦးဆုံးသော သောတာပန်ပုဂ္ဂိုလ်၊**
**၂။ပထမဦးဆုံးသော ရဟန်းအဖြစ်သို့ ရောက်သောပုဂ္ဂိုလ်၊**
**၃။ပထမဦးဆုံးသော ဟေိ ဘိက္ခု ရဟန်းအဖြစ်သို့ ရောက်သောပုဂ္ဂိုလ် ဖြစ်၏။**

**စရ ဗြဟ္မစရိယ = မြတ်သောအကျင့်ကို ကျင့်လော့။**

ဤနေရာ၌ အရှင်ကောဏ္ဍညသည် သောတာပန်သာ ဖြစ်သေးသဖြင့် အထက်မဂ်သုံးပါးအတွက် ဆက်ကျင့်ရဦးမည်။ ဒုက္ခဆုံးရန်အလို့ငှာ အထက်မဂ်သုံးပါး ဆက်ကျင့်ဘို့ကျန်သေးသဖြင့် "စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ" ဟု ဆိုခြင်းဖြစ်၏။

**အရှင်ကောဏ္ဍညတစ်ပါးသာ ရဟန်းပြု**

တရားဆုံးတော့ အရှင်ကောဏ္ဍညတစ်ပါးသာ ရဟန်းအဖြစ် တောင်းပန်၏။ ကျန်လေးဦး ရဟန်း မပြုကြသေးပေ။ အကြောင်းမှာ အရှင်ကောဏ္ဍည၏ သောတာပတ္တိမဂ်သို့ ရောက်ပြီးဖြစ်၍ သာသနာတော်နှင့် စပ်လျှင် ရဲရင့်ပြီး တထစ်ချယုံကြည်သည့် ခိုင်မာ၍, မတုန်လှုပ်သော **အစလသဒ္ဓါ** တရားရှိပြီးသူ ဖြစ်၏။ ကျန်လေးဦးမှာကား ဘုရားနှင့်တရားအပေါ် ကြည်ညိုမှု-**ပသာဒသဒ္ဓါ** အဆင့်မျှသာ ရှိသေး၏။ မခိုင်မြဲသေး။

**ဘုရား, တရား, သံဃာ သုံးပါးလုံး အပြန်အလှန် သက်သေပြ**

တရားဦးမဟောခင် ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားဖြစ်ပြီဟု ပြောသည်ကို မယုံကြည်ခဲ့ကြ။ မသေရာတရား(နိဗ္ဗာန်)ကို ရခဲ့ပြီဟု ပြောသည်ကိုလည်း လက်မခံ။ တရားဦးဟောပြီးသောအခါ၌ကား အရှင်ကောဏ္ဍည သောတာပန်ဖြစ်သွား၍ ပရမတ္ထသံဃာ အစစ်ဖြစ်ကြောင်းလည်း ဘုရားကိုယ်တိုင် ကြေငြာခဲ့၏။ ထို့ကြောင့် ဟောပြောသူကိုလည်း သမ္မာသမ္ဗုဒ္ဓ ဘုရားအစစ်ဖြစ်ကြောင်း အလိုလို ကြေငြာပြီးသား ဖြစ်သွား၏။ ဟောသောတရားကိုလည်း မသေရာတရား(အမတဓမ္မ)အစစ်ဖြစ်ကြောင်း သက်သေပြပြီးသား ဖြစ်သွား၏။

**ကျန်လေးပါး တရားဆက်အားထုတ်**

ဝါဆိုလဆုတ် ၁-ရက်နေ့မှစ၍ ဆွမ်းခံမကြွတော့ဘဲ ကျန်လေးပါးအတွက် ဘုရားကိုယ်တိုင် အနီးကပ် ညွှန်ကြားပြသနိုင်ရန် စောင့်ရှောက်တော်မူရာ အရှင်ဝပ္ပနှင့် အရှင်ဘဒ္ဒိယတို့ ၂-ပါး သောတာပန်ဖြစ်၏။ သုံးပါးသောရဟန်းတို့ ခံယူခဲ့သောဆွမ်းဖြင့် ရဟန်း ၆-ပါးတို့ မျှတဘုဉ်းပေးကြ၏။ နောက်နေ့တွင် အရှင် မဟာနာမ်နှင့် အရှင်အဿဇိတို့ သောတာပန်ဖြစ်၏ဟု မဟာဝါပါဠိတော်(၁၇-၁၈)တွင် ပြဆိုထားပေသည်။

သို့သော် အဋ္ဌကထာ၌ကား လဆုတ် ၁-ရက်နေ့ ဝပ္ပ၊ ၂-ရက်နေ့ ဘဒ္ဒိယ၊ ၃-ရက်နေ့ မဟာနာမ်၊ ၄-ရက်နေ့ အဿဇိတို့ အသီးအသီး သောတာပန်ဖြစ်ကြောင်း ဖွင့်ဆိုထား၏။

**ဘုရားကိုယ်တိုင်စောင့်ရှောက်**

ကျန်လေးပါး တရားအားထုတ်ရာတွင် ကမ္မဋ္ဌာန်း၏ အနှောင့်အယှက်များရှိလျှင် ပယ်ရှင်းပေးနိုင်ရန်၊ ဖြစ်ပေါ်လာသော အတားအဆီး သံသယများရှိလျှင် ဘုရားထံ ချက်ချင်း မေးလျှောက်နိုင်ရန် မြတ်စွာဘုရားသည် ကျောင်းအတွင်း၌ပင် ရှိနေ၏။ လိုအပ်လျှင် ကောင်းကင်မှပင် ဈာန်ဖြင့်ကြွသွား၍ ကိလေသာအညစ် အကြေးကို ချက်ချင်း ပယ်ရှင်းပေး၏။

ဣမေသဉ္စ ပန ဘိက္ခူနံ ကမ္မဋ္ဌာနေသု ဥပ္ပန္နမလဝိသောဓနတ္ထံ ဘဂဝါ အန္တောဝိဟာရေယေဝ အဟောသိ။ ဥပ္ပန္နေ ဥပ္ပန္နေ ကမ္မဋ္ဌာနမလေ အာကာသေန ဂန္တွာ မလံ ဝိနောဒေသိ။ (မဟာဝါဋ္ဌ၊ ၂၄၇။)

သေသဥ္စိ ဘိက္ခူနံ ကမ္မဋ္ဌာနေသု ဥပ္ပန္နမလဝိနောဒနတ္ထံ ဘဂဝါ အန္တောဝိဟာရေယေဝ အဟောသိ။ ဥပ္ပန္နေ ဥပ္ပန္နေ ကမ္မဋ္ဌာနမလေ ဘဂဝတော သန္တိကံ ဂန္တွာ ပုစ္ဆန္တိ။ ဘဂဝါပိ တေသံ နိသိန္နဋ္ဌာနံ ဂန္တွာ မလံ ဝိနောဒေတိ။ (ပါသရာသိသုတ်၊မူဋ္ဌ၊၂၉၇။)

**နာရုံနှင့်မဖြစ်-အားထုတ်မှ ဖြစ်**

အထက်ပါ စကားရပ်များကိုကြည့်လျှင် တရားဦးအဆုံးတွင် အရှင်ကောဏ္ဍညတစ်ပါးသာ သောတာပန်ဖြစ်၏။ ကျန်လေးပါးတို့သည် တရားအားထုတ်ကြရ၏။ ထိုပုဂ္ဂိုလ်များသည် နှယ်နှယ်ရရ မဟုတ်ချေ။ ပုဏ္ဏားပညာတတ်များ ဖြစ်ကြ၏။ ယုံကြည်ချက်လည်း ပြင်းထန်ကြ၏။ ငယ်ရွယ်စဉ်ကပင်

တောထွက်၍ တရားကျင့်လာသူများလည်း ဖြစ်၏။ ထို့ကြောင့် ကိလေသာနီဝရဏများလည်း ထိုက်တန် သလောက် ငြိမ်းနေပေလိမ့်မည်။ ဤကဲ့သို့ မိမိကို ရည်စူး၍ သာသနာ့ဘောင် ဝင်လာသူများကို နာကြားရုံ လောက်နဲ့ ပြီးခဲ့လျှင် မလိုအပ်ဘဲနဲ့ ပင်ပန်းလေအောင် ဘုရားက တရားအားထုတ် ခိုင်းလိမ့်မည်မဟုတ်။ လိုအပ်သောကြောင့်သာလျှင် ဘုရားက ကိုယ်တိုင်စောင့်ကြပ်ပြီး တရားအားထုတ်ခိုင်းရခြင်း ဖြစ်ပေ လိမ့်မည်။ အားထုတ်လိုက်မှလည်း သောတာပန်အသီးအသီး ဖြစ်သွားကြ၏။

မှတ်ချက်။ ။အထက်ပါ အဖြစ်အပျက်များကိုကြည့်လျက် ယခုအခါ **"သောတာပန်ဖြစ်ဖို့ တရား အားထုတ်ဖို့ မလိုပါဘူး။ ဆရာပြောတဲ့အတိုင်း သိနေရင်ပြီးတာဘဲ"**ဟု ပြောဆိုနေခြင်းမှာ **တရား၏ ကြီးမားသော အန္တရာယ်များဖြစ်ကြောင်း** ထင်ရှားလှ၏။

### ဘုရားကလည်း အကြိမ်ကြိမ် ထပ်ဟောဖွယ်ရှိ

ဓမ္မစကြာကို ဟောရာ၌ အရှင်ကောဏ္ဍညသ တစ်ပါးတည်းသာ သောတာပန်ဖြစ်ပြီး ကျန်လေးဦး မှာ တရားကို ဆက်အားထုတ်ကြရ၏။ သူတို့ နားမလည်သော အချက်များရှိလျှင် ပြန်လည်မေးကြမည်။ ဘုရားကလည်း သူတို့နားလည်သည့်တိုင် အထပ်ထပ်ပြန်လည် ရှင်းပြရမည်၊ ဟောရမည်။ ထိုသို့ အထပ်- ထပ် ဟောရလိမ့်မည် ဖြစ်ကြောင်းကိုလည်း မဟာစည်ဆရာတော်ကြီးက အောက်ပါအတိုင်း သူ၏ ဓမ္မစကြာတရားတော်ကြီး စာအုပ်တွင် အောက်ပါအတိုင်း သုံးသပ်ထား၏-

> မြတ်စွာဘုရားကလည်း သူတို့ပင်ပန်းအောင် အားထုတ်ခိုင်းမှာ မဟုတ်ပါဘူး။ တစ်ကြိမ်ဟောရုံနဲ့ သောတာပန်မဖြစ်သေးရင် နှစ်ကြိမ်ထပ်ပြီး ဟောဖွယ်ရှိပါတယ်။ ၂-ကြိမ်နဲ့ မဖြစ်သေးရင်လည်း ၃-ကြိမ် စသည်ဖြင့် ထပ်ထပ်ပြီး ဟောဖွယ်ရှိပါတယ်။
>
> (ဓမ္မစကြာတရားတော်ကြီး၊နှာ ၄၅၃။)

### ဘုရားရှင်နှင့်တကွ ရဟန္တာ ၆-ပါး

မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလဆုတ် ၅-ရက်နေ့တွင် မြတ်စွာဘုရားသည် ထိုရဟန်းငါးပါး တို့အား နေရာလည်းပြောင်း၊ တရားလည်းပြောင်းပြီး အနတ္တလက္ခဏသုတ်ကို ဟောတော်မူ၏။ ထိုတရား အဆုံး၌ ငါးပါးလုံး ရဟန္တာဖြစ်သွား၏။ ထိုအခါ လူ့ပြည်၌ ဘုရားနှင့်တကွ ရဟန္တာ ၆-ပါး ရှိလာ၏။

တေန ခေါ ပန သမယေန ဆ လောကေ အရဟန္တော ဟောန္တိ။ (ဝိနည်း မဟာဝါ၊၂၀။)

ဓမ္မစက္ကပဝတ္တနသုတ် လေ့လာချက် ပြီး၏။